
www.burmeseclassic.com




www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁ ၂၉၉၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁ ၂၅၈၀၉၀၉ |
| အဖုံး ဒီဇိုင်း | - | ဟိန်းမင်းဇော် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြ - ၀၃၉၀၀) |
| | | ဂ၈၊ ဒုထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မှဲရွှေပုံနှိပ်တိုက်) |
| | | (ဂ၀-၁)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းမြ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ ခုနှစ် အောက်တိုဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅·၈၃

ပြည့်ပိုင်မှူးအိမ်

ဂျင်းအင်္ကျီရောင်အချစ်ဓါးလေညဉ်းများ / ပြည့်ပိုင်မှူးအိမ်။ - ရန်ကုန် ၊

တော်ဝင်မြို့မစာပေ၊ ၂၀၀၉ ။

၁၄၄ - စာ ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) ဂျင်းအင်္ကျီရောင်အချစ်ဓါးလေညဉ်းများ

www.burmeseclassic.com



BURMESE CLASSIC

"မင်း တို့ကောင်တွေ မိန်းမမာယာ ဘယ်လောက်ရှိလဲ သိလား"

ဆရာကြီးအထာဖြင့် ဆိုသော သူ့စကားကြောင့် သကောင့်သားများက 'ဒါလေးများ အဆန်းလုပ်ပြီး မေးနေသေးတယ်' ဟူသော သဘောဖြင့် သူ့ကို မျက်မှုန်ကုတ်ကာ ဝိုင်း၍ကြည့်ကြသည်။

"ဒါလေးများကွာ . . . မိန်းမမာယာ သဲကိုးဖြာဆိုတာ ကလေး သွားမေးရင်တောင် သိတယ် . . ."

"ဒါဖြင့် . . . အဲဒီ့ သဲကိုးဖြာက ဘာတွေလဲဆိုတာ ပြောစမ်းပါဦး . . ."

"အင် . . ."

"ကလေး သွားမေးရင်တောင် သိတယ်"

ပိန်းမတို့ရဲ့
ပရိယာယ်
တစ်နည်းပြော
ရရင် လက်နက်
ပေါ့ကွာ . .
ရှစ်မျိုးရှိတယ်
လို့ဆိုတယ် . .



www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ကြွားကြွားဆိုသော လူဦးက သူ၏ တန်ပြန်အမေး ကြောင့် 'အင်' ခနဲဖြစ်ကာသွားသည်။

စောစောက သူ့ကို မျက်မှန်ကုတ်ကာဝိုင်းကြည့်နေကြသူများ ကိုပါ သူဝေ့ကာကြည့်ဖြစ်သည်။

ဘယ်သူကများ ထ၍ဖြေမည်လဲဟု . . .

"ကဲ . . . ဒါဖြင့် မင်းပဲ ဖြီးစမ်းပါဦး . . . အဲလေ . . ပြောစမ်းပါဦး . . ."

ထွန်းမောင်က စကားမှားသလိုလိုဖြင့် တမင်နှိပ်ကွပ်ရင်း သူ့ကိုဆိုသည်။

"အေးပေါ့လေ . . မသိတာကို မသိတဲ့အကြောင်း ဝန်ခံတဲ့ အနေနဲ့ ငါ့လိုဗဟုသုတ ဂျင်နရယ်နောလစ်ရှ် ပြည့်စုံတဲ့လူကို ဆည်း ကပ်ပြီး မေးမြန်းသမှုပြုလာတော့လည်း ဖြေရှင်းပြောကြားပေးရသေး တာပေါ့ . . ."

မျက်စိကိုစုံမှိတ်ကာ ကိုယ့်ကိုယ်ကိုယ် အမွှန်းတင်ပြီး သူတို့ကို နှိပ်ကွပ်လိုက်သော သူ့စကားအဆုံးမှာ ထွန်းမောင်က . . .

"အေးပါ . . ကိုဘဝင်ရူးရယ် . . တံတွေးစင်လွှန်းလို့ မြန်မာ လိုပဲ ပြောမှာသာ ပြောစမ်းပါ . . ."

ဟု နှိပ်ကွပ်သည်။

သူကတော့ မျက်နှာပြောင်သူပီပီ ဘယ်သူဘာပြောပြော မောရုံသာရှိမည်ဖြစ်သော ကြောင်တောင်တောင် ပြောင်တောင် တောင်မျက်နှာကို ဆရာကြီးစတိုင်လ်ဖမ်းကာ တည်ရင်း . . .

"အေး . . . မင်းတို့ရဲ့ ဗဟုသုတဉာဏ်လေးတစ်ထွာတစ်မိုက် နဲ့ မင်းတို့ပြောခဲ့သလို မိန်းမမာယာ သဲကိုးဖြာဆိုတာက ရှေးရှေး တုန်းက ပညာရှင်ကြီးတွေ စစ်တမ်းကောက်ပြီး စာရင်းပြုစုခဲ့တာကွ . . အခုက ဂလိုဘယ်လိုက်ဇေးရှင်း . . ."

ဇော်ဝင်းမြို့ မ စာ အုပ် တိုက်

www.burmeseclassic.com



"ဟော့ကောင် ဖြိုးတေဇ ဘိုလိုညှပ်ပြီး မပြောစမ်းနဲ့ကွာ . . တံတွေးစင်လွန်းလို့ . . ."

သူ့စကားမဆုံးခင်မှာပင် လှဦးက အလျှဉ်းသင့်တုန်း အခါအခွင့်ဆိုက်တုန်း ဝင်၍နှိပ်ကွပ်သည်။

"ဒီမှာ . . . လှဦး . . ."

"အေး . . . ပြော . . ."

"အင် . . . တာ . . . နေရှင်နယ် . . လူ့ယဉ်ကျေးမှုအရ ပြောလက်စစကားမဆုံးသေးခင်မှာ အဲဒီလိုဝင်ပြီး ဖြတ်ပြီးမပြောရဘူးဆိုတာ မင်းနားမလည်ဘူးလား . . . မင်း မသိဘူးလား . ."

"သိသားပဲ . . ကြည့်မရလို့ ဖြတ်ပြောတာ ဘာဖြစ်လဲကွာ"

သူ့စကားကို လှဦးကပဲ ပက်ခနဲ ပြန်၍ဆိုသည်။

"အေးလေ . . . ငါ့ဗဟုသုတဖြန့်ဝေပေးနေတာကို တစ်ပါးသောသူတွေသိမှာစိုးလို့ ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးပေမယ့်လည်း သူတော်ကောင်းထုံး နှလုံးမူပြီးတော့ ပေါ်စရာရှိတာ . . အဲလေ . . ပြောစရာရှိတာကိုတော့ ဆက်ပြောရမယ် . . အဲ . . စောစောက ငါ ပြောတာ ဘယ်ရောက်သွားပြီလဲ . . ."

"မိန်းမမာယာ သဲကိုးဖြာဆိုတာ ရှေးလူတွေရဲ့ သတ်မှတ်ချက်တဲ့ . . အဲဒီအထိ ရောက်ပြီ . . ."

ထွန်းမောင်က ဆောင့်ကြီးအောင့်ကြီးပင် ဝင်၍ထောက်သည်။

"လျှာမရှည်နဲ့ . . . ငါမှတ်မိတယ် . . ."

သူ့စကားကြောင့် ထွန်းမောင်မျက်နှာကြီး ရှုံ့မဲ့ကာသွားသည်။

"အောင်မာမာ . . . မေးလို့လည်းဖြေရသေးတယ် . . ခွေးကောင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"မေးတယ်ဆိုတာက ငါ မမှတ်မိလို့ မေးတာမဟုတ်ဘူး . . ငါ့ရဲ့စကားကို မင်းတို့ ဘယ်လောက်စိတ်ဝင်စားလဲဆိုတာ Chacking, Chacking လိုက်ကြည့်တာ . . . OK ပါတယ် . . မင်းတို့ကို ငါ ဆရာလုပ်ရကျိုးနပ်တယ်လို့ဆိုရမယ် . . မင်းတို့ ငါ့စကားတွေကို မှတ်မိနေတယ် . . . OK ရှေ့ဆက်ရအောင်"

တမင်ပင် ဆရာကြီးအထာဖမ်းနေသော သူ့စကားအဆုံးမှာ လှဦးက လူမိုက်အထာဖြင့် လက်ဆစ်ကိုတဖျောက်ဖျောက်ချိုးရင်း အံကြိတ်ကြိတ်ကာ ထွန်းမောင်ကို ကြည့်သည်။ ပြီး . . .

"ထွန်းမောင်ရေ . . ."

"ဘာလဲ သယ်ဂျင်း . . ."

"ဒီဝိုင်း သူရှင်းမယ်လို့ပြောထားလို့သာ . . ငါ အတော်ကြီး အောင့်အီးသည်းခံထားတာကွ . . အခု . . ငါ သည်းခံစိတ်တွေ အတော့်အတော်ကြီးကို ကုန်ခမ်းလာပြီကွ . . ဒီဝိုင်းကို ကိုယ့်ဘာသာ ကိုယ်ရှင်းပြီး ဒီကောင့်ကို ပါးပိတ်တီးလိုက်ရရင် မကောင်းဘူးလား"

"သိပ်ကောင်းတာပေါ့ကွာ . . လုပ်လိုက်လေ ကြာသလား လို့ . . ."

အတိုင်အဖောက်ညီနေသော သကောင့်သားနှစ်ကောင်ကို ကြည့်ပြီး သူ ခွီးခနဲ ရယ်ဖြစ်သည်။ ပြီး . . .

အခုနေ
ပိန်းပဟာယာ
ဘယ်နှစ်ခုရှိလဲ
မေးရင်
ပိုပိုလိုလို
သဲဆယ်ကြိမ်၊
ဆယ့်တစ်ကြိမ်လောက်
ပြောမှဖြစ်မယ်
. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့လား ငါ့ကို အာခံရဲမှာ . . ငါက သိုင်းလောကမှာ ကျင်လည်လာတာ ဆယ်နှစ်ကျော်ပြီ . . . ကွ . . မင်းတို့လို အနက်ရောင်သိုင်းသမားတွေကို ပျင်းသနားတယ် . . မှတ်ထား . . ."

သူ့စကားအဆုံးမှာ လှဦးက . . . 'အောင်မာမာ' ဟု ရေရွတ်ရင်း ဟက်ခနဲ ရယ်သည်။

"ကဲပါ . . ပေါကြောင်ကြောင်တွေ ပြောမနေနဲ့ . . မင်းရဲ့စကားကို ဆုံးအောင်ပဲ ဆက်ပြော . . ရှေးလူကြီးတွေပြောတဲ့ မိန်းမမာယာ သဲကိုးဖြာက ဘာပြုတယ် . . ."

ထွန်းမောင်က စကားကို အစပြန်ကောက်ပေးသည်။

"အေး . . . သူတို့စစ်တမ်းကောက်ခဲ့တဲ့ သဲကိုးဖြာက အခုဆို နောက်တစ်ဖြာလောက် ကိုးနေလောက်ပြီကွ . . အခုနေ မိန်းမမာယာ ဘယ်နှဖြာရှိလဲမေးရင် ပိုပိုလိုလို သဲဆယ်ဖြာ၊ ဆယ့်တစ်ဖြာလောက် ပြောမှဖြစ်မယ် . . . မင်းတို့ပဲ စဉ်းစားကြည့်လေ . . . အခုခေတ် ကောင်မလေးတွေက တော်တော်ကြီး တိုးတက်နေကြတာ မဟုတ်လား . . . နောက်ပြီး မိန်းမတွေရဲ့လက်နက် ဘယ်နှမျိုးရှိလဲ မင်းတို့သိလား . . ."

သူ၏စကားအဆုံးမှာ လှဦးတို့နှစ်ကောင်က အသီးသီးခေါင်းခါပြကြသည်။ သူက 'မင်းတို့ ဘယ်သိပါ့မလဲ' ဟူသော သဘောဖြင့် သကောင့်သားများကို အထက်စီးဆန်ဆန်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်ဖြစ်သည်။ ပြီး . . .

"အေး . . . ငါ အလွတ်ကျက်ထားတဲ့ အဲလေ . . ငါဖတ်ဖူး၊ မှတ်ဖူးတဲ့ ကျမ်းဂန်စာအုပ်တွေထဲမှာတော့ မိန်းမတို့ရဲ့ ပရိယာယ် . . . တစ်နည်းပြောရရင် လက်နက်ပေါ့ကွာ . . ရှစ်မျိုးရှိတယ်လို့ ဆိုတယ် . . ."

"အဲဒါက ဘာတွေလဲ မင်းသိလို့လား . . ."



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်မောင်က 'မင်းမသိဘူးမဟုတ်လား' ဆိုသောပုံစံဖြင့် ပညာစမ်းသလို ဟန်ဖြင့်မေးသည်။

"သိပ်သိတာပေါ့ကွာ . . ငါဆိုတဲ့ ဖြိုးတေဇရဲ့ ဗဟုသုတ စုံလင်မှုကို သိရဲ့သားနဲ့ မေးနေပြန်ပြီ . . အေး . . . အမေးရှိတော့ လည်း အဖြေရှိရတာပေါ့ . . . အဟမ်း . . ."

'အဟမ်း' ဟု ချောင်းဟန့်ရင်းဆိုသော သူ့စကားကြောင့် လှဦးတို့နှစ်ကောင်က သူ့ကိုပေစောင်းပေစောင်းဖြင့် ကြည့်ကြသည်။

"မိန်းမတို့ရဲ့ လက်နက်ရှစ်မျိုးက . . .

၁။ ပြုံးစိစိလုပ်ပြခြင်း

၂။ အသံထွက်အောင်ရယ်ပြခြင်း

၃။ ကြောက်ဟန်ဆောင်ခြင်း

၄။ ရှက်စနိုးဟန်ဆောင်ခြင်း

၅။ မပွင့်တပွင့်ပြောဆိုခြင်း

၆။ မျက်စောင်းထိုးခြင်း

၇။ ငိုပြခြင်း

၈။ ခနိုးခနဲ့ပြောခြင်း

တဲ့ မှတ်ထားကြ . . ."

သူ့စကားအဆုံးမှာ ထွဋ်မောင်တို့က ခေါင်းမညိတ်ချင်ညိတ် ချင်ဖြင့် ညိတ်ကြသည်။

"သူကနေ ထပ်ဆင့်ပေါက်ဖွားလာတဲ့ ဂျင်နရေးရှင်တွေ လည်း အခုလောက်ဆို အတော်များလောက်ပြီကွနော် . . ."

လှဦးက မေးစေ့ကိုပွတ်ရင်းက ဆိုသည်။

"ဒါပေါ့ . . ဝေးဝေးရှာနေစရာမလိုဘူး . . ရှေ့က ဖုန်းပြော နေတဲ့ကောင်မလေးကိုပဲ ကြည့် . . ငါတို့ဘက်ကိုကြည့်လိုက် . . ပဲ တွေများပြီး ခြေဟန်လက်ဟန်တွေနဲ့ စကားပြောလိုက်နဲ့လုပ်နေတယ် . .



www.burmeseclassic.com

www.burmeseclassic.com



ဒါ . . . စောစောက ငါပြောတဲ့အချက်တွေထဲက နံပါတ်အတော်များများနဲ့ အကျုံးဝင်နေတယ် . . ဟောကြည့် ငါတို့ဘက်ကို ကြည့်ပြီးတော့ လက်တောင်ပြနေလိုက်သေးတယ် . . . တွေ့လား"

သူ့စကားအဆုံးမှာ ထွဋ်မောင်တို့နှစ်ကောင်က သူ့အား ထောက်ခံသည့်အနေဖြင့် . . .

"အေးကွာ"

ဟုဆိုသည်။

"ဒီမှာ . . ."

"အမလေးဗျ . . . လန့်တာ . ."

ရုတ်တရက်ဆိုသလို သူတို့နောက်မှ ဆတ်ခနဲ ထအော်လိုက်သော အသံကြီးကြောင့် သူတို့သုံးကောင်သား လန့်သွားရသည်။

လှည့်ကြည့်လိုက်တော့ ကောင်မလေးနှစ်ယောက်ကို ဒေါသမျက်လုံးများဖြင့် တွေ့ရသည်။ ၎င်းနှစ်ယောက်အနက်မှ ကောင်မလေးတစ်ယောက်က ခါးပင်ထောက်ထားလိုက်သေးသည်။

"ဘာလဲကွ . . အလန့်တကြားနဲ့ . . ."

သူ ခပ်တည်တည်ပင် မျက်မှန်ကုတ်ကာ ခပ်ဆတ်ဆတ်ပင် ပြန်မေးဖြစ်သည်။

"ဘာမှ မလဲဘူး . . ရှင်တို့ တရားကိုလွန်တယ် . . ."

"ဟ . . . ဘလိုင်းကြီးပါလား . . ."

လှဦးက ခတ်ရှင်မင်းသားစတိုင်လ်ဖြင့် ပခုံးတွန့်ရင်းဆိုသည်။

"ဘာဘလိုင်းကြီးရမှာလဲ . . . ရှင်တို့စောစောကပြောနေတဲ့ လက်ပြနေတယ်ဆိုတဲ့ ကောင်မလေးက ရှင်တို့ကို လက်ပြနေတာ မဟုတ်ဘူး . . ရှင်တို့ရဲ့နောက်မှာ ရပ်နေတဲ့ ကျွန်မတို့ကို ပြနေတာ . . အရှက်လည်း မရှိဘူး . . ယောက်ျားကြီးတွေတန်မဲ့ ကွယ်ရာမှာ



www.burmeseclassic.com

www.burmeseclassic.com



အတင်းတုတ်နေကြတယ် . . ."

"လာပါ . . . ယွန်းရယ် . . . ပြောမနေပါနဲ့ . . ."

ခါးထောက်ကာ ကက်ကက်လန်အောင်ဆိုနေသော ဆတ်ဆတ်ကြဲမလေးကို သူမ၏သူငယ်ချင်းကောင်မလေးက လက်ဆွဲရင်းက ဆိုသည်။

"ဟုတ်ပါတယ် ယွန်းရယ် ပြောမနေပါနဲ့ . . ."

ခပ်တည်တည်ပင် 'ယွန်း' ဆိုသောကောင်မလေးကို သံယောင်လိုက်ကာ သူမ၏သူငယ်ချင်းပြောသလို သူ လိုက်ပြောဖြစ်သည်။

သူ့စကားအဆုံးမှာ ယွန်းဆိုသောကောင်မလေးက အူကြောင်ကြောင်ဖြစ်ကာသွားသည်။ ပြီးမှ ဒေါကန်ကန်ဖြင့် . . .

"ရှင်က ဘာကိစ္စ ဝါဝါပြောသလိုလိုက်ပြောနေရတာလဲ"

"ရုတ်တရက်ဆို ယောင်တတ်လို့"

"ဘာမှ မုန်လာဉလုပ်မနေနဲ့ . . . ရုပ်ကိုက ကြောင်တောင်တောင်နဲ့ . ."

"လာပါ ယွန်းရယ် . . . သွားရအောင် . . ."

"ဟုတ်ပါတယ် ယွန်းရယ် . . သွားတော့လေ . . အဲ . . ယောင်လို့နော် . ."

ယွန်းက စိုးရိမ်စိတ်တွေ ပြည့်နှက်နေတဲ့ မျက်လုံးနဲ့ ကြည့်နေရာက အထင်ကြီးလေးစားအားကိုးချင်တဲ့ အကြည့်တွေနဲ့ ရှိန်းလဲ့နွေးအောင် ကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



ယောင်လို့ . . .”

ဝါဝါဆိုသော ကောင်မလေး၏စကားအဆုံးမှာ ထွန်းမောင်ကပါ စောစောက သူရွတ်နောက်နောက်ဆိုသလိုမျိုး သံယောင်လိုက်ကာ ဆိုသည်။

ပြီး . . . တမင်ပင် ပြောင်ချော်ချော်ဖြင့် ‘ယောင်လို့ နော် . . ယောင်လို့’ ဟု စပ်ဖြီးဖြီးဆိုသည်။

“တောက် . . .”

ကောင်မလေးက ‘တက်’ ကို ခပ်မြင်းမြင်းခေါက်ရင်း ချာခနဲလှည့်ထွက်ကာသွားသည်၊ သူမ၏နောက်သို့ သူမ၏သူငယ်ချင်း ဝါဝါက ယောင်ပေ ယောင်ပေဖြင့် ကပ်လိုက်ကာသွားသည်။

“ဟာကောင် တေဇာ . . မျက်တောင်ပေါ့ဘာလေး ခတ်ဦး”

ထွန်းမောင်က ယွန်းဆိုသော ကောင်မလေး သွားရာဆီ လိုက်ငေးနေသော သူ့ကို ပခုံးပုတ်ရင်း ဆိုသည်။

“တောက် . . . တွေ့ဆုံမှုရဲ့အစက မလှဘူးကွာ . .”

ရုတ်တရက်ကြီးဆိုသော သူ့စကားအဆုံးမှာ လှဦးက . . .

“မင်းက ဘယ်လိုတွေ့ချင်လို့တုံး . . .”

ဟု ဆိုသည်။

“တကယ်ဖြစ်သင့်တာက ဓာတ်ရှင်တွေထဲမှာလို ယွန်းဆိုတဲ့ ကောင်မလေးက လမ်းလျှောက်နေ . . . အဲဒီ့အချိန်မှာ လူဆိုးရုပ်ပေါက်နေတဲ့ မင်းတို့နှစ်ကောင်က ယွန်းရဲ့ပိုက်ဆံအိတ်ကို လုပြေး . . အဲဒါကို ငါက တွေ့ . . နောက်ပြီးတော့ မင်းတို့နှစ်ယောက်ကို ငါက အဆင့်မြင့်သိုင်းကွက်တွေနဲ့ ချေမှုန်းတိုက်ခိုက် အနိုင်ရ . . .

အတုံးအရုံး အလူးအလိမ့် လဲနေတဲ့ မင်းတို့လက်ထဲက ယွန်းရဲ့ ပိုက်ဆံအိတ်လေးကို ဟန်ပါပါလှမ်းယူ. . ပြီးတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ရှိနေတဲ့ပုံစံနဲ့ ယွန်းဆီကို လျှောက်သွားပြီး ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အိတ်ကိုပြန်ပေး . . .

အဲဒီမှာ ယွန်းက စိုးရိမ်စိတ်တွေပြည့်နှက်နေတဲ့ မျက်လုံးနဲ့ ကြည့်နေရာက အထင်ကြီးလေးစား အားကိုးချင်တဲ့ အကြည့်တွေနဲ့ . . . ရွှန်းလဲ့နေအောင် ကြည့်ပြီး . . ."

"တော်ပါတော့ကွာ . . . မင်းဘက်က အရမ်းနစ်နာနေတဲ့ ဇာတ်ကွက်ကြီးကို ဆက်ပြောမနေပါနဲ့တော့ . . . ငါတို့ မင်းကို အားနာလို့ပါ . . ."

သူ့စကားမဆုံးခင်မှာပင် ထွန်းမောင်က ထိုသို့ ခပ်ထေ့ထေ့ ပင်ဆိုသည်။ သူကတော့ ခပ်တည်တည်ပင် စကားကို ဆက်ဖြစ်သည်။

"တယ်တော်တဲ့ လူပါလားဆိုပြီးတော့ အရည်လဲ့နေတဲ့ မျက်ဝန်းတွေနဲ့ ရွှန်း ရွှန်း . . စားစား ကြည့်ပြီးတော့ 'ဘာ . . . ဘာဖြစ်သွားသေးလဲဟင်' ဆိုပြီးတော့ အထစ်ထစ်အငေါ့ငေါ့နဲ့ မေးတယ် . . မေးဆို သူက ငါ့ရဲ့ခံ့ညားတဲ့သွင်ပြင် . . ဓာတ်ရှင်မင်းသားတစ်ယောက်ရဲ့အက်တင်တွေကိုကြည့်ပြီး ရင်ခုန်သွားရှာတာကိုး . . .

ဒီလိုနဲ့ပဲ တစ်စထက်တစ်စ ရင်းနှီးသွား . . အဲ . . နောက်ဆုံး ဇာတ်သိမ်းလည်းရောက်ရော . . ."

"မင်းက ကိုရီးယားကားတွေထဲကလို သွေးကင်ဆာနဲ့သေသွားတယ်ကွာ . . ကဲ . . ."

သူ့စကားပင်မဆုံးသေး . . လှဦးက . . သူ့ဇာတ်သိမ်းကိုဝင်ကာ အဆုံးသတ်ပေးသည်။ ၏

အားရပါးရပင်ဆိုရင်း . . 'ကဲ' ဟု အရသာရှိရှိ အဆုံးသတ်ပစ်သည်။

သူ ဘာမှမဆိုဖြစ်။

လှဦး၏စကားကို သဘောကျစွာပင် ရယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခေတ်မှာ . . ယောကျ်ားတွေရဲ့ မာယာက နင်တို့ပြောသလို မန်ကျည်းအပင်လေးဆယ် . . . ဘာညာ ဘာညာတွေမကတော့ဘူး . . ခေတ်နဲ့အပြိုင် တိုးတက်လာကြပြီ . . ငါတို့မိန်းမတွေကိုကျတော့ မာယာများသလေး ဘာလေးနဲ့ . . သူတို့ ယောကျ်ားတွေကမှ ရှေးတုန်းကဆို မာယာကို သင်ခန်းစာတစ်ခုအနေနဲ့ကို သင်ကြရတာ . . အခုလောက်ဆို သူတို့ရဲ့မာယာက မန်ကျည်းပင်လေးရာစာရှိရော့မယ်"

"ဟုတ်လား . . . "

သူမ၏ စကားအဆုံးမှာ ဝါဝါက 'ဟုတ်လား' ဟုဆိုသည်။ သင်းသင်းက . .

"ဆိုပါဦး"

> ယောကျ်ားတွေရဲ့ မာယာက နင်တို့ပြောသလို မန်ကျည်းအပင်လေးဆယ် . . . ဘာညာ ဘာညာတွေ မကတော့ဘူး . ခေတ်နဲ့အပြိုင် တိုးတက်လာကြပြီ



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားကိုထောက်သည်။

“နင်တို့လည်း ကြားဖူးတယ် မဟုတ်လား . . ရှေးတုန်းက မင်းညီမင်းသားတို့၊ ဘာတို့က တက္ကသိုလ်သွားပြီး အဋ္ဌာရသဆယ့်ရှစ်ရပ်ကို သင်ကြရတယ်ဆိုတာ . . အဲဒီ့ အဋ္ဌာရသဆယ့်ရှစ်ရပ်ထဲမှာ မာယာကလည်း ကိုးစ်တစ်ခုအနေနဲ့ ပါတယ် . . .”

“လုပ်ပါဦး . . အဲဒီ့ အဋ္ဌာရသ ဆယ့်ရှစ်ရပ်ကို . .”

သင်းသင်းက သူမ၏စကားကို ထောက်သည်။

“အစီအစဉ်တော့ ကျချင်မှကျမယ် . . ငါမှတ်မိသလောက် ပြန်ပြောပြရရင် . . .

၁။ အကြားအမြင်သုတအတတ်
၂။ မဗ္ဗသတ် တတ်ကျွမ်းမှုအတတ်
၃။ သင်္ချာဆိုင်ရာအတတ်
၄။ စူး၊ ဆောက်အစရှိတဲ့ ဗိသုကာအတတ်
၅။ လောကနီတိအတတ်
၆။ ယတြာအတတ်
၇။ ကဗျာ၊ လင်္ကာ၊ ဂီတ၊ ပညာအတတ်
၈။ လက်ပစ်အတတ်
၉။ လေးမြားအတတ်
၁၀။ စကားဟောင်း ရှေးကျမ်းဂန်အတတ်
၁၁။ ဆေးပညာအတတ်
၁၂။ ရယ်ရွှင်ဖွယ်အတတ်
၁၃။ ဗေဒင်အတတ်
၁၄။ လှည့်ပတ်ဖြားယောင်းတတ်သော မာယာအတတ်
၁၅။ ဆန်းကျမ်းအတတ်
၁၆။ သံတမန်အတတ်



www.burmeseclassic.com

www.burmeseclassic.com



၁၇။ မန္တန်အတတ်
၁၈။ သဒ္ဒါတတ်ကျွမ်းမှုအတတ် .....

ဆိုပြီးတော့ ဆယ့်ရှစ်ခုရှိတယ် .. ငါပြောပြတဲ့ အဲဒီ့မာယာ သင်ခန်းစာမှာကိုပဲ မာယာကိုးမျိုးကို ပြန်ခွဲထားသေးတယ် ..”

“ဟင် ... ရှုပ်လှချည်လား ...”

သူမ၏စကားအဆုံးမှာ ... ဝါဝါက နှာခေါင်းရှုံ့ရင်းဆိုသည်။

“ဒါဖြင့် အဲဒီ့ကိုးမျိုးကို ရှင်းပါဦးဟ”

သင်းသင်းက ဆုံးစံအတိုင်း စကားထောက်ပေးသည်။

“ငါ သိထားသလောက် ပြန်ပြောပြမယ် ... အဲ .. အစီအစဉ်ကတော့ ကျချင်မှကျမယ်နော် ...”

“ရပါတယ် .. အရေအတွက် ကိုးခုပြည့်ရင်ပြီးရော ..”

ဝါဝါက ဆရာမကြီးအထာဖြင့် ဆိုသည်။

“ယောကျ်ားမာယာ ကိုးမျိုးက ... နံပါတ်တစ်-အမျိုးဂုဏ်ကိုပြတတ်ခြင်း ... ငါ့အဖေက ဆရာဝန်ကြီး .. ကုမ္ပဏီပိုင်ရှင်ကြီး .. ဘာကြီးညာကြီး ... ငါ့ဦးလေးက ဘာ .. ငါ့အန်တီက နိုင်ငံခြားမှာ .. အဲဒါမျိုးတွေပေါ့ဟာ ..”

“ဒါကတော့ ငါတို့မိန်းကလေးတွေ

ရှေးတုန်းကဆို မာယာကို သင်ခန်းစာ တစ်ခုအနေနဲ့ကို သင်ကြရတော့ အခုလောက်ဆို သူတို့ရဲ့ မာယာတွေ မှန်ကျည်းပင် လေးတွေတော့ ရှိရောမယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြွားတတ်ကြတာ ပါပဲ . . ကဲ . . နံပါတ်နှစ်ကို လုပ်ပါဦး . ."

သင်းသင်းက လက်နှစ်ချောင်းကို ထောင်ရင်းဆိုသည်။

"နံပါတ်နှစ်က ပညာ၏ဂုဏ်ကိုပြတတ်ခြင်း . . အဲ . . ဒါက တော့ ရှင်းပါတယ် . . နံပါတ်သုံးက ပစ္စည်း၏ဂုဏ်ကို ပြတတ်ခြင်း တဲ့ . . ."

"နင်ပြောသမျှတွေအားလုံးနဲ့ ငါတို့သင်တန်းက ကြွားတွေ နဲ့က တစ်ထပ်တည်းပဲ . . ."

ဝါဝါက ခေါင်းကိုညိတ်ရင်းကဆိုသည်။

"ကဲ . . . ဆက်ပါဦး . . ."

ဟု သင်းသင်းကဆိုသည်။

"နံပါတ်လေး . . ဝမ်းနည်းဝမ်းသာ ပြတတ်ခြင်း၊ နံပါတ်ငါး . . . အစဉ်မပြတ် နောက်ယောင်ခံခြင်း . . ."

"မှန်လိုက်လေ ယွန်းရယ် . . ကဲ . . နံပါတ်ခြောက် ဆက်ပါ ဦး . . ."

သင်းသင်းက အံကြိတ်ကာပြောင်ချော်ချော်ဖြင့်ဆိုသည်။

"နံပါတ်ခြောက်က မြှောက်ပင့်ချီးမွမ်းတတ်ခြင်းတဲ့ . ."

"ဟင် . . . ဒါဖြင့် ဟိုကောင် ငါ့ကို ဒီနေ့ပိုလှလာတယ်လို့ နေ့တိုင်း ဖုန်းဆက်ဆက်နေတာတွေက မာယာတွေပေါ့ . . ဒါပေမယ့် ငါက တကယ့် တကယ်ကြီးလှနေတာဆိုတော့လည်း အမှန်အတိုင်း ချီးမွမ်းတာလည်း ဖြစ်မှာပါ . . . ကဲ ကဲ . . နံပါတ်ခုနစ်ကိုဆက်ပါ ဦး . . ."

ဝါဝါက ရွတ်နောက်နောက်ဆိုသည်မို့ သူမ ပြုံးဖြစ်သည်။

"နံပါတ်ခုနစ်က အဝတ်အစားပြောင်းလဲ ဝတ်ဆင်တတ် ခြင်းတဲ့ . . ."

သူမ၏စကားအဆုံးမှာ သင်းသင်းက ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချက်ကိုတော့ ငါ သိပ်သဘောမကျဘူး . . နင်တို့ပဲ စဉ်းစားကြည့် . . လူပဲ အဝတ်အစားမလဲလို့ရမလား . . ပေနေရင်လည်း ဒီအတိုင်း ဆက်ဝတ်ရမှာလား . . ."

"အာ . . . သင်းသင်း နင်ကလည်း ဒုံးဝေးလိုက်တာဟာ . . တစ်နေ့တည်းနဲ့ Show ထုတ်ချင်လို့ အဝတ်အစားသုံးလေးစုံလဲတဲ့လူတွေကို ပြောတာနေမှာပေါ့ဟ . . ဥပမာ ဓာတ်ရှင်မင်းသားလို လူတွေပေါ့ . ."

"ဘယ်ကလာ ဝါဝါရယ် . . သူတို့က အလုပ်သဘောအရ လဲရတာပါ . . အဲဒီလိုပြောလို့တော့ ဘယ်ရမလဲ . . ကဲပါ . . အဲဒါ အသာထား . . ယွန်း . . . နံပါတ်ရှစ်နဲ့ကိုးကို ဆက်ဦး . . ."

တစ်ယောက်တစ်ပေါက် ငြင်းနေသော ဝါဝါတို့နှစ်ယောက်ကိုကြည့်ရင်း သူမ ပြုံးဖြစ်သည်။

"နံပါတ်ရှစ်က ကိုယ်ကာယ တောင့်တင်းကျန်းမာမှုကို ပြတတ်ခြင်း . . . နံပါတ်ကိုးက အစားအသောက်လက်ဆောင်များ ပေးကမ်းခြင်းတဲ့ . . . ငါပြောတဲ့ ကိုးချက်က ရိုးရိုးသားသားလုပ်တာ မျိုးကို ပြောတာမဟုတ်ဘူးနော် . . မရိုးမသားလုပ်တာမျိုးကို ပြောတာ . . .

ဥပမာ . . အစားအသောက် လက်

ငါက ယောကျ်ားတွေကို အထင်မကြီးတာ မဟုတ်ဘူး . . . အထင်ကြီးစရာ ယောကျ်ားလေးကို မတွေ့တာ . . .

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးတယ်ဆိုပါစို့ . . ရိုးရိုးပေးတာနဲ့ ဆန်းဆန်းပေးတာက ကွာပါတယ် . . ဟုတ်တယ် မဟုတ်လား . . ."

သူမ၏စကားကို သင်းသင်းတို့နှစ်ယောက် ခေါင်းညိတ်သည်။ ဝါဝါက . . .

"အင်း . . နင်က ယောကျ်ားတွေကို နင်သိထားသမျှ ပေတံကြီးတွေနဲ့ တိုင်းတိုင်းနေတယ်နဲ့တူတယ် . . နင် ဘာဖြစ်လို့ ယောကျ်ားလေးသူငယ်ချင်း ရှားလဲဆိုတာ ငါသိပြီ . . နင်က ယောကျ်ားတွေကို အထင်မှမကြီးတာကိုး . . ."

"မှားတယ် ဝါဝါ . . ငါက ယောကျ်ားတွေကို အထင်မကြီးတာမဟုတ်ဘူး . . အထင်ကြီးစရာ ယောကျ်ားလေးကို မတွေ့တာ"

သူမစကားကြောင့် ဝါဝါက ပခုံးတွန့်သည်။

ပြီး တစ်နေရာ ကိုကြည့်ကာ မျက်လုံးပြူးရင်း သူမတို့နှစ်ဦးကို 'ကြည့်ပါဦး' ဆိုသည့် သဘောဖြင့် မေးငေါ့ပြသည်။

ဝါဝါ မေးငေါ့ပြရာဆီကြည့်လိုက်တော့ ဟိုတစ်နေ့က သူမကို လှောင်လွှတ်လိုက်သော မျက်နှာပြောင်ချော်ချော်နှင့်လူကို သူ့ဘော်ဒါများနှင့် သူမ တွေ့လိုက်ရသည်။

"လူက ရွတ်နောက်နောက်နေလို့သာ ခပ်တည်တည်နေရင် လုံးဝ မင်းသားပဲ . . ."

ဝါဝါက ချီးမွမ်းခန်းဖွင့်သည်။

"ရုပ်ဖြောင့်တာ မဖြောင့်တာတော့ မသိဘူး . . လူကတော့ မျက်နှာရှူး . . ဟိုနေ့က ကိစ္စမှာပဲကြည့် . . ကြောင်တောင်တောင်နဲ့ ကြည့်လို့ကို မရဘူး . . ."

"မကြည့်ချင်လည်း မရဘူး ယွန်းရေ . . ဒီသင်တန်းတက်နေသရွေ့ ဒီလူနဲ့ဆုံနေမှာပဲ . . သူလည်း ငါတို့လိုပဲ သင်တန်းတက်နေတာ . . တစ်ခန်းတည်း ဖြစ်မနေတာကိုပဲ ကျေးဇူးတင် . . ."



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဆိုလာသော သင်းသင်းကို သူမ ကြည့်ဖြစ်သည်။ ပြီး . . .

"သူ ဒီသင်တန်းတက်နေမှန်း နင်ဘယ်လိုလုပ်သိလဲ . ."

"ဒီလိုပဲ စုံစမ်းထားတာ . . ."

"ဘာရယ် . . . စုံစမ်းထားတာ . . ဒီလို အူကြောင်ကြောင်ရဲ့အကြောင်းကိုများ နင်မို့လို့ စုံစမ်းတယ် သင်းသင်းရယ် . . အလကား ရှုပ်ရှုပ်ယှက်ယှက် . . ."

သူမ၏အပြစ်တင်စကားကြောင့် သင်းသင်းက လျှာတစ်လစ်ဖြင့် ဇက်ကိုပုသည်။

ပြီး . . .

"အဟီး . . . တမင်စုံစမ်းတာတော့ မဟုတ်ဘူးပေါ့ဟာ . . ရုပ်ကလည်းဖြောင့် . . . စီးလာတဲ့ကားကလည်း မိုက်တော့ တခြားကောင်မလေးတွေနဲ့ စကားစပ်မိရင်းက သိတာ . . နာမည်တောင်ပြောပြရဦးမလား . . ."

"ပြောပြမနေနဲ့ . . . မသိချင်ဘူး . . ."

လက်ခါပြရင်း သူမ ဆိုဖြစ်သော်လည်း သင်းသင်းက . . .

"ဖြိုးတေဇတဲ့ . . . ယွန်းရဲ့ . . ."

ဟု ဆိုဖြစ်အောင် ဆိုသည်။ ဝါဝါက . . .

"နာမည်ကလည်း မိုက်သားပဲ . . ."

ဟုဆိုသည်ကို သူမကတော့ နှာခေါင်းရှုံ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**If a woman speaks two words,**
**take one and leave the other.**

မိန်းမတစ်ယောက် စကားနှစ်ခွန်းဆိုလျှင်
တစ်ခွန်းကို လက်ခံယူ၍ တစ်ခွန်းကိုကား ပယ်ပါ။

**African Proverb.**

www.burmeseclassic.com

"အဲဒီ စကားပုံကို . . ငါထောက်ခံတယ် တော့"

သူရွတ်ပြသောစကားပုံကို ထွဋ်မောင်က ထိုသို့အားပါက် သရောဆိုရင်း ထောက်ခံသည်။

"ဘာဖြစ်လို့ ထောက်ခံတာတုံး . ."

လှဦးက မျက်ခုံးပင့်ရင်း ထွဋ်မောင်ကိုမေးသည်။ ထွဋ်မောင်က . . . .

"ငါအရင် ရည်းစားနဲ့တုန်းက အဲဒီ့စကားပုံလိုပဲ ကျင့်သုံးခဲ့တာကွ . . . ဥပမာကွာ . . ကောင်မလေးက 'ကို့ကိုလက်ဆောင်

ကောင်မလေးက
'ကို့ကိုလက်ဆောင်
တစ်ခုဝယ်လာ
ပေးမယ် . . .
ညီမကိုလည်း
လက်ဆောင်
တစ်ခုခု
ပြန်ဝယ်ပေး'

www.burmeseclassic.com



တစ်ခုဝယ်လာပေးမယ် . . . ညီမကိုလည်း လက်ဆောင်တစ်ခုခုပြန်ဝယ်ပေး' လို့ပြောလာခဲ့ရင် ပထမတစ်ခုကို လက်ခံပြီး ဒုတိယ တစ်ခုကို ပယ်လိုက်တယ် . . . အဲဒီ့လို . . ." .

"ဒါတော့ မင်းအကျင့်မကောင်းတာပေါ့ . . . သူများပေးတာကျတော့ယူပြီး ကိုယ်ကကျတော့ ပြန်မပေးဘူး . . အဲဒါကြောင့်လည်း ဟိုက ထားခဲ့တာနေမှာ . . ."

လှဦးက အခွင့်အရေးရတုန်း ထွင့်မောင်ကို နှိပ်ကွပ်လိုက်သည်မို့ ထွင့်မောင်တစ်ကောင် ငြိမ်ကျသွားသည်။

"ကိုယ်က လက်ဆောင်ပေးရဲ့သားနဲ့ သူက ပြန်မပေးလို့ အရှုံးအမြတ်တွက်ပြီး ဖြတ်သွားရင်တော့လည်း ကောင်းတာပေါ့ကွာ . . စောစောစီးစီးမပတ်သက်ဖြစ်တော့တာ ကောင်းတယ် . . . မိန်းကလေးတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က ဒီလိုပါပဲကွာ . . . အချစ်စစ်နဲ့မဟုတ်ဘဲ စီးပွားတွက်တွက်ပြီး ရည်းစားထားကြတာများတယ်"

သူ့စကားအဆုံးမှာ လှဦးက ခေါင်းခါသည်။

"ဒီလိုလည်း မဟုတ်သေးဘူးလေ တေဇရ . . . မိန်းကလေးတွေလည်း သချာတတ်တာပဲ တွက်မှာပေါ့ . . . တစ်ဘဝလုံးနဲ့ဆိုင်တဲ့ကိစ္စမှာ သူ့ဘက်ကိုယ့်ဘက်ကတော့ တွက်မှာပဲ . . ဒါ မဆန်းပါဘူး . . သူတို့တွက်တာက ပစ္စည်းဉစ္စာထက် ရည်းစားတစ်ယောက်ရဲ့ ယုယမှု၊ ဂရုစိုက်မှုကို ပိုလိုချင်ကြတာပေါ့ . . ."

လှဦး၏စကားကို သူ ဟက်ခနဲ ရယ်ဖြစ်သည်။

"အေး . . . ငါကတော့ ဒီကနေ့အထိ မင်းပြောတဲ့ ကောင်မလေးမျိုး မကြုံဖူးသေးဘူး . . "

"ဘယ်ကြုံမလဲ . . မင်းရည်းစားထားဖို့ တိုင်းတဲ့ပေတံမှာ သံသယတွေပါနေတာကိုး . . . ဒီတော့လည်း တွေ့သမျှအပြစ်တွေ ချည်းမြင်ပြီး ရည်းစားတစ်ယောက်မှ မထားဖြစ်တာ . . ."

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



လှဦး၏စကားက ဟုတ်သလိုလိုရှိသည်မို့ သူဘာမှပြန်မပြော ဖြစ်။ လမ်းကိုသာ ခပ်သွက်သွက်လျှောက်ဖြစ်သည်။

ထိုစဉ်မှာပင် စားပွဲမှထသွားသောကောင်မလေးများကို ဘာ ရယ်မဟုတ် လိုက်ကြည့်ဖြစ်သည်။ မမှတ်မိစရာအကြောင်းတော့မရှိ။ ရှပ်ကလေးက ချစ်စရာကောင်းရက်နှင့် စွာတေးလန်နေသော ဟို တစ်နေ့က ယွန်းဆိုသော ကောင်မလေး။ သူမတို့အုပ်စုက သူတို့ကို မမြင်။

သူမတို့ထသွားသောဝိုင်းမှာပဲ သူတို့ဝင်ထိုင်ဖြစ်သည်။

"ဟာ . . . ဒီမှာ ဖုန်းကျန်ခဲ့ပါလား . . ."

ထိုင်ထိုင်ချင်းမှာတွေ့ရသော စားပွဲပေါ်မှဖုန်းကို သူကောက် ကိုင်ရင်း ရေရွတ်ဖြစ်သည်။

ဖုန်းမှာ တွဲလောင်းကျနေသည့် Yoon ဆိုသော Key Change ကိုကြည့်ပြီး ယွန်းဆိုသော စွာကျယ်မလေး၏ ဖုန်းမှန်း သူ သိလိုက်ရသည်။ 'အဲဒီမှာ စတွေ့တာပဲ' ဟု သူတွေးရင်း ပြုံးဖြစ် သည်။

"ဟို အာကျယ်မလေး ဖုန်းကွ . . ."

"ဘာလဲ မင်းက ဇာတ်လမ်းရှာမလို့လား . . တေဇ"

လှဦးက ပြုံးစိစိဖြင့် သူ့ကိုမေးသည်။ သူ ခေါင်းခါပြဖြစ် သည်။

"ဟင့်အင်း ပြဿနာရှာမလို့ . . . အပျင်းပြေပေါ့ကွာ . . ကဲ . . ကဲ . . . အမြန်ဝိုင်းပြောင်းရအောင် . . ."

သူ့စကားအဆုံးမှာ ချက်ဆိုနားဘက်က မီးတောက်နေသော ထွင့်မောင်တို့နှစ်ကောင်က ဘေးတိုက်မှဝိုင်းကို ပြောင်း၍ထိုင်သည်။ ယွန်း ဖုန်း၏ပါဝါကို သူ ပိတ်ပစ်လိုက်သည်။

"အခုထိ သူ့ဖုန်းပျောက်နေတာ သိပုံမရဘူး . ."



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ တစ်ယောက်မှပေါ်မလာသောအခါ လှဦးက ဘေးဘီကို ကြည့်ရင်းဆိုသည်။

ထိုစဉ်မှာပင် ပျာယီးပျာယာဖြင့် သူမတို့အုပ်စုရောက်လာ ကြသည်။ ဆိုင်မှာ လူရှင်းနေပြီး သူမတို့ထိုင်သွားသော ခုံ၏ဘေးမှာ သူတို့ဝိုင်းနှင့် အခြားတစ်ဝိုင်း နှစ်ဝိုင်းသာရှိသည်။

သူမတို့က သူမတို့ထိုင်ခဲ့သော ဝိုင်းနှင့်အနီးဆုံးဝိုင်းမှာ ထိုင်နေသော သူတို့ဝိုင်းရှိရာကို စူးစမ်းသလိုကြည့်သည်။

ထိုအုပ်စုထဲမှာမှ ဝါဝါဆိုသော .. ကောင်မလေးက အနားမှဖြတ်သွားသော, စားပွဲထိုးအား ....

"ဟို ... ဒီ ... ဝိုင်းမှာလေ ... ဖုန်းကျန်ခဲ့လို့ တွေ့မိသေးလား ..."

"မတွေ့မိဘူး .. ခင်ဗျ ..."

စားပွဲထိုးက ခေါင်းခါရင်း ဖြေသည်။

"ဒုက္ခပါပဲဟယ် ... Hand Set က ဝယ်ထားတာတောင် မကြာသေးဘူး ..."

သူမက ခေါင်းကိုကုတ်ရင်း မျက်နှာငယ်လေးဖြင့်ဆိုသည်။

"အဟမ်း .. အဟမ်း .. ညီလေးရေ .. အစ်ကိုတို့ ဖုန်းတစ်လုံးကောက်ရထားတယ်ကွာ ... လာစုံစမ်းတဲ့လူရှိရင် ကိုယ်တို့

ကျွန်ုပ်ရဲ့ဖုန်းပါလို့
ပြောရုံနဲ့
ထုတ်ပေးလိုက်ရင်
ကျွန်ုပ်ဖုန်းပါလို့
ပြောတဲ့လူ
ဆယ်ယောက်လာရင်
ကောက်ရတဲ့လူက
ကြားထဲကနေ
ကိုးလုံး
စိုက်နေရမှာပေါ့ကွ

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆီလွှတ်လိုက် . . .”

ခပ်လှမ်းလှမ်းမှနေ သူမတို့ဆိုနေသောစကားတို့ကို ကြားသော်လည်း တမင်ပင်မကြားယောင်ပြုကာ စားပွဲဝိုင်းတစ်ဝိုင်းကို သန့်ရှင်းရေး လုပ်နေသော စားပွဲထိုးအား အသံကိုမြှင့်ပြီး သူ လှမ်းအော်ဖြစ်သည်။

သူ့အသံအဆုံးမှာ သူမတို့အုပ်စုက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်သည်။

ပြီး သူတို့ဝိုင်းရှိရာကို ဆတ်တောက် ဆတ်တောက်ဖြင့် လျှောက်လာကြသည်။

“ဒီမှာ ဒီက ကောက်ရထားတယ်ဆိုတဲ့ဖုန်းကလေ . . . အဲဒါ . . သူ့ဖုန်း . . .”

ဝါဝါဆိုသော ကောင်မလေးက သူ့ကိုစိုက်ကြည့်ရင်းဆိုသည်။

သူမကတော့ သူ့ကို ကောင်းကောင်းကြီးမှတ်မိနေ၍ လားတော့မသိ . . . တစ်ဖက်ကို မျက်နှာလွှဲထားသည်။

“ကိုယ် စောစောက စားပွဲထိုးကို လှမ်းအော်လိုက်တာ ကြားလို့ရောက်လာတာ ထင်တယ် . .”

“ဟုတ်တယ် . . . ဟုတ်တယ် . . .”

သူ့စကားအဆုံးမှာ ဝါဝါက ခေါင်းတဆတ်ဆတ်ညိတ်ရင်းဆိုသည်။

“ဒါပေမယ့် ကိုယ်ကောက်ရထားတဲ့ ဖုန်းပိုင်ရှင် ဟုတ်လား . . မဟုတ်လား မသိဘဲနဲ့ ကိုယ်က ပြန်မပေးနိုင်ဘူး . . .”

“ဘာပြောတယ် . . .”

သူ့စကားအဆုံးမှာ တစ်ချိန်လုံးနှုတ်ပိတ်နေသော သူမက နီမြန်းသောမျက်နှာဖြင့် ခပ်ဆောင့်ဆောင့်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး တစ်လက်စတည်းပင် . . .

"ရှင်ပြောတဲ့ပုံစံက ကျွန်မတို့ကပဲ ကိုယ်ဖုန်းမဟုတ်ဘဲနဲ့ လာတောင်းနေတဲ့ အတိုင်းပဲ . . . ကျွန်မတိုက လူလိမ်မဟုတ်ဘူး . . . နားလည်လား . . ."

သူမ၏စကားကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။

"သူခိုးက ခိုးပါတယ်လို့ မပြောသလို လူလိမ်ကလည်း သူကိုယ်သူ လူလိမ်ပါလို့ ဘယ်ပြောမလဲ . . လူလိမ်ဆိုတာ ချိုပေါက် နေတာမှမဟုတ်တာ . . ."

"ဘာ . . ."

သူမက ဒေါသတကြီးဖြင့် 'ဘာ' ဟု ရေရွတ်သည်။

> ဒီ Hand Set ကို လိုချင်လွန်းလို့ အိုင်က ဝယ်ပေးတဲ့ကြားက ငါ့ဆီက သုံးသိန်း .. သင်းသင့်ဆီက သုံးသိန်း . . . ငွေ

"မင်းရဲ့ဖုန်းပါဆိုရင်လည်း ဖုန်း အမျိုးအစားရယ်၊ ဖုန်းမှာပါတဲ့ အမှတ်အသားပါခဲ့တယ်ဆိုရင် အဲဒီအမှတ်အသားကို ပြောမှပေါ့ . . . ဒီအတိုင်းကြီး ကျွန်မရဲ့ဖုန်းပါလို့ ပြောရုံနဲ့ထုတ်ပေးလိုက်ရင် ကျွန်မဖုန်းပါလို့ ပြောတဲ့လူ ဆယ်ယောက်လာရင် ကောက်ရတဲ့လူက ကြားထဲကနေ ကိုးလုံးစိုက်နေရမှာပေါ့ ကွ . . ."

"ရှင် . . . ရှင် . . ."

သူ၏ ကပ်တီးကပ်ဖဲ့အဆိုကြောင့် သူမဒေါကန်ကန်ဖြင့် 'ရှင်' ဟုဆိုပြီး စကား



www.burmeseclassic.com

www.burmeseclassic.com



မဆိုနိုင်ဘဲ မျက်နှာကြီးနီကာနေသည်။

"ဪ . . . သူ့ဖုန်းကလေ . . . Nokia အမျိုးအစားပါ . . Hand Set ရဲ့ Model က . . N 97 အနက်ရောင်ကလေး . . ."

ဝါဝါဆိုသော ကောင်မလေးက ဘေးမှနေဝင်၍ ပျာပျာသလဲပင် ဆိုသည်။

"အင်း . . . ဖုန်း Model ရော၊ ဖုန်းအရောင်ပါ မှန်ပါတယ် . . . ဒါပေမယ့် ဖုန်းမှာပါတဲ့ အမှတ်အသားရှိလား . . ."

သူ့အမေးကို သူမက မဖြေ။ သူ့ကိုသာ ခပ်စူးစူးစိုက်ကြည့်ကာနေသည်။

ဝါဝါဆိုသော ကောင်မလေးကပင် . . .

"ရှိတယ် . . . ရှိတယ် . . . Yoon ယွန်းဆိုတဲ့ အင်္ဂလိပ်စာလုံးပါတဲ့ Key Change တပ်ထားတယ် . . ."

ဝါဝါ၏စကားအဆုံးမှာ သူ ခေါင်းကိုညိတ်ပြဖြစ်သည်။

"မှန်ပါတယ် . . . Hand Set ရဲ့ Model ရော၊ အရောင်ရော . . Key Change ရော အကုန်မှန်တယ် . . . ဒါပေမယ့် . ."

"ဒီမှာ . . ဒါပေမယ့်တွေ ဘာတွေလုပ်မနေနဲ့ . . ပိုင်ရှင်မှန်းလည်း သိနေပြီပဲ ပေးလိုက်တော့ပေါ့ . . . အခု ပြန်မပေးချင်လို့ . . တမင်ရစ်နေတာ မဟုတ်လား . . မပေးချင်ရင်လည်း မပေးဘူးလို့ ပြောင်ပဲပြောလိုက် . . ."

သူ့စကားမဆုံးခင်မှာ သူမက ဆောင့်ကြီးအောင့်ကြီး ဝိုသည်။

"ဟဲ့ . . . ယွန်း ဘယ်လိုပြောလိုက်တာလဲ . . သူမေးတာလည်း မမှားဘူးလေဟာ . . . နင်ကလည်း . . ."

"အလကားပါဟာ . . . မပေးချင်လို့ ရစ်နေတာ . . မပေးချင်လည်း နေပလေ့စေ . . ."



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဘယ်လိုနေလို့ရမလဲ . . နင်ပဲ ဒီ Hand Set ကို လိုချင်လွန်းလို့ အိမ်ကဝယ်မပေးတဲ့ကြားက ငါ့ဆီက သုံးသိန်း . . သင်းသင်းဆီက သုံးသိန်း . . . ချေး . . ပြီး . . . တော့ . . ."

"ဝါဝါ . . . နင် ငါ့ကို အရှက်ခွဲနေတာလား . . ."

ဝါဝါဆိုသော ကောင်မလေး၏ အူကြောင်ကြောင်နှင့်ဆိုသောစကားမဆုံးခင်မှာပင် သူမက နီမြန်းနေသော ရှက်ဝဲဝဲမျက်နှာဖြင့် အာခေါင်ခြစ်ကာ အော်သည်။

ထိုအခါမှ ဝါဝါက . . .

"အေး . . . ဟုတ်သားပဲ . . . ငါ ဘာတွေပြောနေပါလိမ့်"

ဟု ခေါင်းကုတ်ရင်း ရေရွတ်သည်။

"နင်တို့ ငါ့ပိုက်ဆံကို သိန်းဆယ်နဲ့ချေးတုန်းက ဘယ်သူမှ မသိလိုက်ကြဘူး . . နင်တို့ပိုက်ဆံလေး သုံးသိန်းလောက် ယူမိကာမှ တစ်ကမ္ဘာလုံး သိတော့မယ် . . ဒက်ပြီ သွားတော့မယ် . . ."

အသားကုန်ရှက်နေသော မျက်နှာဖြင့် ချာခနဲ သူမ လှည့်ထွက်ကာသွားသည်။

"ယွန်း . . . ယွန်း . . ."

သင်းသင်းဟု စောစောကမှ သိလိုက်ရသောကောင်မလေးက သူမနာမည်ကိုခေါ်ရင်း လိုက်သွားသည်။ ဝါဝါဆိုသော ကောင်မလေးကတော့ ခေါင်းကိုကုတ်ရင်း သူတို့ဝိုင်းနားမှာ ကျန်ခဲ့သည်။

"ဒီမှာ ရှင်တို့ဖုန်းကို ပြန်ပေးမှာလား . . မပေးဘူးလား . . ရှင်တို့လုပ်တာနဲ့ ရှုပ်ကုန်ပြီ . . ."

"ပေးမှာပါ . . . ရော့ . . . ရော့ . . ."

သူမတို့သူငယ်ချင်းတစ်စု၏ ကလေးဆန်မှုတို့ကို ကြည့်ပြီး သူ ရယ်ချင်ပက်ကျိနှင့်ပင် ဖုန်းကို ပြန်ပေးလိုက်သည်။

"စောစောကတည်းက ပေးလည်းရရဲ့သားနဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် ဝါဝါက ဆတ်တောက် ဆတ်တောက်ဖြင့် ထွက်ကာသွားသည်။

"ဟော့ ... ကျေးဇူးတင်စကားလေး တောင် မပြောတော့ဘူးလား ..."

လှဦးက နောက်မှနေလိုက်အော်သည်။ ဝါဝါက ဆတ်ခနဲလှည့်ပြီး မျက်စောင်းထိုးကာ ပွစိပွစိရွတ်ပြီး ဘောက်ဆတ် ဘောက်ဆတ်ဖြင့် ထွက်ကာသွားသည်။

ဘာရယ်မဟုတ် သူတို့သုံးကောင်သား ရယ်ဖြစ်ကြသည်။

နှင်းတို့
ငုံ့ပိုက်ဆဲကို
သိမ်းဆယ်ခဲ့
ချေးတုန်းက
ဘယ်သူမှ
မသိလိုက်ကြဘူး
နှင်းတို့ပိုက်ဆံလေး
သုံးသိမ်းလောက်
ယူမိကာမှ
တစ်ကမ္ဘာလုံး
သိတော့မယ်
..

www.burmeseclassic.com

www.burmeseclassic.com



နောက်

တစ်ခေါက် သူမနှင့်ဘုကျဖို့ ဆုံလာခဲ့သည်က ယုဇနပလာဇာမှာ ဖြစ်သည်။ အမျိုးသားဝတ်ရော၊ အမျိုးသမီးဝတ်ပါ ရနိုင်သော ဖက်ရှင်ဆိုင်တစ်ဆိုင်မှာ သူမက အင်္ကျီတစ်ထည်ကို ကြည့်ကာနေသည်။

ဘာရယ်မဟုတ် သူမကိုမြင်သည်နှင့် သူ အသည်းအသန် စချင်လာသည်။ သူ ကြည့်နေစဉ်မှာပင် သူမက ဖျတ်ခနဲ လှည့်အကြည့်နှင့် အကြည့်ချင်းဆုံသည်။

သို့သော် သူမက တည်ခနဲဖြစ်သွားပြီး ဆတ်ခနဲ မျက်စောင်းထိုးကာ မမြင်ချင်

ငါ့ကို
ဘလိုင်းကြီး
မျက်စောင်း
ထိုးသွားတာ . .
ဒါ တမင်
စိမ်ကြည့်တာကွ
ရှောင်သွားရင်
ကိုယ်ညံ့ရာ
ကျသွားမှာပေါ့
○ . . .



www.burmeseclassic.com

သလိုပုံစံ လုပ်ကာသွားသည်။

ထို့ကြောင့်ပင် သူမကို သူ ပို၍စချင်လာသည်။ သူမနှင့် မလှမ်းမကမ်းမှာ သူမ၏ သူငယ်ချင်းများဖြစ်သော ဝါဝါနှင့်သင်းသင်း တို့ရှိနေကြသည်။

သူ့ဘေးမှာတော့ ထွဋ်မောင်တစ်ဦး တည်းသာပါသည်။ လှဦးက အလှူတစ်ခုသွား နေသည်မို့ ပါမလာခဲ့။

"လာ . . . ဟေ့ကောင် . . အဲဒီ ကလေးမကို ပညာပေးရအောင် . . ."

"အာ . . ဘာဖြစ်လို့လဲကွ . . သူ့ ဘာသာသူ နေစမ်းပါစေ"

သူ့အဆိုကို ထွဋ်မောင်က ငြင်းသည်။

"မင်းစောစောက မတွေ့ဘူးလား . . ငါ့ကို ဘလိုင်းကြီး မျက်စောင်းထိုးသွားတာ . . . ဒါ တမင်စစ်ကြေညာတာကွ . . ရှောင်သွားရင် ကိုယ်ညံ့ရာကျသွားမှာပေါ့ . . လာပါ . . မင်းက ဘာမှ လုပ်စရာမလိုဘူး . . ငါ ပြောသမျှ ငါလုပ်သမျှကို ဖော်လိုလေးပဲ လိုက် ပေး . . . လာ . . ."

မင်းကလည်းကွာ
ဖုန်း Handset
ဝယ်ထားတဲ့
အကြွေးတောင်
မကျေသေးဘူး
. . .
အဝတ်အစားတွေ
ဝယ်ဦးမလို့လား

ယက်ကန် ယက်ကန်လုပ်နေသော ဆရာသမားကို ဖွတ်ဆွဲခေါ်ပြီး သူ သူမနှင့် မလှမ်းမကမ်းမှ ကျားဝတ်ဘောင်းဘီ တစ်ထည်ကို ကိုင်ကြည့်ဟူသော သဘောဖြင့် မျက်စပစ်ပြဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသမားက လက်တစ်ဖက်ဖြင့် ခေါင်းကို တဗျင်းဗျင်း ကုတ်ရင်း ကျန်လက်တစ်ဖက်က ဘောင်းဘီကို ကိုင်သည်။

သူမက သူတို့နှစ်ကောင်ကို ပေစောင်းပေစောင်းဖြင့် ကြည့်သည်မို့ အကွက်က အလိုလိုစိုက်ကာသွားသည်။

"အဟမ်း . . . ဟော့ကောင် ထွဋ်မောင် ဘာလဲ မင်းဘောင်းဘီဝယ်မလို့လား . . ."

"အေး . . ."

ထွဋ်မောင်ကလည်း ယောင်နနနှင့်ပင် 'အေး' ဟုဆိုသည်။

"မင်းကလည်းကွာ . . ဖုန်း Handset ဝယ်ထားတဲ့ အကြွေးတောင်မကျေသေးဘူး . . . အဝတ်အစားတွေ ဝယ်ဦးမလို့လား . . မင်း တော်တော်အသုံးအဖြုန်းကြီးတဲ့ကောင်ပဲကွ . . ."

အနည်းငယ်ကျယ်မသော သူ့စကားကြောင့် သူမက သူ့ကို စူးခနဲကြည့်သည်။ သူ တမင်ပင် ပြောင်ချော်ချော်ဖြင့် မသိသလို ဟိုကြည့် ဒီကြည့်လုပ်နေတုန်း သူမက သူ့ဆီတန်းတန်းကြီး ရောက်ချလာသည်။

"ဒီမှာ . . ."

"ဪ . . . ခင်ဗျားပါလား . . . ဒါနဲ့ ဘယ်သူ့ကိုခေါ်တာလဲ . . ."

"ရှင့်ကိုခေါ်တာ . . ."

အူကြောင်ကြောင်လုပ်သောသူ့ကို သူမက ခပ်ဆောင့်ဆောင့်ပင် 'ရှင့်ကိုခေါ်တာ' ဟု ဆိုသည်။

"ဘာလဲ ဖုန်းပျောက်ပြန်ပြီလား . . ."

သူ တမင်ပင် အူကြောင်ကြောင်ပုံလုပ်ကာ မေးဖြစ်သည်။

"ရှူးချင်ယောင်ဆောင်မနေနဲ့ . . ."

သူမက အံကိုကြိတ်ကာ ဒေါသဖြင့်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ . . . ဖုန်းပျောက်တာဆိုရင်တော့ ဒီတစ်ခါ ကောက်တွေ့ထားတာ မရှိဘူးနော် . . အတည်ပြောတာ . . အတည်"

ပြောင်ချော်ချော်ဖြင့်ဆိုသော သူ့စကားအဆုံးမှာ သူမက ခါးကို ထောက်သည်။

ပြီး . . .

"ဒီမှာ ရှင်ယောကျ်ားမဟုတ်ဘူးလား . . . စောစောက Handset ဝယ်ထားတဲ့အကြွေးတွေ မကျေသေးဘူး . . ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ရှင်ဘယ်သူ့ကို ပြောတာလဲ . . ."

"အဲဒါလား . . ဒီကောင့်ကိုပြောတာ . . ဟုတ်တယ်နော် . . ထွန်းမောင် . . ."

"မဟုတ် . . . အဲလေ . . . ဟုတ်တယ် . . ဟုတ်တယ်"

ထွန်းမောင်က မျက်လုံးပေကလပ် ပေကလပ်ဖြင့် အထစ်ထစ် အငေါ့ငေါ့ဖြင့် ထောက်ခံသည်။

"ကြည့်ရတာ တိုက်ဆိုင်မှုတွေရှိသွားတယ်နဲ့တူတယ်"

"ဘာ . . . တိုက်ဆိုင်သွားတာ ဟုတ်လား . . ."

သူမ၏ ခပ်ဆောင့်ဆောင့်အမေးကို သူက စပ်ဖြဖြနှင့်ပင်

"ဟုတ်တယ်"

ဟု ဆိုဖြစ်သည်။ သူမက မျက်နှာကိုမဲ့သည်။ ပြီး . . .

"တိုက်ဆိုင်တယ်ဆိုရင်တောင် အဲဒီတိုက်ဆိုင်မှုက တော်တော်အံ့ဩစရာကောင်းတာပဲ . . . သူ့ကို ပြောချင်ရင် 'Handset ဖိုး အကြွေးတွေ မကျေသေးဘူး . .' ဆိုတဲ့စကားကို ဘာကိစ္စ သူ့ကို ကြည့်မပြောဘဲ ကျွန်မကို ကြည့်ပြောရတာလဲ . . ကျွန်မကိုကြည့်ပြီး တမင်ပြောတာ. . . ဒါ တိုက်ဆိုင်တာလား . . ."

"အဟော် . . . ဒါလား . . ဒါက ဒီလိုရှိပါတယ် . . အဲဒါ ကျွန်တော့်ရဲ့ အကျင့်ပါနေတဲ့ စရိုက်တစ်ခုပါ . . တစ်ခါတလေ . .



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စကားပြောရင်မျက်လုံးကို ဟိုကြည့်ဒီကြည့်နဲ့ ပြောတတ်ပြီးတော့ တစ်ခါတလေကျပြန်တော့လည်း မျက်လုံးစုံမှိတ်ပြီး ပြောတတ်ပါတယ် . . . ဟောဒီလိုမျိုး . . .”

ဟောဒီလိုမျိုးဟု ဆိုရင်းက သူ့မျက်လုံးကို တစ်ဖက်မှိတ်ပြပြီးမှ နှစ်ဖက်စလုံးကို စုံမှိတ်ပြဖြစ်သည်။

သူမက သူမကိုယ်သူမ ကျွန်မဟု သုံးလာသောအခါ သူကလည်း ရွဲ့ပြီးသူ့ကိုယ်သူ ‘ကျွန်တော်’ ဟု တမင်သုံးပစ်လိုက်သည်။

“ယောကျ်ားလုပ်ပြီး . . . စကားကို ဗလောင်းဗလဲ တော်ပေါ်ပြောတတ်တာပဲ”

“ဟုတ်တယ်ဗျ . . အားလုံးက ဒီလိုပဲ ချီးကျူးကြတယ် . .”

သူမ၏စကားကို ပြောင်ချော်ချော် နှင့်ပင် လုပ်ပစ်လိုက်သည်မို့ သူမက ဒေါ အကန်ကြီး ကန်သွားသည်ထင်၏။

‘ရှင် . . . ရှင်”

ဟုသာ ရေရွတ်ပြီး စကားမဆက်နိုင်ဘဲ ဖြစ်ကာနေသည်။

“ဘာဖြစ်နေကြတာလဲ . . .”

တိုးတိုး . . . တိုးတိုးဖြင့် အံကြိတ်က တခြားလူတွေ မရိပ်မိအောင် ရန်ဖြစ်နေကြတာ . . သူတို့နားကို သင်းသင်းနှင့်ဝါဂါတို့နှစ်ယောက်ရောက်လာကြကာ မျက်စိပျက်

ကျွန်တော့်ရဲ့
အကျင့်ပါနေတဲ့
စရိုက်တခုပါ
ကျွန်တော်က
စကားပြောရင်
မျက်လုံးကို
ဟိုကြည့်ဒီကြည့်နဲ့
ပြောတတ်ပြီးတော့
မျက်လုံးစုံမှိတ်ပြီး
ပြောတတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်ဖြင့် မေးသည်။

"ဘာမှမဖြစ်ဘူး . . လာ . . သွားမယ် . ."

ဒိုင်းခနဲ သူ့ကို မျက်စောင်းထိုးကာ သူငယ်ချင်းနှစ်ယောက်၏ လက်ကိုဆွဲပြီး သူမ ဆောင့်ကြီးအောင့်ကြီးထွက်ချသွားသည်ကို ကြည့်ရင်း ထွန်းမောင်က . . .

"အားနာစရာကြီးကွာ . . ."

ဟု ရေရွတ်သည်။

"ချစ်စရာကောင်းလို့ စတာပါကွာ . . ."

"ဟော . . ."

သူ့စကားကြောင့် ထွန်းမောင်က အံ့အားတသင့်ဖြင့် 'ဟော' ဟု ရေရွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်လား . . . ငါ အဲဒီလို ပြောခဲ့လား”

ထွန်းမောင်၏စကားကို သူ ထိုသို့ပြန်မေးဖြစ်သည်။

“ဟုတ်တယ် . . ချစ်ခရာကောင်းလို့စတာပါ . . ကွာတဲ့ . . တစ်လုံးမှ မလွဲဘူး . . အဲဒီ့အတိုင်းပြောခဲ့တာ . . .”

ထွန်းမောင်က မျက်လုံးကြီးပြူးကာထားရင်းက ဆိုသည်။

“ကြည့်ရတာ ငါ့ကောင် ဒီစွာတေး မလေးကို ချာန်လျှော့ပြီ နဲ့တူတယ် . . .”

လှဦးက သူ့ကိုပြုံးစိစိဖြင့်ကြည့်ရင်း ဆိုသည်။

သူ ဖေါ်သ
ထွက်လာရင်
မျက်နှာကလေး
နီနီသွားပြီးတော့
ရှက်အမ်းအမ်းကြီး
ဖြစ်ဖြစ်သွားတာကို
သူ့သဘောကျတယ်



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ကွာ . . ဘွဲ့သာရလာတယ် . . ဟိုကောင်မလေး ဆိုလည်းမကြိုက် . . ဒီကောင်မလေးဆိုလည်း ဘာပြုတယ်၊ ညာပြုတယ်နဲ့ အပြစ်ချည်းပြောနေတဲ့ကောင်က . . ဒီကက်ကက်လန်နေတဲ့ ကောင်မလေးနဲ့ကျမှ မပြောဖူးတဲ့စကားတွေပြောလို့ . . . အေးလေ . . ဟိုကလေးမကလည်း အတော်ချောတာကိုး . . ."

"ဟုတ်ပါ့ . . ထွဋ်မောင်ရာ . . မင်းပြောတော့မှ ငါလည်း သတိထားမိတယ် . . . ငါ့ကောင်က ယွန်းရဲ့အကြောင်းများ ပြောနေတဲ့အချိန်ဆိုရင်လေ မျက်နှာကြီးကိုပြုံးလို့ . . ဘုရားသိကြားမလို့ ဟိုကောင်မလေးမှာ ရည်းစားသနာရှိ နေပါစေဗျာ . . ."

လှဦး၏စကားအဆုံးမှာ ထွဋ်မောင်က . . .

"ဘာဖြစ်လို့လဲကွ . . ."

ဟု ဆိုသည်။

လှဦးက . . .

"ဘာဖြစ်ရမှာလဲကွ . . တက္ကသိုလ်မှာတုန်းကကျတော့ သူ့ကိုယ်သူပဲ သူတော်စင်လိုလို၊ မိန်းမတွေနဲ့ပဲ မပတ်သက်ချင်သလိုလို ကောင်က အခုမှလာပြီး ရုပ်ကြမ်းကြီးနဲ့ နွဲ့နေတာကို ကြည့်မရလို့ကွာ . . . ဟိုကသာ ရည်းစားဘာညာ ဘာညာရှိရင် ဒီကောင့်

သူ့ကိုယ်သူပဲ
သူတော်စင်လိုလို
မိန်းမတွေနဲ့ပဲ
မပတ်သက်ချင်
သလိုလို
ကောင်က
အခုမှလာပြီး
ရုပ်ကြမ်းကြီးနဲ့
နွဲ့နေတာ
. . .



www.burmeseclassic.com

www.burmeseclassic.com



အသည်း ကွဲပြီ . . . ကဲ . . . မကောင်းဘူးလား . ."

"အေး . . . ကောင်းသားပဲကွ . . ."

အတိုင်အဖောက်ညီညီပင် သူ့ကိုဖဲ့နေကြသော ဘော်ဒါနှစ်ကောင်၏ မေတ္တာစကားများကြောင့် သူ နင်တင်တင်ကြီးဖြစ်သွားရသည်။

"ငါက ချစ်စရာကောင်းတယ်လို့ပဲ ပြောတာပါကွာ . . ချစ်တယ် . . ချစ်မယ်လို့မှ မပြောသေးတာကွ . . ."

"ပြောလို့လည်း မရဘူးလေ . . ဟိုကောင်မလေးက ချောကချောနဲ့ . . . ဒီအချိန်အထိ ဘယ်နည်းနဲ့မဆို ရည်းစားကတော့ ရှိမှာ သေချာတယ် . . ."

သူ့စကားကို လှဦးက ခပ်ငေါ့ငေါ့ပင်ဆိုသည်။

"ဟုတ်တယ်ကွ . အိမ်ထောင်ကျပြီးသားလည်း ဖြစ်နိုင်တာပဲ . . ."

နောက်ဆက်တွဲဆိုလိုက်သော ထွဋ်မောင်၏စကားက ပို၍ပင် အောင့်သက်သက်ဖြစ်သွားစေသည်။

"မင်းကို့ကလည်းကွာ . . လူတစ်ဖက်သားကို လျှောက်ပြီး ထင်ကြေးပေးနေကြတယ် . . မဟုတ်ရင် အားနာစရာကြီး . . ."

"အောင်မာ . . မာ . . အခုမှ အားနာစရာကြီးတွေ ဘာတွေလုပ်နေတယ် . . ."

သူ့စကားကို လှဦးက 'အောင်မာ' ဟု အစချီကာဆိုရင်း ရယ်သည်။

"နေပါဦး . . . မင်းက အဲဒီ့ကောင်မလေးကို ဘာကြည့်ပြီး ချစ်စရာကောင်းတယ်လို့ ပြောရတာတုံး . . ."

ထွဋ်မောင်က ရှက်ကိုးရှက်ကန်းဟန်ပေါက်နေသော သူ့ကို ကြည့်ရင်း ပြုံးစိစိဖြင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့ စကားပြောတိုင်း ငါ သတိထားမိသလောက် သူ ဒေါသထွက်လာရင် မျက်နှာကလေးနီနီသွားပြီးတော့ ရှက်အမ်းအမ်းကြီးဖြစ်ဖြစ်သွားတာကို သဘောကျတယ် . . . ငါ ကောင်မလေးတော်တော်များများ ရှက်ကိုးရှက်ကန်းဖြစ်တာကို မြင်ဖူးတယ် . . ဒါပေမယ့် သူက ပိုထူးခြားနေတယ်ကွ . . ."

သူ့စကားအဆုံးမှာ လှဦးက . . .

"ငါ့ကောင်ကြီးတော့ သွားရှာပြီ"

ဟု ထောပနာပြုသည်။

ထွန်းမောင်ကတော့ 'ကျွတ် ကျွတ် ကျွတ်' ဟု တမင်စုတ်သပ်ရင်း ခေါင်းကိုရမ်းသည်။ သူကတော့ ပြောချင်သမျှကို ပြောလိုက်ရ၍လားမသိ။ ရင်ထဲပေါ့ကာသွားသည်ကတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို နှင်ဘယ်လိုသဘောရလဲ . . . "

"ဘာကို ဘယ်လိုသဘောရရမှာလဲ"

ဝါဂါ၏အမေးကို သူမ ဘုတောဖြစ်သည်။

"အဲဒီ့လူနဲ့ . . . နှင်ပြဿနာနှစ်ခါလောက်တက်ပြီးတာ၂ တစ်ပတ်လောက်ရှိပြီ . . . အခုတလော အဲဒီ့လူရဲ့ပုံစံက ထူးခြားနေသလားလို့ပါ . . နှင့်ကို လိုက်လိုက်ငေးနေပြီး မသိမသာများ လိုက်ကြည့်နေသလားလို့ . . နှင့်ကို စိတ်ဝင်စားတယ်ထင်တာပဲ . . . "

သင်းသင်းက စဉ်းစားရင်းဆိုသည်။

"သူ့ဘာသာသူ အမှတ်တမဲ့ကြည့်ခိုက်နဲ့ကြုံလို့နေမှာပါဟာ . . ကဲ . . လိုက်

အခုတလော
အဲဒီ့လူရဲ့ပုံစံက
ထူးခြားနေသလား
လို့ပါ . .
နှင့်ကို
လိုက်လိုက်ငေးနေပြီး
မသိမသာများ
လိုက်ကြည့်
နေသလားလို့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ရော ဘာဖြစ်လဲ . . ငါ့မှာ ကိုကြီး ရှိပြီးသားပဲ . . ကိုကြီးကလွဲရင် ဘယ်သူ ကြည့်ကြည့် မကြည့်ကြည့် ဂရုကိုမစိုက်တာ"

သူမ၏စကားကြောင့် ဝါဝါနှင့် သင်းသင်းက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်သည်။

"ငါတို့ကတော့ နင့်ကို အဲဒီကိုကြီးဆိုတဲ့လူနဲ့ သဘောမတူဘူး . . ."

"ဘာဖြစ်လို့တုံး . . ."

သင်းသင်း၏စကားကို သူမက ပြန်၍အမေးရှိသည်။

"ဘာဖြစ်လို့လဲဆိုတာကိုတော့ မပြောမပြတတ်ဘူး . . ဒါပေမယ့် အဲဒီလူကိုကြည့်ရတာ မရိုးသားသလို ခံစားရတယ် . . အဲဒီလူက မာယာများနေသလိုပဲ ခံစားရတယ်"

> အဲဒီလူကို
> ကြည့်ရတာ
> မရိုးသားသလို
> ခံစားရတယ်
> အဲဒီလူက
> မာယာ
> များနေသလိုပဲ
> ခံစားရတယ်

ဝါဝါ၏စကားကြောင့် သူမက . . .

"ဝါဝါနော် . . ."

ဟု နှုတ်ခမ်းစူရင်း ဟန့်သည်။ သဘောက 'သူမ မကြိုက်ဘူး' ဟုသောသဘော။ ဝါဝါနှင့်သင်းသင်းကတော့ ဒုတိယအကြိမ် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



Computer သင်တန်းကို လှဦးတို့နှစ်ကောင် စလုံး မလာကြသည်မို့ တစ်ကောင်တည်း သူ ငေါင်နေရသည်။

သင်တန်းဆင်းချိန် အိမ်ပြန်ရန် သူ့ ကားရှိရာ ကားပါကင်သို့အလာ ဘေးမှနေ သူ့ဖကိုယ်တိုင်မောင်းသောကားက ပွတ်ကာ သီကာ မောင်းထွက်၍သွားသည်။

လှကို တိုက်မိသွားရလောက်အောင် နီးကပ်မနေသော်လည်း ရုတ်တရက်မို့ သူ လန့်ဖျပ်ပြီး ဘေးကို ကမန်းကတန်း ရှောင် ဖြစ်သည်။

ဤသည်ကိုပင် သူမတို့သုံးယောက် က ဝါးခနဲ လှောင်ရယ် ရယ်သွားကြသည်။

လှကို
တိုက်မိသွား
ရလောက်အောင်
နီးကပ်မနေ
သော်လည်း
ရုတ်တရက်မို့
သူ
လန့်ဖျပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သည်လည်း ဤ Computer သင်တန်း မှာ တက်နေကြသော်လည်း အခန်းမတူသည်မို့ မည်သည့် Course ကို တက်ရေမှန်း သူမသိ။ သင်တန်းသို့ လာချိန်နှင့်ပြန်ချိန်များတူနေသည်ကိုတော့ သတိထားမိသည်။

ဘာရယ်မဟုတ် သူမသည်လည်း သူ့အားနောက်ပြောင်ကာ သွားသည်ကိုတွေးရင်း 'ကလဲ့စားချေတတ်သားဟ' ဟု တွေးကာ ပြုံးဖြစ်သည်။

ကားပေါ်တက်ကာမောင်းထွက်ခဲ့ရင်း အတော်လေးမောင်းမိသောအခါ ရှေ့မှာ ကားကိုရပ်ကာထားရင်း လမ်းပေါ်မှနေ သူ့ကားကို တားနေသော ဝါဝါကို သူမြင်နေရသည်။

လှမ်းကြည့်လိုက်တော့ သူမတို့ကား၏အနောက်ဘက်ရှိ ဘယ်ဘက်ဘီး ပြားကပ်ကာ ပေါက်နေသည်ကို တွေ့လိုက်ရသည်။

ဘီးအပိုပါသော်လည်း မိန်းကလေးများဖြစ်သည်မို့ မဖြုတ်တတ် မပြုတတ်ဖြစ်နေဟန်တူသည်။

သူ့ကားကိုရပ်ကာ ကားပြတင်းမှန်ကို ချလိုက်သောအခါ ဝါဝါတစ်ယောက် 'ဟောတော်' ဟု ရေရွတ်ရင်း လျှာတစ်လစ်ဖြစ်ကာ သွားသည်။ သူ့ကားမှန်းမသိ၍မို့ တားလိုက်ဟန်တူသော ဝါဝါက စောစောကမှ လှောင်ကာပြောင်ခဲ့သော သူ့ကိုမှ အကူအညီတောင်းရန် တားလိုက်မိသည်မို့ အကူအညီပဲတောင်းရမလို မတောင်းရတော့မလို ဖြစ်သွားဟန်တူသည်။

"ဘာ ကူညီရမလဲ . . ."

မျက်မှန်ကိုချွတ်ရင်းမေးသောအခါ သူမတို့သုံးယောက်က 'ဘယ်လိုလဲ' ဟူသော သဘောဖြင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ပြူးတီပြူးကြောင်ဖြင့် ကြည့်ကြသည်။

ဝါဝါက 'မထူးတော့ဘူး အကူအညီတောင်းလိုက်တော့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော သဘောဖြင့် မျက်စပစ်ပြသည်။ သူမ ကတော့ မသိယောင်ပြုကာနေသည်။ သင်းသင်းက ခပ်သွက်သွက် ခေါင်းညိတ်ပြသည်။

ဝါဝါက . . .

"ဟိုလေ . . . ကားဘီးပေါက်သွားတာ မလဲတတ်လို့ အဲဒါ"

"ကူညီပါဦးလို့ . . ."

ဝါဝါ၏စကားမဆုံးခင်မှာ သင်းသင်းက ဝင်၍ဆိုသည်။

"ဪ . . . ရပါတယ် . . ."

ပြောပြောဆိုဆိုပင် သူ သူ့ကားကို လမ်းဘေးချရပ်ကာ သူ့ ကားထဲမှ Tools Box ကို တစ်ပါတည်း ယူလာကာ . . . သူမတို့ကားဘီးကို လဲတပ်ပေးဖြစ်သည်။

သူ ကားဘီးလဲပေးနေစဉ် တစ်လျှောက်လုံး ဘေးမှနေ ဝါဝါ ရော၊ သင်းသင်းပါ ကွင်းတွေ၊ ခွတွေ ယူပေးဖြုပေး လုပ်ကူနေသော်လည်း သူမကတော့ ခပ်လှမ်းလှမ်းမှာ မသိသလို လုပ်ကာနေသည်။

အားလုံးပြီးစီးသွားသောအခါ သင်းသင်းက . . .

"အားနာလိုက်တာရှင် . . . ကျေးဇူးပဲနော် . . ဒုက္ခပေး သလိုဖြစ်သွားတယ် . ."

"ရပါတယ် . . . ခင်ဗျားတို့နှစ်ယောက်ကိုခင်လို့ တမင် ခင်ဗျားတို့မျက်နှာနဲ့

ခင်ဗျားတို့
နှစ်ယောက်ကို
ခင်လို့ တမင်
ခင်ဗျားတို့
မျက်နှာနဲ့
ကူညီတာပါ
. . .



www.burmeseclassic.com

www.burmeseclassic.com



ကူညီတာပါ . . . ကဲ . . သွားပြီနော် . . . ”

“ဟုတ်ကဲ့ . . . ”

ဝါဝါနှင့်သင်းသင်းက ‘ဟုတ်ကဲ့’ ဟု ဆိုနေချိန်မှာ သူမက တော့ နှုတ်ခမ်းကိုကိုက်ကာ မျက်စောင်းကြီးခဲကာကြည့်ရင်း ရပ်ကျန်ခဲ့သည်။

သူကလည်း သူ။ တမင်ပင် သူမကိုစချင်စိတ်ဖြင့် နှိပ်ကွပ်ခဲ့သည်ကိုး။ ကားကိုမောင်းထွက်လာရင်းက ဟက်ခနဲ သူရယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ်

ကြည့်တော့မှ ပိုဖြောင့်တာပဲဟာ . . . နင်ရော ဘယ်လို မြင်လဲ . . ."

သင်းသင်းက ပြုံးစိစိဖြင့် သူမကိုမေးသည်။

"ဘယ်သူ့ကို ပြောတာလဲ . . ."

သူမ တမင်ပင် မသိချင်ယောင်ဆောင်ကာ ပြန်မေးဖြစ်သည်။

"အံမယ် မယ် . . . ရှူးချင်ယောင်က ဆောင်နေသေးတယ် . . စောစောက နင့်ကားကို ကားဘီးလဲသွားပေးတဲ့ဟိုလူကို ပြောတာ . . ဘာတဲ့ သူ့သူငယ်ချင်းတွေခေါ်တာ ကြားဖူးတယ် . . တေဇဆိုလား . . အဲဒီ့လူကို ပြောတာ . . ."

လှတာမက်ရင်
ညစာခက်တယ်တဲ့
လောကကြီးမှာ
ရုပ်ချောင့်ပြီး
အသုံးမကျတဲ့ကောင်
တစ်ပုံကြီး
. . .



www.burmeseclassic.com

www.burmeseclassic.com



ဝါဝါက အကျယ်တဝင့်ရှင်းပြရင်းက ဆိုသည်။

"သြော် စောစောက လူကိုပြောတာလား . . အင်း . . မဆိုးပါဘူး . . ရွက်ကြမ်းရေကျိုအဆင့်တော့ ရှိသားပဲ . . ."

တမင်မျက်နှာကိုချိုရင်းဆိုသော သူမ၏စကားကြောင့် သင်းသင်းတို့နှစ်ယောက်က တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ရင်း မျက်ခုံးပင့်ပြကြသည်။

"သေချာတာကတော့ နင့်ကိုကြီးဆိုတဲ့လူထက် အများကြီးချောတာ လုံးဝကို ပြောနိုင်တယ် . . ."

ဝါဝါက တမင်စချင်ဟန်ဖြင့် သူမကို ပြုံးစိစိဖြင့်ဆိုသည်။ သင်းသင်းကပါ 'ဟုတ်ပ' ဟု ထောက်ခံသည်။

"နင်တို့ မကြားဖူးဘူးလား . . . လှတာမက်ရင် ညစာခက်တယ်တဲ့ . . . လောကကြီးမှာ ရုပ်ဖြောင့်ပြီး အသုံးမကျတဲ့လူတွေ တစ်ပုံကြီး . . ရုပ်ရည်အသင့်အတင့်ရှိပေမယ့် လူမှုရေး၊ စီးပွားရေးတွေမှာ အရည်အချင်းရှိရှိနဲ့ အောင်မြင်နေတဲ့လူတွေလည်း တစ်ပုံကြီး ရှိတာပဲ . . . ငါကတော့ ပထမလူမျိုးနဲ့ ဒုတိယလူကို ရွေးချယ်ဖို့ဖြစ် လာရင် ဒုတိယလူမျိုးကိုပဲ ရွေးမယ် . . ."

"ဒါဖြင့် နင့်ရဲ့ရွေးချယ်မှုမှာ

ရုပ်ရည်
အသင့်အတင့်
ရှိပေမယ့်
လူမှုရေး၊
စီးပွားရေးတွေမှာ
အရည်အချင်း
ရှိရှိနဲ့
အောင်မြင်နေတဲ့
လူတွေလည်း
တစ်ပုံကြီး
ရှိတာပဲ
. . .



www.burmeseclassic.com

www.burmeseclassic.com



အချစ်မပါဘူးပေါ့ . . .”

ဟု သင်းသင်းက ဆိုသည်။

“အေး . . . နင်တို့ပြောပြောနေတဲ့ အချစ်ဆိုတာကို ငါ အယုံအကြည်ကို မရှိတာ . . ရှိတယ်လို့ကို မအောက်မေ့ဘူး . .”

သူမ၏အဖြေကို ဝါဝါက ‘ဟောတော့’ ဟု ရေရွတ်သည်။ သင်းသင်းကတော့ ပခုံးကိုတွန့်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

လှဦးက ၎င်း၏လက်ထဲတွင်ရှိသော စာအုပ်ထဲမှ စကားပုံတစ်ခုကို ဖတ်ပြရင်း ရယ်သည်။

"မိန်းမတွေကို တော်တော်နှိမ်နှိမ် ချိုးချိုးရေးထားတာပဲ"

ထွန်းမောင်က ခေါင်းကို တဆတ်ဆတ်ညိတ်ရင်းက ဆိုသည်။

လှဦးက . . .

"ကောင်းတာလေးတွေလည်း ရေးထားပါသေးတယ်ကွ . . ဒီမှာ . . . A house without a wife is a burning-ground ဇနီးမရှိသော အိမ်တစ်လုံးဟာ မီးလောင်ပြင်

ဇနီးမရှိသော
အိမ်တစ်လုံးဟာ
မီးလောင်ပြင်
တစ်ခုပါပဲတဲ့
. . .
ဇနီးတစ်ယောက်က
အိမ်ရဲ့လှပမှုကို
ပေးစွမ်းပါတယ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပါပဲတဲ့ . . . A wife gives beauty to a house ဇနီး တစ်ယောက်က အိမ်ရဲ့လှပမှုကို ပေးစွမ်းပါတယ်တဲ့ . . ."

လှဦး၏စကားအဆုံးမှာ ထွန်းမောင်က . . .

"အေး . . . အဲဒါလည်း ဟုတ်တာပဲ"

ဟု ထောက်ခံသည်။ ပြီး . . .

"အဲဒါကြောင့် ရှေးလူကြီးတွေက 'မိန်းမဟူသည် မရှိမကောင်း ရှိမကောင်း၊ မပေါင်းလဲခက် ပေါင်းလဲခက်၏' လို့ ဆိုခဲ့တယ်နဲ့တူပါတယ်ကွာ . . ."

ဟု ဆိုသည်။

"အာ . . . အခုခေတ်မှာက အဲဒီစကားကို 'မိန်းမဟူသည် မရှိမကောင်း ရှိမှကောင်း၏' ဆိုပြီးတော့လည်း ပြောနေကြပြီကွ"

လှဦးက ထွန်းမောင်၏စကားကို အထွန့် တက်သည်။

"မင်းပြောတဲ့စကားက တော်လေးဝဝင် မိန်းမတွေရထားတဲ့ လူအတွက်ဆိုရင်တော့ မှန်တာပေါ့ . . . သာမန်မိန်းမရထားတဲ့လူ အတွက်ကတော့ မှားတယ် . . ."

သူ၏စကားအဆုံးမှာ လှဦးကပင် . .

"အေးကွ . . . ငါတို့လည်း မင်းပြောတဲ့ တော်လေးဝဝင် တော်လေးဝဝင်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့သာ ကြားနေတယ် . . . တော်လေးဝဝင်ဆိုတာ ဘာတွေမှန်းမသိဘူး . . မင်းသိရင် ပြောပြစမ်းပါဦး . . .”

ဟုဆိုသည်။

“ငါ့ကို ဆရာတင်တယ်ဆိုပါတော့”

ဟု သူ ရွှတ်နောက်နောက်ဆိုသော အခါ လှဦးက အောင့်သက်သက်ဖြင့် . . .

“ထင်ချင်သလိုထင်ကွာ”

ဟု ဆိုသည်။

“ဒီလိုကွ . . တော်လေးဝဝင်မိန်းမဆိုတာ . . . မိန်းမကောင်း မိန်းမမြတ်လေးယောက်ကိုပြောတာ . . အဲဒီလေးဦးက . . . နံပါတ်(၁)အမရာတဲ့ . . သူက ဘုရားလောင်းမဟောသဓာရဲ့ဇနီး . . . နံပါတ် (၂) က ကိန္နရီတဲ့ . . သူက စန္ဒကိန္နရီရဲ့ဇနီး . . . နံပါတ် (၃) ကကျတော့ မဒ္ဒီတဲ့ . . . သူကကျတော့ ဘုရားလောင်း ဝေဿန္တရာ မင်းရဲ့ မိဖုရား . . နောက်ဆုံး နံပါတ် (၄) ကကျတော့ သမ္ဗုလတဲ့ . . သောတ္ထိသေနမင်းရဲ့မိဖုရားကို ပြောတာ . . သူတို့လေးယောက်က ရာဇဝင်မှာစာတင်လောက်တဲ့အထိ ကိုယ့်ရဲ့ခင်ပွန်းအပေါ်မှာ မယားဝတ္တရား ငါးပါးနဲ့အညီ ပါရမီဖြည့်ခဲ့ကြတာဆိုတော့ မိန်းမတကာ့ မိန်းမတွေထဲမှာတော့ ရှာမှရှားပေါ့ကွာ . . .”

သူ့စကားအဆုံးမှာ . . . လှဦးနှင့်

သူတို့လေးယောက်က
ရာဇဝင်မှာ
စာတင်လောက်တဲ့
အထိ
ကိုယ့်ရဲ့ခင်ပွန်း
အပေါ်မှာ
မယား
ဝတ္တရားငါးပါးနဲ့
အညီ
ပါရမီဖြည့်ခဲ့ကြတာ
ဆိုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်မောင်က ကိုယ်စီခေါင်းညိတ်ကြသည်။

"မိန်းမကျွမ်းကျေတယ်ဆိုတာ မင်းကိုပြောတာနဲ့တူတယ်"

လှဦးက ထိုသို့ကောက်ချက်ချသည်။

"ဘာဖြစ်လို့လဲ . . ခု အိပ်ထားလို့လား . ."

ဟု ရယ်ကြဲကြဲဖြင့် လှဦးကို သူ ပြန်မေးဖြစ်သည်။ လှဦးက 'မဟုတ်ပါဘူး' ဟု ခေါင်းခါသည်။ ထွဋ်မောင်က . . .

"နောက်နေတာမဟုတ်ဘူး . . အတည်ပြောနေတာ . . အင်း . . . ပြောမယ့်သာပြောနေတာပါလေ . . မင်းက ဖတ်အား မှတ်အား အရမ်းကောင်းတော့ မိန်းမအကြောင်းမှ မဟုတ်ဘူး . . ဗဟုသုတအတော်တော်များများကို နှံ့စပ်နေတာပါ . . . တကယ်ပါ ငါ့မှာ ညီမ မရှိလို့ပြောတာမဟုတ်ဘူ . . ညီမရှိရင် မင်းနဲ့ပေးစား တယ် . . . အတည်ပြောတာ . . ."

ထွဋ်မောင်၏စကားကြောင့် သူ သကောင့်သားနှစ်ကောင်ကို သက်ာမကင်းဖြစ်သွားရသည်။ ဤကဲ့သို့ မြှောက်ပင့်ပြီးသည်နှင့် ဝုန်းခနဲနေအောင် ရိုက်ချတတ်လွန်း၍ဖြစ်သည်။

"အခုတော့လေ . . မင်းလို လူတော်လူကောင်းနဲ့ ဆွေမျိုး တော်ချင်လွန်းလို့ ပေးစားပါမယ်ဆိုပြန်တော့လည်း အစ်မ၊ ညီမက မရှိလို့ ဆွေမျိုးကလည်း အရမ်းကြီးကို တော်ချင်လွန်းတော့ မင်းညီမ ညိုလဲ့ဖြိုးကိုပဲ မရရအောင်ပိုးပြီး ယူရတော့မှာပါ . . . အဟိ ဟိ"

ထင်သည့်အတိုင်းပင် ထွဋ်မောင်က သူ့ကိုနှိပ်ကွပ်သည်မို့ အောင့်သက်သက်နှင့်ပင် သူ မချိရယ်ရယ်ဖြစ်သည်။

"အေး . . ဟုတ်သားပဲ . . . ညိုလဲ့ဖြိုးဆိုမှ ငါသတိရတယ်"

လှဦးက သူ့ကိုကြည့်ကာဆိုပြီးမှ ပြောသင့်မပြောသင့်ကို ချိန်ဟန်ဖြင့် ခေါင်းကိုကုတ်သည်။

"ဘာလဲ . . မင်းလည်း ငါ့ညီမဝမ်းကွဲ ညိုလဲ့ဖြိုးကို သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျုပြန်ပြီလား . . . ."

လှဦးကို သူ မချိတင်ကဲဖြင့်ပင် မေး ဖြစ်သည်။ လှဦးက . .

"မင်း စိတ်တော့မရှိနဲ့နော် . . မင်း ညီမကို မနေ့က ရုပ်ရှင်ရုံရှေ့မှာ ငနဲတစ်ပွေနဲ့ လက်ချိတ်ထားလျက်ကြီး တွေ့ခဲ့တယ် . . . အဲဒီ့ငနဲက ငါတို့ထက်တော့ အနည်းဆုံး လေး ငါးနှစ်တော့ ကြီးမယ် ထင်တယ် . . အဲဒီ့လူကို ကြည့်ရတာ တစ်မျိုးပဲကွ . . . သိပ်ပြီးတော့ ရိုးသားမယ့်ပုံမပေါ်ဘူး . . . ဘာပဲဖြစ်ဖြစ် ပေါ့ကွာ . . မင်းညီမဆိုပေမယ့်လည်း ငါတို့ က ကိုယ့်ညီမလိုပဲ သဘောထားလို့ ပြောပြ တာပါ . . မင်းဘက်က ထိန်းသင့်ရင်ထိန်းလို့ ရတာပေါ့ . . ."

သူ ရည်းစား ရှိနေတာကို မင်းသိနေတယ် ဆိုတာလောက် ပြောထားရင် သူ့ဘက်က ၅၁၀ အရာရာ ဆင်ခြင်သွားမှာ ပေါ့ကွ . . .

လှဦး၏စကားဆုံးပြီး အတန်ကြာ သည်အထိ သူ ဘာစကား မှမဆိုဖြစ်။ လှဦးကို ကြည့်လိုက်ပြန်တော့လည်း စနောက်နေသည် နှင့် မတူ။ အတည်ဆိုနေပုံရသည်။

ဘာရယ်မဟုတ်။ ညီမလေးကို ဘယ် လို ကိုင်တွယ်ရမည်မှန်း သူ မသိ။ သူကိုယ် ၌ကလည်း တစ်ဦးတည်းသောသားဖြစ်သလို ဝမ်းကွဲညီမဖြစ်သူ ညိုလဲ့ဖြိုးသည်လည်း တစ် ဦးတည်းသောသမီးဖြစ်သည်။ ဝမ်းကွဲညီမဆို သော်လည်း မောင်နှမအရင်းလို ချစ်ကြသည် မို့ တစ်ဦးနှင့်တစ်ဦး ငြင်းရခုန်ရသည်ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့ဖူး။ ငြင်းရမည့်ကိစ္စတွေကို ပြောလည်းမပြောချင်။

"မျက်နှာပူတယ်ကွ . . သူ့ဘာသာရည်းစားထားတဲ့ကိစ္စကို ငါက လိုက်ပြောရမယ်ဆိုတော့ . . ."

သူ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း ဆိုဖြစ်သည်။

"မဟုတ်ဘူးလေကွာ . . . ရည်းစားထားတာကို မထားရဘူးလို့ ပြောခိုင်းနေတာမဟုတ်ဘူး . . ဒီလိုကွာ . . သူ ရည်းစားရှိနေတာကို မင်းသိနေတယ်ဆိုတာလောက်ပြောထားရင် သူ့ဘက်က အစစအရာရာ ဆင်ခြင်သွားမှာပေါ့ကွာ . . . မဖြစ်သင့်တာ မဖြစ်တော့ဘူးပေါ့ . . ."

ထွန်းမောင်က လှုဦးကိုယ်စား ဝင်၍ဆိုသည်။

"ဟုတ်တော့လည်း ဟုတ်သား"

ဟု တွေးရင်း ခပ်လေးလေးပင် သူခေါင်းညိတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“မမို့ကပဲ ငါ့ညီမကို အိမ်ခေါ်ပြီး နည်းနည်းကောလိုက်တယ်”

“ရည်းစားထားတဲ့ကိစ္စလား . . .”

“အေး . . .”

လှဦး၏အမေးကို ‘အေး’ ဟု သူ တစ်ခွန်းတည်းဆိုဖြစ်သည်။

“ဘာပြောသေးလဲ . . .”

ထွန်းမောင်က မေးဆတ်ရင်း မေးသည်။

“ဘာပြောမလဲကွာ . . . အံ့ဩနေတာပေါ့ . . ဘယ်လိုလုပ် သိတာလဲတွေ ဘာတွေလုပ်နေသေးတယ် . . ငါလည်း ဘယ်ရမလဲ . . အဲဒါ နင်သိဖို့မလိုဘူး . . နင့်ဘာသာ

သူတို့ကျတော့
ဟိုကောင်မလေးကို
ချစ်ရတာနဲ့ ဒီ
ကောင်မလေးကို
ကြိုက်ချင်ရတာနဲ့
သူတို့ညီမကျတော့
ခုင်
သတိထားတွေ
ဘာတွေ
လုပ်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



နင် ဆင်ဆင်ခြင်ခြင်နေ .. ငါမျက်စိနောက်လာလို့ကတော့ နင့်အမေနဲ့အဖေကို အတိုင်ပဲလို့ ... ဖြဲခြောက်ထားတယ်"

"ဆင်ခြင်ပါ့မယ် တဲ့လား ..."

ထွန်းမောင်က ပြုံးစိစိဖြင့်မေးသည်။

"အေးပေါ့ကွ .. သူ့အဖေနဲ့အမေကိုတော့ မသိပါစေနဲ့တဲ့ ... ငိုမဲ့မဲ့နဲ့ ..."

ပြောရင်း သူ ဟက်ခနဲ ရယ်ဖြစ်သည်။ လှဦးက ...

"ဒီအတိုင်းဆိုရင် မင်းရည်းစားထားတာတွေ့ရင်လည်း သူက ပြန်ချွန်မှာသေချာတယ် ..."

"ချွန် ချွန်ပေါ့ကွာ ... ငါက ယောကျ်ားလေးပဲ .. တူမလားကွ ..."

'တူမလားကွ' ဟုဆိုသော သူ့စကားကြောင့် လှဦးက ရယ်သည်။

"ဩော် ... လူတွေများ တော်တော်တရားကျဖို့ကောင်းတယ် .. သူတို့ကျတော့ ဟိုကောင်မလေးကို စချင်ရတာနဲ့ ... ဒီကောင်မလေးကို ကြိုက်ချင်ရတာနဲ့ .. သူတို့ညီမကျတော့ နင် သတိထားတွေ ဘာတွေလုပ်နေတယ် ... ဟော .. ပြောရင်းဆိုရင်း ဟိုမှာ ... လာပါပြီ ..."

'လာပါပြီ' ဟုဆိုသော လှဦးမေးငေါ့ရာဆီ သူလိုက်ကြည့်ဖြစ်သည်။ ယွန်းတို့သုံးယောက်က သူတို့ထိုင်နေသော ကန်တင်းရှိရာဆီ လျှောက်လာနေကြသည်။

လွတ်နေသော သူတို့ဝိုင်း၏ဘေးဝိုင်းမှာ ဝင်ထိုင်ရင်း ဝါဝါဆိုသော ကောင်မလေးက သူ့ကိုပြုံးပြသည်မို့ သူ ပြန်ပြုံးပြဖြစ်သည်။

သူမကို လှမ်းကြည့်တော့ ခပ်တည်တည်ပင် မမြင်သလိုလုပ်ကာ ထိုင်နေသည်ကို တွေ့ရသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က ကားဘီးလဲဖို့ အကူအညီ တောင်းထားပြီးတော့ အကြွေးတင်နေတယ် . . . တစ်ခုခုစားပါဦးလား . . . ."

သင်းသင်းဆိုသော ကောင်မလေးက လှမ်း၍ဆိုသည်ကို ယွန်းက မျက်မှန်ကုတ်ရင်း မသိမသာခေါင်းခါပြနေသည်ကို သူ မြင် ဖြစ် အောင် မြင်လိုက်ရသည်မို့ နင်ခနဲဖြစ်သွားရ သည်။ သူမ သဘောက မခေါ်နဲ့ဆိုသည့် သဘော။

ဘာရယ်မဟုတ်။ ခပ်ချဉ်ချဉ်ဖြစ် သွားသည်မို့ သူမတို့ဝိုင်းကို တမင်ရှေ့ကာ ထိုင်ဖြစ်သည်။ စူးခနဲ သူမက သူ့ကိုကြည့် သည်။

"မစားတော့ပါဘူးဗျာ . . . ဒီက ဘယ်သူ . . ."

ငွေကို

ချေးထားနေရတယ်

ဆိုတာက

အကြွေးတင် နေလို့ဗျ

ဒီမှာလေ ဒီ

Handset လေး

ဝယ်လိုက်တော့

အကြွေးတင်သွားလို

. . .

သုံးယောက်စလုံး၏နာမည် သိပြီး သား ဖြစ်သော်လည်း ဟန်ကိုယ့်ဖို့ဆိုသလို တမင်မသိယောင်ဆောင်ကာ မေးဖြစ်သည်။

"ဩော် . . . ဟုတ်သားပဲ . . ကိုယ့် ကိုယ်ကိုယ်တောင် မိတ်မဆက်ရသေးဘူး . . ကျွန်မက ဝါဝါ . . သူက သင်းသင်းဖြူ . . သူကတော့ သိတယ်မဟုတ်လား . . . ယွန်းတဲ့ . . . တစ်လုံးတည်းပဲ . . ဒါနဲ့ဒီက . . . ကို . . . ဘယ်သူ . . ."

'အလဲ့ . . သူတို့ကလည်း အလာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါလား’ ဟု သူတွေးမိသည်။ သူ့နည်းဖြင့်သူ့ကို ပြန်၍ပညာပြနေသည်။

“ကျွန်တော်က ဖြိုးတေဇ . . သူငယ်ချင်းတွေကတော့ တေဇလို့ပဲ ခေါ်တယ် . . ဒီကောင် လှဦး . . . သူက ထွန်းမောင် . . ဟာကောင်တွေ ဒီဘက်ဝိုင်း ကူးခဲ့လေ . . .”

ဝိုင်းကူးစဉ်အခါက သူမကိုလှမ်းကြည့်တော့ မနှစ်မြို့သလိုဟန်ဖြင့် မျက်မှုန်ကုတ်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် ပို၍ကြည့်မရသလိုဖြစ်ကာ စချင်နောက်ချင်လာသည်။ အကွက်ဝင်လို့ကတော့ တွေ့ဦးမယ်ဟု စိတ်မှာ တေးထားဖြစ်သည်။

တကယ်တော့ ဝိုင်းကူးသည်ဟုဆိုသော်လည်း ထိုင်ခုံကို အနည်းငယ်ဆွဲလိုက်ရုံဖြင့် ဒီဘက်ဝိုင်းကို ရောက်ချလာသည်။ လမ်းလျှောက်ရန်ပင်မလို။

“စောစောက စကားအဆက်ပြတ်သွားတယ် . . တစ်ခုခုစားပါဦး . . .”

ဝါဝါက စကားကို အစပြန်ကောက်ပေးသည်။

“မစားတော့ပါဘူးဗျာ . . ငွေကို ချွေတာနေရတယ်ဗျ”

“ဘယ်သူမှ မချေးပါဘူးနော် . . . ညည်းပြမနေပါနဲ့ . . . အခု ဘာစားမလဲပြော . . . သင်းသင်းတို့ရှင်းပေးမယ်”

“အာ . . . အဲဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး . . ငွေကို ချွေတာနေရတယ်ဆိုတာက အကြွေးတင်နေလို့ဗျ . . ဒီမှာလေ ဒီ Handset လေးဝယ်လိုက်တော့ အကြွေးတင်သွားလို့ . . .”

တမင်ပင်အိတ်ကပ်ထဲမှ ဖုန်းကိုထုတ်ကာပြရင်းဆိုဖြစ်သည်။ တမင်နောက်နေမှန်းသိသည်မို့ ဝါဝါနှင့်သင်းသင်းက ပြုံးစိစိကြီးတွေဖြစ်သွားသော်လည်း သူမကတော့ နီမြန်းသောမျက်နှာနှင့် သူ့ကို ဆတ်ခနဲကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ . . .

စိတ်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းကို ဆောင့်ချကာ မျက်နှာကို တစ်ဖက်သို့ လွှဲကာထားသည်။

မျက်မှန်ကတော့ ကုတ်ကာထားဆဲ။

"ဟယ်တော့ ကိုတေဇရဲ့ Handset က ယွန်းရဲ့ Handset နဲ့ Model ရော၊ အရောင်ပါ တူတယ်နော် . . . အကြိုက်ချင်း တူကြတယ်ထင်တယ် . . အဟမ်း အဟမ်း"

ဝါဝါက စကားကို အထာဖြင့် ဆိုသည်။ သူမက ဝါဝါကို ပေစောင်းစောင်းဖြင့် လှည့်ကာ ကြည့်သည်။

"ကဲ ကဲ . . ကျွန်တော်တို့ အတန်းရှိလို့ သွားလိုက်ဦးမယ်နော် . . . ဒီမှာ ကြာကြာ ဆက်ထိုင်လို့မဖြစ်ဘူး . . သိတယ်မဟုတ်လား . . ."

"ဘာကိုလဲ . . ."

"ဩော် . . အတန်းပျက်မှာစိုးလို့ ပြောတာပါ . . ."

ထိုင်ရာမှထရပ်ရင်း . . . တမင်ပင် နောက်ဖြစ်အောင်နောက်သော သူ့ကို သူမက နှုတ်ခမ်းကိုကိုက်ကာ စူးခနဲကြည့်သည်။

"ကိုတေဇ ဖုန်းမေ့မယ်လေ . . ."

စောစောက တမင်ချထားသော မေ့ ချင်ယောင်ဆောင်ထားသည့် စားပွဲပေါ်က

ဒီလိုပဲ ကျွန်တော်က မေ့တတ်တယ် . . . ကျေးဇူးပဲဗျာ ဒီကောင်ပျောက် လို့မဖြစ်ဘူးဗျ သိတယ် မဟုတ်လား . . . ကြွေးက ကျေသေးတာ မဟုတ်ဘူး . . .



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုကြည့်ရင်း သင်းသင်းက ဆိုသည်။

“ဩော် . . . ဟုတ်သားပဲ . . ဒီလိုပဲ ကျွန်တော်က မေ့တတ်တယ် . . . ကျေးဇူးပဲဗျာ . . ဒီကောင်ပျော့က်လို့မဖြစ်ဘူးဗျ . . သိတယ်မဟုတ်လား . . . ကြွေးက ကျေသေးတာမဟုတ်ဘူး . . .”

သူ့စကားအဆုံးမှာ ဝါဝါနှင့်သင်းသင်းက ဟက်ခနဲရယ်သည်။

သူမကတော့ ထုံးစံအတိုင်း မျက်မှန်ကုတ်ကာ သူ့ကိုပေစောင်းစောင်းဖြင့်ကြည့်သည်။

“အနီးကပ်ကြည့်လေ . . ဖြောင့်လေပဲနော်”

ဝါဝါက သူမကိုပခုံးဖြင့် အသာတွန်းရင်းဆိုသည်။

“ငါကတော့ . . . သူစကားတွေ နားထောင်ရလေ စိတ်ပျက်လေပဲ . . .”

သူမက ဝါဝါ၏စကားကို ရွဲ့ကာဆိုဖြစ်သည်။ သင်းသင်းက . . .

“ပျော်တတ်တာပါဟ”

ဟု ကာကွယ်သည်။

သူမက သင်းသင်းကို ဘုကြည့်ကြည့်ဖြစ်သည်။

“ဘာလဲဟ . . .”

မျက်လုံးပြူးဖြင့် ဘုကြည့်အကြည့်

ဘာရယ်မဟုတ် ‘ကိုကြီး’ ဟု ဆိုလိုက်ရသည့် ခဏ ရင်မှာ ရှိန်းခနဲဖြစ်ကာ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခံရသည်မို့ 'သင်းသင်း' က မလုံမလဲဖြင့် 'ဘာလဲဟ' ဟု ဆိုသည်။

"နင်တို့ရဲ့သူငယ်ချင်းကို စောင်းပြီးပြောချင်သလိုပြောသွားတာလေ . . အဲဒါလား ပျော်တတ်တာ . . . ဟိုတစ်နေ့က ကားဘီးလဲထားပေးတဲ့ ကျေးဇူးလေးရှိနေလို့ သည်းခံနေတာ . . မဟုတ်ရင် အအေးပုလင်းနဲ့ကောက်ထုလိုက်တာ ကြာပြီ . . ."

သူ့စကားကြောင့် သင်းသင်းက . . .

"အမလေး ကြောက်စရာ ကြီးပါလား"

ဟု ပခုံးတွန့်ရင်း ပြောင်ချော်ချော်ဖြင့်ဆိုသည်။

"သွားမလုပ်နဲ့ သူငယ်ချင်း . . ပုလင်းနဲ့ကောက်ထုလိုက်လို့ ဒဏ်ရာရသွားကာမှ တစ်သက်လုံးပြုစုစောင့်ရှောက်နေရဦးမယ်"

ဝါဝါက သူမကို အရယ်တစ်ဝက်ဖြင့်ဆိုသည်။

"နေပါဦး . . . နင်တို့နှစ်ယောက်ကိုကြည့်ရတာ အဲဒီ့ကောင်နဲ့ ငါ့ကို စွတ်လျှော်နေကြသလိုပဲ . . . ဘယ်ကမှန်းမသိ ဘာမှန်းမသိနဲ့ ရုပ်ဖြောင့်တာလေးတစ်ခုကိုကြည့်ပြီး ငါနဲ့သဘောတူစရာလား"

သူမ၏အဆိုကြောင့် ဝါဝါနှင့်သင်းသင်းက . . .

"အေး . . . တူ စရာပဲ"

ဟု ပြိုင်တူဆိုသည်။ သူမကလည်း အားကျမခံပင် . . .

"နင်တို့ တူလည်း ငါ့မှာက ကိုကြီးရှိပြီးသား"

ဟု မျက်စိစုံမှိတ်ကာ ဆိုဖြစ်သည်။ ဘာရယ်မဟုတ် 'ကိုကြီး' ဟု ဆိုလိုက်ရသည့်ခဏ ရင်မှာရှိန်းခနဲဖြစ်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

*A woman's sword is her tongue*
*and she does not let it rust.*

မိန်းမတစ်ယောက်၏ဓားသည် သူမ၏လျှာဖြစ်သည်။
သူမသည် ၎င်းဓားကို သံချေးအတက်မခံပေ။

Chinese Proverb

www.burmeseclassic.com

www.burmeseclassic.com



“မင်း ဒီပုံစံအတိုင်း တောက်လျှောက် သူ့ကို စ,နေ နောက်နေလို့တော့ မကောင်းဘူး ထင်တယ်ကွ . . .”

“ဘာဖြစ်လို့လဲ . . .”

‘ဘာဖြစ်လို့လဲ’ ဟု သူပြန်မေးဖြစ်သည်။

“ဘာဖြစ်ရမှာလဲကွ . . . မင်းကရွဲ့ . . သူကရွဲ့ . . ရွဲ့ရင်းနဲ့ ချော်ကုန်မှာပေါ့ကွ . . . မင်းပဲ စကားကို ရွဲ့ပြောတတ်တာမှ မဟုတ်တာ . . . သူတို့မိန်းကလေးတွေက ပိုတောင်ပြောတတ်သေး . . မင်း မကြားဖူးဘူးလား . . မိန်းမတစ်ယောက်ရဲ့ဓားက သူမရဲ့လျှာဖြစ်တယ် . . . အဲဒီမိန်းမဟာ သူ့ရဲ့ဓား

မိန်းမတစ်ယောက်ရဲ့
ဓားက သူမရဲ့
လျှာဖြစ်တယ်
အဲဒီမိန်းမဟာ
သူ့ရဲ့ဓားကို
ဘယ်တော့မှ
သံချေးအတက်
မခံဘူးတဲ့
. . .



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တော့မှ သံချေးအတက် မခံဘူးတဲ့ . . ."

"ဘာဆိုင်လို့တုံး . . ."

ထွဋ်မောင်၏စကားကို လှဦးက 'ဘာဆိုင်လို့တုံး'ဟု အထွန့်တက်သည်။

"ဟ . . . ဆိုင်တာပေါ့ကွ . . ဖြစ်ခဲ့သမျှကိစ္စတွေမှာ မင်းပြန်ကြည့်လိုက်လေ . . . မင်းကောင်က ယွန်းကို နှိပ်ကွပ်ခဲ့တာချည်းပဲ . . ဟိုကလည်း ပုထုဇဉ်ပဲကွ . . တစ်ခါနှစ်ခါတည်းကိစ္စမဟုတ်တော့ စိတ်ခုမှာပဲ . . . ဘယ်မိန်းမမှ ဓားနဲ့တူတဲ့သူတို့ရဲ့လျှာကို သံချေးအတက်မခံဘူး . . .

တစ်ချိန်မှာ လူရှေ့သူရှေ့မှာ ပိုးစိုးပက်စက်ကြီး ပြန်ပြောတော့မှ အရှက်ဟက်တက်ကွဲနေဦးမယ် . . . ပြီးတော့ သူက ယွန်းကိုကြိတ်ကြွေနေတာလေ . . ."

"ဟကောင် . . . မဆိုင်တာထည့်မပြောနဲ့ . . ဘယ်တုန်းကသူ့ကိုကြွေတယ်လို့ ငါပြောဖူးလို့တုံး . . ."

မျက်နှာပူပူဖြင့် သူ ထအော်ဖြစ်သည်။ ထွဋ်မောင်က ခေါင်းကိုခါသည်။

"ငါ့ကိုလာမငြင်းနဲ့ တေဇ . . . မင်းစကားဆယ်ခွန်းပြောရင် ရှစ်ခွန်းမှာ ယွန်းဆိုတဲ့ နာမည်ပါတယ် . . သင်တန်းသွားရင်လည်း မင်းမျက်လုံးက ယွန်းဆီမှာပဲ ရောက်ရောက်နေတယ် . . ကဲ . . အဲဒါဘာဖြစ်လို့တုံး . . . ကဲ ပြော . . . ငါ နောက်ချင်လို့ပါကွာလို့ မဖြေနဲ့ . . မရဘူး"

"ဘာဖြစ်လို့ သံယောဇဉ်တွေ အမျှင်တန်းနေတာတုံး"

ထွဋ်မောင်က မျက်ခုံးကိုပင့်ရင်းဆိုသည်။

"မင်း ဝန်မခံလို့ပါ တေဇရာ . . . ဒါမှဟုတ် သူ့ကိုချစ်တာမသိသေးဘူးဆိုရင် မင်းကိုယ်မင်း ပြန်မမေးဖြစ်လို့ မသိသေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ် . . .”

လှဦးကပါ ထွန်းမောင်နောက်ကို သံယောင်လိုက်ကာဆိုသည်။ သကောင့် သားနှစ်ကောင်ပြောသမျှကို သူ တစ်ခွန်းမှ ပြန်၍ မဆိုနိုင်။

သကောင့်သားတွေ ပြောသမျှသည် လည်း ဟုတ်နေခဲ့သည် ကိုး။

“ဒီတော့ကွာ . . . ကိုယ်စိတ်ဝင်စား တဲ့ မိန်းကလေးတစ်ယောက်ကို သူ စိတ်ဝင် စားနိုင်တဲ့နည်းနဲ့ မချဉ်းကပ်ဘဲနဲ့ ရွဲ့ပြီးတော့ မခံချင်အောင် စနောက်ပြီးချဉ်းကပ်တာ . . မှားတာပေါ့ကွ . . .”

ထွန်းမောင်က သက်ပြင်းချရင်းဆို သည်။

“ကြည့်ရတာ သူ့သူငယ်ချင်းနှစ် ယောက်က မင်းကို . . . သူတို့သူငယ်ချင်းနဲ့ သဘောတူတဲ့ပုံစံမျိုးပဲကွ . . အကူအညီသာ လိုရင် ကြည်ကြည်ဖြူဖြူနဲ့ လိုလိုချင်ချင် ကူညီ ကြမယ့်သဘောပဲ . . .”

လှဦးကလည်း ခေါင်းကို တဆတ် ဆတ်ညိတ်ရင်း ဆိုသည်။

“ဒါပေမယ့် ငါက မင်းတို့ပြောသလို ယွန်းကို အရွဲ့တိုက်နေတာ မဟုတ်ဘူးကွ . . သူ့ကိုမြင်တာနဲ့ကိုပဲ . . . စိတ်ထဲမှာ အလိုလို နောက်ချင်နေတာ . . .”

ပင်းစကား
ဆယ်ခွန်းပြောရင်
ရှစ်ခွန်းမှာ
ယွန်းဆိုတဲ့
နာမည်ပါတယ်
သင်တန်း
သွားရင်လည်း
ပင်းမျက်လုံးက
ယွန်းဆီမှာပဲ
ရောက်ရောက်
နေတယ် . .



www.burmeseclassic.com

www.burmeseclassic.com



စပ်ဖြီးဖြီးဆိုသော သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က . . .

"မင်းကတော့ ဖြစ်ရမယ် . . ."

ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။ လှဦးက . . .

"ကဲ . . . မင်းကို ပွင့်ပွင့်လင်းလင်းပဲ မေးမယ်ကွာ . . . မင်း အဲဒီကောင်မလေးကို ကြိတ်ကြွေနေတာတော့ . . သူတို့လည်း အနည်းနဲ့အများဆိုသလို သိနေလောက်ပြီ . . မင်း လှုပ်ရှားမှာလား . . မလှုပ်ရှားဘူးလား . . လှုပ်ရှားမယ်လို့ စိတ်ကူးရင်လည်း လုပ်ငန်းစတော့ . . . အချိန်နဲ့ဒီရေက လူကိုမစောင့်ဘူး . . ပြောမယ့်သာ ပြောရတယ် . . . ဟိုက လိုင်စင်ရှိနေပြီလားတောင် မသိဘူး . . ."

လှဦး၏စကားကြောင့် သူ နင်တင်တင်ကြီးဖြစ်သွားရသည်။

"ရှိမယ်မထင်ပါဘူးကွာ . . မင်းကလည်း မဦးမချွတ်နဲ့"

မျက်မှန်ကြီးကုတ်ကာဆိုသော သူ့အဆိုကြောင့် လှဦးက ပြောင်ချော်ချော်ဖြင့် . . .

"အေးပါ . . . အေးပါ . ."

ဟု ဆိုသည်။

"ရည်းစားရှိတော့လည်း ရှိပေါ့ကွာ . . ဘာဖြစ်လဲ . . . ယောက်ျားရှိတာမှ မဟုတ်တာ . . . ဆုတောင်းရမှာက အပျိုဖြစ်ပါစေလို့ . . ဆုတောင်းရမှာ . . . ဒါမှမဟုတ်ရင်လည်း တစ်ခုလပ်ပေါ့"

ထွန်းမောင်၏ ရွတ်နောက်နောက်စကားကြောင့် သူ ထွန်းမောင်ကို . . .

"ခွေးကောင် . . ."

ဟု ဆဲရေးဖြစ်သည်။

www.burmeseclassic.com



"ရည်းစားလား . . . လုံးဝပဲ . . . မရှိဘူး . . အာမခံတယ် . . ဒါပေမယ့် . . ."

ထူးထူးခြားခြား ယွန်း သင်တန်းကို မလာသောနေ့မို့ သူတို့သုံးကောင် ဝါဝါတို့နှင့် ကဲန်တင်းထိုင်ကြရင်း စကားရော ဖွဲရောဖြင့် မသိမသာ အစ်နေကြခြင်းဖြစ်ပါသည်။

မသိမသာဟုဆိုသော်လည်း ဝါဝါနှင့် သင်းသင်းနှစ်ယောက်စလုံး မျက်နှာပေါ်မှာ 'သိနေတယ်နော်' ဟူသော အမူအရာကြီးတွေ ပေါ်နေကြသည်။

'ဒါပေမယ့်' ဟူသော စကားကြောင့် သူ့ရင်မှာထိတ်ခနဲဖြစ်ကာသွားသည်။ ဝါဝါက

သူက ပန်းလေးတွေ
ကြိုက်တတ်တယ်
နောက်ပြီးတော့
သီချင်းအေးအေး
လေးတွေကို
ကြိုက်တတ်တယ်
မွေးနေ့ဆိုရင်
ရွှေတိဂုံဘုရားမှာ
ပုတီး
သွားစိပ်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



စကားကို ရှေ့မဆက်ဘဲ သင်းသင်း၏ မျက်နှာကို ကြည့်သည်။

'ပြောလိုက်ရမလား' ဟူသောအကြည့်။

တိုင်ပင်သောအကြည့် ဖြစ်သည်။

"မာတ်ရှင်တွေထဲကလို ပေးစားမယ့်လူရှိနေလို့လား . . . ယွန်းရဲ့အမေမှာ နှလုံးရောဂါတွေ ဘာတွေရှိပြီး ရောဂါနဲ့အကျပ်ကိုင်လို့ စေ့စပ်ထားရတာမျိုး . . ."

လှဦး၏ရွတ်နောက်နောက်အဆိုကြောင့် သင်းသင်းတို့နှစ်ယောက်က တခွီးခွီးဖြင့်ရယ်သည်။

"အဲဒါမျိုးတော့ မဟုတ်ဘူး . . . နှစ်ဖက်မိဘတွေက ဖွင့်မပြောကြပေမယ့် ကြိတ်ပြီးသဘောတူထားတာမျိုး . . အဲဒီလူနာမည်က ကိုဇော်နိုင်တဲ့ . . . ယွန်းကတော့ ကိုကြီးလို့ပဲခေါ်တယ် . . ချစ်တာမဟုတ်ပေမယ့် ယွန်းက အဲဒီလူနဲ့မှ အိမ်ကနေရာချပေးမယ်ဆိုရင် ငြင်းမယ့်သဘောမှာ မရှိဘူး . . ."

ဝါဝါက အကျိုးအကြောင်းကို ရှင်းပြသည်။

သင်းသင်းက . . . .

"အဲဒီလူကြီးကို ယွန်းကသာ ကိုကြီး . . ကိုကြီးနဲ့ လေးစားနေတာ . . သင်းသင်းတို့က ကြည့်မရဘူး . . ရိုးသားမှုမရှိသလိုပဲ . . ယွန်းရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေမှန်း သိရဲ့သားနဲ့ သင်းသင်းတို့ကိုတောင် တစ်ခါတလေ လစ်ရင်လစ်သလို ကြောင်ချင်သေးတာ . . အဲဒါကို ပြောပြတော့ ယွန်းက လုံးဝလက်မခံဘူး . . . ခင်ခင်မင်မင်နေတတ်တာပါတဲ့ . . ."

"သူ့ကိုကြီးကို အပြစ်ပြောရင် လုံးဝမရဘူး . . . အရမ်းစိတ်ဆိုးတာ . ."

သင်းသင်း၏စကားအဆုံးမှာ ဝါဝါက ဝင်၍ဆိုသည်။

"ဝါဝါတို့ပြောပုံအရဆိုရင် ယွန်းက အဲဒီလူကို ချစ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး . . ဒါပေမယ့် သံယောဇဉ်တော့ ရှိတယ် . . . အဲဒီသံယောဇဉ်ကြောင့်ပဲ အိမ်ကစီစဉ်ခဲ့ရင်လည်း ခေါင်းညိတ်ဖို့ရှိတယ် . . အဲဒီလိုလား . . ."

"အင်း . . . ."

ထွန့်မောင်၏အမေးကို ဝါဝါက 'အင်း' ဟု ခေါင်းညိတ်သည်။

"ဟိုလူဘက်ကကျတော့ရော ယွန်း အပေါ်မှာ ဘယ်လိုလဲ"

သူ မေးချင်နေသောမေးခွန်းကို လှဦးကိုကြိုသိနေသည့် အလား ကောက်ခါင်ကာ ထ၍မေးသည်။

"ဩော် . . . ယွန်းရဲ့သူငယ်ချင်းတွေကိုတောင် လစ်ရင်လစ်သလို ကြောင်ပါတယ်ဆိုနေမှတော့ ယွန်းကိုလည်း ဘယ်အလွတ်ပေးပါ့မလဲ . . . ဒါပေမယ့် ကံကောင်းတာတစ်ခုက ယွန်းက သိပ်ကြွန္တြေကြီးတယ် . . ဝါဝါတို့မပါဘဲနဲ့ ဘယ်တော့မှ အဲဒီ့လူနဲ့ သွားသွား လာလာမလုပ်ဘူး . . .

ဟိုလူဘက်ကတော့ တောက်လျှောက်ကို Try တာ . . ဖုန်းဆက်ရတာလည်း အမော ပဲ . . ဟိုလိုက်ပို့မယ် . . ဒီလိုက်ပို့မယ်ပေါ့ . . ဒါပေမယ့် ယွန်းက ဝါဝါတို့နှစ်ယောက်ထဲက တစ်ယောက်မဟုတ် တစ်ယောက်ပါမှ . . . ဒါမှမဟုတ်ရင်လည်း အိမ်သားတစ်

ယွန်းရဲ့သူငယ်ချင်း
အရင်း
ခေါက်ခေါက်ကြီး
တော့မှန်း
သိရဲ့သားနဲ့
သင်းသင်း
တို့ကိုတောင်
တစ်ခါတလေ
လစ်ရင်လစ်သလို
ကြောင်ချင်
သေးတာ . .



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်ပါမှ မဟုတ်လို့ကတော့ ခလိမ္မာနဲ့ရအောင် ငြင်းတာ"

"တော်သေးတာပေါ့ဗျာ . . ."

ဝါဝါ၏စကားအဆုံးမှာ လှဦးက ရင်ဘတ်ကိုဖိကာ ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"မတော်သေးနဲ့ဦး . . . ယွန်းရဲ့ခေါင်းထဲမှာက အဲဒီ့လူက သူ့ကိုဂရုစိုက်တယ်ဆိုပြီး နည်းနည်းတော့ သာယာနေတယ် . . . တော်တန်ရုံလူ လာရစ်တာလောက်ကတော့ ရင်ကိုမခုန်တာ . . . ကိုကြီးရှိနေတာပဲဆိုတဲ့ စကားကပြောသေးတာ . . ဟိုလူဘက်ကလည်း ဘယ်လောက်တောင် အပိုင်တွက်ထားလဲ မသိဘူး . . . ယွန်းကို Propose တောင်မလုပ်သေးဘူး . . ."

သင်းသင်း၏စကားက သူ့ရင်ထဲ နင်တင်တင်ကြီးဖြစ်သွားစေသည်။

"တခြား ငနဲတွေက ယွန်းကို မလိုက်ကြဘူးလား . . ."

"သိပ်လိုက်ကြတာပေါ့ . . . အဲဒီ့အချိန်မျိုးကို ယွန်းက သူ့ကိုကြီးနဲ့ နည်းနည်းပါးပါးတွဲပြလိုက်ရော . . လိုက်တဲ့လူတွေက သူတို့ကို ဟိုလိုလို ဒီလိုလိုထင်ပြီး နောက်ဆုတ်ကုန်ကြရော . . ."

"ကြည့်ရတာ ဇွဲမရှိကြလို့နဲ့တူတယ် . . ."

သူ့စကားကြောင့် ဝါဝါက ဟက်ခနဲရယ်သည်။

"ဘယ်လောက်ပဲ ဇွဲရှိရှိ . . တောက်လျှောက်ကြီးလိုလို တွဲပြနေမှတော့ ဘယ်လိုလူက ခံနိုင်ရည်ရှိတော့မှာလဲ . . . သူတို့စိတ်ထဲမှာ ယွန်းနဲ့အဲဒီ့လူကို အိုကေနေကြတယ်ပဲ ထင်မှာပေါ့ . . . ယွန်းတို့အကြောင်း အတွင်းကျကျသိတဲ့လူမှ သိပ်မရှိတာ . . ."

"ဒါဆို ကျွန်တော်တို့ကောင်ကြီး ကံကောင်းတာပေါ့ . . ."

ဝါဝါ၏စကားအဆုံးမှာ ထွဋ်မောင်က သူ့ကိုမေးငေါ့ပြရင်း

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြဲကြဲဖြင့်ဆိုသည်။

“ကံကောင်းမကောင်းတော့ မသိဘူး . . . ယွန်းကတော့ ကိုတေဇအကြောင်းပြောလိုက်ရင် မျက်နှာကြီးကို သုန်မှုန်သွားတာပဲ . . . ကိုတေဇကလည်း အစအနောက်သန်တာကိုး . . .”

သင်းသင်း၏အဆိုကြောင့် သူခေါင်းကိုကုတ်ဖြစ်သည်။

“ကျွန်တော်က သူ့ကို စိတ်ညစ်ပါစေတော့ဆိုပြီးတော့ စတာမဟုတ်ဘူး . . . ဘယ်လိုပြောမလဲ . . . သူ့ပုံစံမြင်ရင်ကို အလိုလိုစချင်လာလို့ စတာ . . . ဒါပေမယ့် အခုနောက်ပိုင်း ကျွန်တော်ဆင်ခြင်ပါတယ် . . .”

“ကြိုးစားပါ . . . ဝါတို့လည်း တတ်နိုင်သလောက် အစွမ်းကုန် ကူညီမှာပါ . . .”

ဝါဝါက အားပေးစကားဆိုသည်။

“သူက ပန်းလေးတွေကြိုက်တတ်တယ် . . နောက်ပြီးတော့ သီချင်းအေးအေးလေးတွေကို ကြိုက်တတ်တယ် . . မွေးနေ့ဆိုရင် ရွှေတိဂုံဘုရားမှာ ပုတီးသွားသွားစိပ်တတ်တယ် . . အမြဲတမ်းမဟုတ်ရင်တောင် အနည်းဆုံးတစ်လမှာ နှစ်ရက်လောက်တော့ သွားတတ်တယ် . . .”

သင်းသင်းက မချိုမချဉ်ဖြင့် သူမ၏အကျင့်တချို့ကို ရွတ်ပြသည်။

ဘာရယ်မဟုတ် သူ ခေါင်းကို တဆတ်ဆတ်ညိတ်ပြရင်းနားထောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“အေး . . . ပြော . . . ညီမလေး . . .”

“ကိုလေး . . . မမိုက်ဘူး . . .”

ဖုန်းထဲမှ ကြားရသော ပြစ်တင်စကားကြောင့် သူမျက်မှန်ကုတ်ဖြစ်သည်။ ‘မမိုက်ဘူး’ ဟုဆိုသော ညီမလေး၏စကားက ဘာကိုဆိုလိုမှန်း သူ မသိ။

“ဘာကိုမမိုက်တာလဲ ညီမလေးရ . . . စကားကိုရှင်းအောင် ပြော . . .”

“အခုမှ ရူးချင်ယောင်ဆောင်မနေပါနဲ့ . . .”

“ဟ . . . ဘာလဲဟ . . . စကားက အစမရှိအဆုံးမရှိနဲ့ လူကို လာအော်နေတယ်”

ညီမလေးကို သူ စိတ်မရှည်စွာပင်

ကိုယ့်
ယောက်ျားလေး
ရဲ့စရိုက်က
ဘယ်လိုပုံစံရှိတယ်
ဆိုတာလောက်တော့
လေ့လာသင့်တယ်
မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖြစ်သည်။

"ဘာဖြစ်လို့ ညီမလေး အော်ရလဲဆိုတာ တကယ်မသိတာလား . . ."

"အေး . . . မသိလို့ပေါ့ဟ . . . ဘာမှာမှ မပြောဘဲနဲ့ . . . ဘယ်လိုလုပ် သိမှာတုံး . . . အကြားအမြင်ရနေတာမှ မဟုတ်တာ"

စိတ်တိုတိုရှိသည်မို့ ခပ်ရွတ်ရွတ်ပင်ဆိုဖြစ်သည်။

"ညီမလေး ရည်းစားထားတဲ့ကိစ္စကို ဘာဖြစ်လို့ အိမ်ကသိအောင် သွားချွန်ရတာတုံး . . ."

"ဘာ . . . ."

"အခု ညီမလေး ကောင်းကောင်းအဆူခံနေရပြီ . . . အဲဒါ . . . ကိုလေးကြောင့် . . . ."

"အာ . . . မဟုတ်ဘူးနော် ညီမလေး . . . တစ်ခုခုတော့ လွဲနေပြီ . . . ဒီရက်ပိုင်းအတွင်းမှာ ကိုလေး ညီမလေးတို့ဆီ ရောက်လည်းမရောက်ဘူး . . . ဖုန်းလည်းမဆက်ဖြစ်ဘူး . . ."

"ဒါဖြင့် အိမ်က ဘယ်လိုလုပ်သိသွားတာတုံး . . ."

"ဟ . . . ဘယ်သိ . သဲ . . တခြားတစ်ယောက်ယောက် လာချွန်သွားတာနေမှာပေါ့ . . . အဲဒါကြောင့် ကိုလေးမပြောဘူးလား . . . အသွားအလာ ဆင်ခြင်ပါလို့ . . ."

"တွေးတော့ တွေးမိပါတယ် . . ကိုလေးမှာ အဲဒီ့လို ချွန်တတ်တဲ့ အကျင့်မရှိပါဘူးလို့ . . ."

ဒေါသသံပါနေသော ညီမလေး၏အသံတို့က စိတ်ရှုပ်သောအသံဘက်ကို ကူးပြောင်းကာသွားသည်။

"ဘာလဲ အန်ကယ်လ်တို့က အပြင်မထွက်ရဘူးတို့၊ ဘာတို့ ချုပ်ချယ်နေလို့လား . . ."

"အဲဒီ့လိုတော့ မဟုတ်ဘူး . . . ရည်းစားရှိတာကို အသိမ



www.burmeseclassic.com

www.burmeseclassic.com



ပေးလို့တဲ့ . . . မထားရဘူးလို့တော့ မတားပါဘူးတဲ့ . . . ဒါပေမယ့် ဘယ်လိုလူမျိုးလဲ ဆိုတာ လေ့လာရအောင်လို့ သူတို့ကို အသိပေးသင့်တယ်တဲ့လေ . . .”

“အေးလေ . . . အဲဒါလည်း ဟုတ်တာပဲ . . .”

“ဒါပေမယ့် ညီမလေးက ရည်းစားရှိနေတဲ့ကိစ္စကြီးကို ဘယ်လိုလုပ်ပြောရမှာလဲ”

“အခုတော့ မပြောလည်းသိသွားပြီမဟုတ်လား . . . သိသွားတဲ့အတူတူ ခေါ်ပြီး မိတ်ဆက်ပေးလိုက်ပေါ့ . . . .”

“အာ . . . ရှက်စရာကြီး . . .”

သူ့စကားကို ညီမလေးက ‘ရှက်စရာကြီး’ ဟုဆိုသည်။ အတန်ကြာမှ . . . .

“ကိုလေးနဲ့ မိတ်ဆက်ပေးရမလား”

“ဆက်ပေးမနေနဲ့ . . .”

ဟု ဆိုသော သူ့စကားအဆုံးမှာ . . . သူမက . . . .

“ကိုလေးကလည်း ကိုယ့်ရဲ့ယောက်ဖလောင်းရဲ့စရိုက်က ဘယ်လိုပုံစံရှိတယ်ဆိုတာ လောက်တော့ လေ့လာသင့်တယ်မဟုတ်လား”

ဟု ဆိုသည်။

“လေ့လာရမှာက နင်လေ့လာရမှာ . . ငါ့ကိုလာပြီး လေ့လာခိုင်းမနေနဲ့ . . . အူကြောင်ကြောင်နဲ့ . . . နောက်ပြီး ယောက်

> လေ့လာရမှာက
> နင်လေ့လာရမှာ
> ငါ့ကိုလာပြီး
> လေ့လာခိုင်း မနေနဲ့
> အူကြောင်ကြောင်နဲ့
> . . . နောက်ပြီး
> ယောက်ဖလောင်းတွေ
> ဘာတွေ
> လာမပြောနဲ့
> နားခါးလွန်းလို့
> . . .



www.burmeseclassic.com

www.burmeseclassic.com



ဖလောင်းတွေ ဘာတွေ လာမပြောနဲ့ . . . နားခါးလွန်းလို့ . . . ဒါပဲ"

ပြောပြီး သူ ဖုန်းချဖြစ်သည်။

ဘာရယ်တော့မဟုတ်။ ယောက်ဖဆိုသောစကားကို ကြားရသောခဏ နင်တင်တင်ကြီးဖြစ်သွားရသည်ကတော့ အမှန်ပဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





“ဟာ ကောင်တေဇ ,... ဟိုမှာ ယွန်းတို့ ထိုင်နေတယ် ... ဟော ...ဝါဝါက လှမ်းရယ်ပြနေတယ် တွေ့လား ...”

လှဦးက ဘောလုံးပွဲကြေညာသူလို မြင်သမျှကို မရပ်မနား တင်ပြသည်။

“ဘယ်လိုလဲ ..အတူတူ သွားထိုင်မှာလား ..တခြားဝိုင်းမှာ ထိုင်မှာလား ..”

ထွန်းမောင်က လှမ်းလျှောက်နေရင်းမှ ခပ်တိုးတိုးမေးသည်။ အမေးကို နှုတ်မှ မဖြေဘဲ သူမရှိရာဝိုင်းဆီ တည့်တည့်ကြီး လျှောက်သွားခြင်းဖြင့် ထွန်းမောင်၏အမေးကို ဖြေဖြစ်သည်။

အခုထိ
ဖန်ခွက်
တစ်လုံးမှလည်း
မကွဲသေးသလို
...
ဘယ်သူ့
နဖူးမှလည်း
အာလူး
မသီးသေးဘူးလေ
...



www.burmeseclassic.com

www.burmeseclassic.com



"လာ . . . ကိုတေဇ . . ."

သူ့ကိုမြင်သည်နှင့် ကြည်လင်ပုံမရသော သူမက တစ်ဖက်သို့ မျက်နှာလွှဲသွားချိန်မှာ သင်းသင်းက . . . . .

"လာ . . ."

ဟု ဖိတ်မန္တကပြုသည်။

"ဒီမှာ ဆွေးနွေးပွဲ လုပ်နေကြတာ . . ."

တစ်လက်စတည်းဆိုသလို သင်းသင်းက ဆိုသည်။

"ဘာအကြောင်းပြောနေကြလဲ မသိပေမယ့် အချေအတင်ဆွေးနွေးနေတာတော့ မဟုတ်လောက်ဘူး . . ."

ပြောင်ချော်ချော်ဖြင့်ဆိုသော သူ့စကားကြောင့် ဝါဝါက . .

"ဘာဖြစ်လို့တုံး . . ."

ဟု ဆိုသည်။ သူမကတော့ ထုံးစံအတိုင်း စူးခနဲကြည့်ကာ ခပ်တည်တည်ပင် မျက်နှာကိုလွှဲသည်။

"ဘာဖြစ်ရမှာတုံး . . . အခုထိ ဖန်ခွက်တစ်လုံးမှလည်း မကွဲသေးသလို . . . ဘယ်သူ့နဖူးမှလည်း အာလူးမသီးသေးဘူးလေ"

သူ့စကားအဆုံးမှာ အားလုံးက ဝါးခနဲရယ်ကြသည်။ သို့သော် ထိုအထဲမှာ သူမ မပါ။ သူမက ရယ်ချင်နေသော်လည်း အောင့်အီးထားဟန်ဖြင့် နှုတ်ခမ်းအနည်းငယ်ကွေးသည် (တွန့်သည်) ဆိုရုံမျှသာ ပြုံးသည်။

"အတည်ပြောတာ ကိုတေဇရဲ့ . . . ဝါဝါတို့ ICT ပြပွဲကို သွားကြည့်ကြမလို့ . . . အဲဒါ ဆွေးနွေးနေကြတာ . . ."

"ဟုတ်လား . . . ကျွန်တော်တို့လည်း သွားကြမလို့ . . . စောစောကပဲ ပြောနေကြသေးတာ . . . တိုက်တိုက်ဆိုင်ဆိုင်ပါလား . . . အေးလေ . . . Computer သုံးတဲ့လူတိုင်းကတော့ ဒီလို ICT ပြပွဲအချိန်မှာ ဒီအကြောင်းပဲ ပြောဖြစ်၊ တွေးဖြစ်နေကြမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို ဝင်၍ဆိုသော ထွန့်မောင်၏ဖောလုံးကြောင့် သူနှင့်လှဦးက ဘာရယ်မဟုတ်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ဖြစ်ကြသည်။ ၎င်းကပင်ဆက်၍ . . .

"ကျွန်တော်တို့ကတော့ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ဘာပစ္စည်း ပဲလိုလို ဒီကောင်ကြီးကိုပဲ ဆရာတင်ရတာ . . ဒီကောင်က ဆရာကြီး . . . . ကွန်ပျူတာနဲ့ပတ်သက်တာ မှန်သမျှ သူ အကုန်သိတယ်"

"တော်တန်ရုံ ပျက်တာလောက်တော့ Service Center သွားစရာမလိုဘူး . . . ဒီကောင့်ကိုသာ အပ်လိုက် . . . အားလုံး ပွဲသိမ်း . . ."

ထွန့်မောင်၏စကားနောက်ကို လှဦးကပါ ခေသူမဟုတ်သူ ပိပိ ဝင်၍ယျှပ်တစ်ပြက် ကြော်ငြာဝင်သည်။ ဝါဝါက . . .

"ပွဲသိမ်းဆိုတာ ဘာကိုပြောတာတုံး . . . လုံးလုံးပစ်လိုက် ရတာကိုပြောတာလား"

"ဟုတ်တယ် . . . ဒီကောင် ကလိလိုက်လို့ ပျက်သွားတဲ့ ကွန်ပျူတာတွေတစ်ပုံကြီးပဲ . . . တော်ရုံတန်ရုံပျက်တာဆို သူ့ကို အသိမပေးရဲဘူး . . သိတယ်မဟုတ်လား . . ဒီကောင်က သိပ်ဖျက်ချင် . . . အဲလေ . . . သိပ်ပြင်ချင်တာလေ . . ."

> "ကျွန်တော်တို့ကတော့ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ ဘာပစ္စည်းပဲ လိုလို ဒီကောင်ကြီးကိုပဲ ဆရာတင်ရတာ . . ဒီကောင်က ဆရာကြီး . . . ."



www.burmeseclassic.com

www.burmeseclassic.com



ဝါဝါ၏အမေးကို လှဦးကဖြေသည်။ လှဦး၏ရှတ်နောက် နောက်အဆိုကြောင့် အားလုံးရယ်ဖြစ်ကြပြန်သည်။

ဝါဝါနှင့်သင်းသင်းက စကားတစ်ခွန်းနှစ်ခွန်းဆိုလိုက် . . ရယ်မောလိုက်လုပ်နေသော်လည်း သူမကတော့ အအေးသောက်ပင် မပျက်။ နားထောင်သူသက်သက်သာ လုပ်ကာနေသည်။

မျက်မှန်ကြီးကုပ်ကာနေရာက သူမမျက်နှာက တဖြည်းဖြည်း ပျော့ပျောင်းကာလာသည်ကို တွေ့ရသည်မို့ ဘာရယ်တော့မဟုတ် သူ ကြိတ်ကာကြည်နူးရသည်။

www.burmeseclassic.com

www.burmeseclassic.com



“မင်း ရဲ့ဖုန်း ခဏပေး ...”

ထွန်းမောင်က သူ့ဖုန်းကို တောင်းနေသည်မို့ ဘုမသိ ဘမသိ ဖုန်းကိုထုတ်ပေးဖြစ်သည်။

“ဘာလုပ်မလို့လဲ ...”

ဖုန်းကိုပေးလိုက်ရင်းက ထွန်းမောင်ကို သူမေးဖြစ်သည်။ ဖုန်းဆက်ရန်တော့ ဟုတ်ဟန်မတူ။

အဘယ်ကြောင့်ဆိုသော် ထွန်းမောင်လက်ထဲမှာ ၎င်း၏ဖုန်း ပါနေသောကြောင့်ဖြစ်သည်။ ထွန်းမောင်က မော်ပင်မကြည့်ဘဲ

‘ရှာဖွေလေ
တွေ့ရှိလေ’
ဆိုတဲ့စကားကို
မင်း
မကြားဖူးဘူးလား
အဲဒီ
စကားလိုပေါ့ကွာ



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းတို့သုံးယောက်ရဲ့ဖုန်းနံပါတ်တွေ မင်းဖုန်းထဲမှာ ထည့်ထားပေးမလို့ကွ . ."

"ဟ . . . ဟုတ်လှချည်လား . . . မင်းက သူတို့ဖုန်းနံပါတ် ဘယ်လိုသိတာတုံး . . ."

သူ့အမေးကို ထွန်းမောင်က ပြန်၍မဖြေ။ ဆရာကြီးအထာဖြင့် မိန့်မိန့်ကြီးလုပ်ကာနေသည်။ လှဦးက သူ့ကိုကြည့်ရင်း . . .

"ရှာဖွေလေ တွေ့ရှိလေ ဆိုကဲ့စကားကို မင်းမကြားဖူးဘူးလား . . အဲဒီစကားလိုပေါ့ကွာ . . မင်းရဲ့ဆရာနှစ်ယောက်က မင်းအတွက် အလိုက်သိသိနဲ့ စုံစမ်းပေးထားတာ . . . ဆရာကြီးတွေပဲ ဆောလည်းကွာ . . . ဖုန်းနံပါတ်လေး သုံးလေးလုံးလောက် စုံစမ်းရ . . . အပန်းမကြီးပါဘူး . . ."

လှဦး၏စကားကြောင့် သူ အောင့်သက်သက်ဖြင့် . . .

"အေးပါကွာ . . . အေးပေါ့"

ဟုဆိုရင်း ရယ်ဖြစ်သည်။

"ရော့ . . ."

ထွန်းမောင်က သူ့ဖုန်းကို သူ့ဆီပြန်ပေးသည်မို့ သူက Phone Book ကို ဖွင့်ကြည့်ဖြစ်သည်။ ပြီး . . .

"သေချာပါတယ်နော် . . . တော်ကြာ . . မင်းတို့ဖုန်းနံပါတ်တွေ အစ်လွှဲကြီးဖြစ်နေဦးမယ် . . . ."

ဟု ဆိုဖြစ်သည်။

"သူ့အမေးကို လှဦး၏အဖြေက သင်းသည်။

"မင်းဆရာတွေက ဘယ်တုန်းက လွှဲဖူးလို့တုံး . . ."

တဲ့။

www.burmeseclassic.com



ဘာရယ်တော့မဟုတ်။

ထိုညက . . . ဘော်ဒါနှစ်ကောင်၏ ကောင်းမှုဖြင့် သိလာရသော . . . ယွန်း၏ ဖုန်းနံပါတ်ကို သူ အကျိုးရှိစွာ အသုံးချဖြစ်သည်။

"အိပ်ပြီလား . . ."

ဟူသော Messageကို သူ လှမ်းပို့ဖြစ်သည်။ သူမဘက်က ဘာ Message၊ ဘာ တုံ့ပြန်မှုမှ ပြန်မလာသော်လည်း သူ ကြည်နူးနေမိသည်ကတော့ အမှန်။

တုံ့ပြန်မှုမလာသည့်အကြောင်းရင်းက သူမဖုန်းနှင့်လူ တစ်နေရာစီဖြစ်နေ၍ သော်လည်းကောင်း သို့တည်းမဟုတ် သူမ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေ၍သော်လည်းကောင်း ဖြစ်နိုင်သည်။

"ဘာပဲပြောပြော ဒီညမတွေ့ရင်လည်း မနက်ဖြန်တော့ တွေ့မှာပါ . . ."

ဟု သူတွေးဖြစ်သည်။ ပြီး 'Good Night' ဟု ရိုက်ကာ ဒုတိယ Message ကို ထပ်ပို့ဖြစ်သည်။ မနက်ကျရင်လည်း 'Good Morning ဟူ၍ ရိုက်ပို့ဦးမှ' ဟု သူတွေးဖြစ်သည်။

နေ့လယ်ခင်းကဆီက သူတို့သုံးကောင်နှင့်ဝါဝါတို့နှစ်ယောက် တဝါးဝါး တဟားဟားဖြင့် ရယ်ရယ်မောမောရှိနေသည့်အချိန် ရုပ်တည်ကြီးဖြင့်လုပ်ကာနေသော သူမ၏ပုံစံကို သူ ပြန်မြင်နေမိသည်။

ဘေးတိုက်ထိုင်နေရသော်လည်း သူ့အား ရှိသည်ဟုပင်ထင်ပုံမရသော သူမ၏ အေးစက်စက်စတိုင်လ်ကြောင့် သူ အနည်းငယ် မချင့်မရဲဖြစ်မိသည်ကတော့ အမှန်။

"အစပိုင်းပဲလေ"

ဟု သူဖြေတွေးတွေးမိသည်။ သူကိုယ်၌ကလည်း သူ့။ ပြောင်ချော်ချော်ဖြင့် စနောက်ခဲ့မိသည်ကိုး။

သူသာ အေးအေးဆေးဆေးဝင်ရောခဲ့ပါက အခုထက် အခြေအနေပိုကောင်းနိုင်သည်ဟုတွေးရင်း သူ့လုပ်ရပ်ကို သူ နောင်တရချင်ချင်ဖြစ်သွားခဲ့မိသည်။

ဘာရယ်မဟုတ် . . .

ထိုညက သူ တော်တော်နှင့်အိပ်မပျော်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းရက်များမှာ ထွန်းမောင်တို့နှစ်ကောင်နှင့်ဝါဝါတို့နှစ်ယောက်၏ ပံ့ပိုးမှုဖြင့် သူမတို့နှင့်မကြာခဏဆိုသလို ကဲန်တင်း အတူတူဝင်ထိုင်ဖြစ်ကြသည်။ ယွန်းသည်လည်း ယခင်ကလောက် မျက်နှာတည်မထားတော့။

စကားဝိုင်းထဲ အရင်လို နားထောင်ရုံအဆင့်မှ တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပြောသောအဆင့်ကို ရောက်လာသည်။

တစ်ခါတစ်ရံ လွှတ်ခနဲ နောက်ချင်စချင်သော သူ့နှုတ်ကို သူ အတော်ကြီး ဘရိတ်အုပ်ထားခဲ့သည်မို့ သူမနှင့်ထိပ်တိုက်ငြင်းရခုန်ရသည်တို့ မရှိတော့။

ရှင်တို့ယောကျ်ား
တွေကလေ
တော်တော်
စပ်စုကြပါလား
ကျွန်မဘာသာ
ကျွန်မ
ဘယ်သွားသွား
ရှင်အပူလား



www.burmeseclassic.com

www.burmeseclassic.com



သူဆိုသောဟာသတို့မှာ သူမ ပွင့်ပွင့်လင်းလင်းရယ်စလည်း ဖြုလာသည်။

"ကိုတေဇက . . ဒီနေ့ ဟာသလည်း မပြောသေးဘူး . . . လုပ်ပါဦး ရယ်ရအောင်"

သင်းသင်းက သူ့ကိုကြည့်ရင်း ပွဲတောင်းသည်။

"အိမ်မယ် . . သူလုပ်မှပဲ ဒီကကောင်က ဂျိုကာလုံးလုံးဖြစ်နေပြီ . . . ကဲပါ . . . အပျိုကြီးတွေ မျှားလွန်းလို့ ကမောက်ကမ ဖြစ်ဘတ်တဲ့ ဟာသကို ပြောပြမယ် . . ."

သူ့လုပ်မှပဲ ဒီကကောင်က ဂျိုကာလုံးလုံး ဖြစ်နေပြီ . . . ကဲပါ အပျိုကြီးတွေ မျှားလွန်းလို့ ကမောက်ကမ ဖြစ်ဘတ်တဲ့ ဟာသကို ပြောပြမယ် . . .

သူမတို့အုပ်စုက မေးကိုယ်စီထောက်ကာ သူ့စကားကို နားစွင့်နေကြသည်။

"ဟိုးရှေးရှေးတုန်းက အပျိုကြီးတစ်ယောက်ရှိဘယ်တဲ့ . . . နှင်တို့လို့ပေါ့ဟာ . . . အဲဒီအပျိုကြီးက ပဲမျှားတယ် . . ."

"အောင်မာမာ . . ."

သူ့စကားကြောင့် သူမတို့သုံးယောက်က ပွစိ [illegible]သည်။

"[illegible]ကြီးက ယောက်ျားကြီးယယ်မရွေးဟာ သူ့ကိုစိတ်ဝင်စားရှိလို့ အမြဲတမ်းအာရုံစိုက်ပြီး လိုက်စနောက်နေကြဆိုတဲ့ အတွေး အမြဲတမ်းဝင်နေသတဲ့ . . ."

"ဂါဝါတို့လိုပေါ့ . . ."

သူ့စကားကိုဖြတ်ကာ လှဦးကနောက်သည်။ သူက စကားကို ဆက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတွေကလည်း ယောက်ျားတွေပဲ . . . အဲဒီအပျို ကြီးကိုဆိုရင် အမြဲပဲဝိုင်းပြီး စနောက်နေကြတာကိုး . . ."

"ကိုလှဦးတို့လိုပေါ့ . . ."

ဝါဝါက လှဦးကိုတစ်ဖန် ပြန်၍နှိပ်ကွပ်သည်။

"အဲဒီလိုနဲ့ အပျိုကြီးက တစ်နေ့မှာ Taxi ငှားစီးပါလေရော"

သူစကားပင်မဆုံးသေး သင်းသင်းက . . .

"ဟိုးရှေးရှေးတုန်းကလို့လည်း အစချီသေးတယ် . . Taxi ကလည်း ငှားစီးသေးတယ်ဆိုတော့ ပုံပြင်က ရှေ့နောက်မညီဘူး . ."

ဟု ဝင်၍ဆိုသည်။

ဝါဝါက . . .

"ထားပေးလိုက်ပါဟာ . . ."

ဟုဆိုမှ . . .

"ထားပေးလိုက်ပါတယ် . . ."

ဟု သင်းသင်းက ပြန်နောက်သည်။ သူက စကားကိုဆက် ဖြစ်သည်။

"အဲဒီမှာ အပျိုကြီးကလည်း ထုံးစံအတိုင်းပေါ့ . . . တစ် လောကလုံးက ယောက်ျားလေးတွေက သူ့ကိုလိုက်ပြီး ငေးနေကြ၊ အာရုံစိုက်နေကြတယ်ဆိုတဲ့အတွေးနဲ့ မျက်နှာကိုချိထားရင်းက Taxi ထဲကို ခပ်တည်တည်ပဲ ဝင်ထိုင်တယ် . . . အဲဒါနဲ့ပဲ Taxi ကားဆရာ က မေးရတော့တာပေါ့ . . .

ဘယ်သွားမလဲလို့ . . . အဲဒီမှာ အပျိုကြီးပြန်ဖြေလိုက်တဲ့ စကားကြောင့် ကားသမားခမျာ တိုင်နဲ့ခေါင်းနဲ့ ပြေးဆောင့်ပစ်ချင် စိတ် ပေါ်သွားတယ်တဲ့ . . ."

စကားကိုဆက်မပြောဘဲ အအေးသောက်နေသော သူ့ကို သင်းသင်းက စိတ်မရှည်စွာပင် . . .



www.burmeseclassic.com

www.burmeseclassic.com



“ဘာပြောလိုက်လို့လဲ . . .”

ဟု မေးသည်။

“ငါလည်း အဲဒီ့ Taxi ကားဆရာနဲ့မတွေ့သေးဘူးဟ . . . နောက်ကြုံမှ မေးထားလိုက်ဦးမယ် . . .”

“ဟာ . . .”

သူ့အဖြေကြောင့် ဝါဝါတို့က . . . ‘ဟာ’ ဟု ရေရွတ်သည်။

“နောက်တာပါ . . . ဒီလိုဟ . . အပျိုကြီးက ငါစောစောက ပြောခဲ့သလို ယောကျ်ားလေးတိုင်းက သူ့ကို စချင်နောက်ချင် ပိုးချင်နေကြတာပဲဆိုတဲ့စိတ်က အမြဲဝင်နေတာမဟုတ်လား . . အဲဒီ့တော့ Taxi ဆရာက . . . ဘယ်သွားမလဲလို့လဲမေးရော အပျိုကြီးက ခပ်တည်တည်နဲ့ ပြန်ငေါက်လိုက်တယ် . . .

ရှင်တို့ယောကျ်ားတွေကလေ . . တော်တော် စပ်စုကြပါလား . . ကျွန်မဘာသာကျွန်မ ဘယ်သွားသွား . . ရှင့်အပူလားတဲ့ . . .”

သူ့စကားအဆုံးမှာ ဝါဝါတို့နှစ်ယောက်က တခွီးခွီးဖြင့်ရယ်သည်။

သူမကတော့ ထုံးစံအတိုင်း ပြုံးရုံသာပြုံးသည်။

ဘာပဲပြောပြော သူမ၏အပြုံးကို မြင်သောခဏမှာ သူ ကြည်နူးရသည်သာ ဖြစ်၏။

www.burmeseclassic.com



“လုပ်ပါဦး . . . ဟာသတစ်ခုလောက်”

ပိန်းမတို့ရဲ့
မကောင်းတဲ့
အကျင့်လေးမျိုး
. . . ပိန်းမတွေရဲ့
ပရိယာယ်ရှစ်မျိုးက
ပိန်းမတွေရဲ့
ကောင်းကြောင်း
နည်းနည်း၊
မကောင်းကြောင်းက
များများ

လက်ညှိုးတစ်ချောင်း ထောင်ရင်း ဆိုသော သင်းသင်း၏အဆိုကြောင့် ‘ဟောဗျာ’ ဟု သူရေရွတ်ဖြစ်သည်။

“ဟောဗျာ . . .”

“မဟောဗျာ . . . ဟာသပြောရင် ပြော . . မပြောရင် ဒီဝိုင်းရှင်း . . . ဒါပဲ . .”

ဝါဝါက စစ်ကူပါလာသည်မို့ သူ ခေါင်းကိုကုတ်ဖြစ်သည်။

“ဟာသတွေလည်း တစ်နေ့တစ်နေ့ ပြောရလွန်းလို့ ဘာပြောရမှန်းတောင် မသိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး . . . ဒဲ . . . ဟုတ်ပြီ . . . ဟို မောင် ထွန်းမောင်အကြောင်းကို ပြောပြမယ်"

"ဟကောင် . . . ဘာလဲကွ . . ."

သူ့စကားကြောင့် နာတော့မည်မှန်း သိနေသော ထွန်းမောင်က သူ့ကို 'ဘာလဲကွ' ဟု ဟန့်သည်။

"မင်းငယ်ငယ်က အရမ်းတော်တဲ့ အကြောင်း ပြောပြမလို့"

"ဟုတ်ရင်ဟုတ်ပေါ့ကွာ . . မဟုတ် လို့ကတော့လား . ."

ထွန်းမောင်က သူ့ကိုအံကြိတ်ကာ ကြိမ်းသည်။

ဝါဝါက . .

"ပြောတော့လေ ရယ်ချင်လှပြီ . . ."

ဟု ဆော်ဩသည်။

"ဒီလိုဟ . . . ဒီကောင် ထွန်းမောင် က ငယ်ငယ်တုန်းက အရမ်းတော်တာ . . ."

"အခုမှ တုံးသွားတာပေါ့ . . . အဲဒီ လိုလား . . ."

> ...ငါက ငယ်ငယ်လေး ကတည်းက အဖြစ်မှန်ကို အမှန်အတိုင်း ဝန်ခံတတ်တဲ့ အကျင့်ရှိတယ် ...ဒါ လူတော်တွေရဲ့ စရိုက်မဟုတ်လား

သင်းသင်းက သူ့စကားကိုဖြတ်၍ ပြောင်ချော်ချော်ဖြင့် ဆိုသည်။

"တစ်နေ့ကျတော့ ဒီကောင်က . . . သူ့အိမ်ကို မြောက်ကြွ မြောက်ကြွနဲ့ ပြန်လာ တယ် . . . အဲဒီမှာ သူ့ အဖေက တွေးဟာပေါ့ . . ဒီကလေးတော့ ဒီနေ့ ထူးခြားတယ်ပေါ့ . .



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူ့အဖေက မေးတယ် . . . ငါ့သား ဒီနေ့ ကျောင်းမှာ ဘာလိုက်နိုင်ရဲ့လားပေါ့"

အားလုံးက ရယ်ရန်အသင့်အနေအထားဖြင့် ပြုံးစိစိနှင့် နားစွင့်နေကြသည်။

"အဲဒီမှာ ဒီကောင်က ဖြေတယ် . . . ဒီနေ့တော့ ဆရာမက သားတို့တစ်တန်းလုံးကို မေးခွန်းတစ်ခုမေးတယ် . . . သားကလွဲပြီး ဘယ်သူမှ မဖြေနိုင်ဘူးတဲ့ . . ."

စကားစကို ခဏဖြတ်သောအခါ ထွန်းမောင်က ဆွဲတင်ပြီး မကြာမီ အရိုက်ချခံရတော့မည်မို့ မျက်နှာငယ်လေးဖြင့် နားစွင့်ကာ နေသည်။

"ဆရာမက ဘာမေးတာတုံးကွ . . ."

လှဦးက ပြုံးဖြီးဖြီးဖြင့် စကားကို ဝင်ထောက်ပေးသည်။

"ဆရာမရဲ့ စားပွဲပေါ်က ကြိမ်တုတ် ဘယ်သူဖွက်ထားတာ လဲတဲ့ . . ."

"အဲဒါ ဒီကောင် ဘာဖြေလိုက်လဲ . . ."

ဟု လှဦးက မေးသည်။

"ကျွန်တော် ဖွက်ထားတာပါ ဆရာမတဲ့ . . ."

သူ့စကားအဆုံးမှာ ယွန်းတို့သုံးယောက်က တခွိခွိဖြင့်ရယ်သည်။ ထွန်းမောင်ကတော့ အီလယ်လယ်ဖြင့် မချိပြုံးပြုံးသည်။

"တော်တာပေါ့ . . . တစ်တန်းလုံးမဖြေနိုင်တဲ့ မေးခွန်းကို ဖြေနိုင်တာဆိုတော့ . . ."

ပြောပြီး သင်းသင်းက တခွီးခွီးဖြင့်ရယ်သည်။

ထွန်းမောင်က သူ့ကို . . . 'မင်း နာမယ်' ဟူသော သဘောဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်သည်။

ပြီး . . .

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ငါက ငယ်ငယ်လေးကတည်းက အဖြစ်မှန်ကို အမှန်အတိုင်း ဝန်ခံတတ်တဲ့အကျင့်ရှိတယ် . . . ဒါ လူတော်တွေရဲ့ စရိုက်မဟုတ်လား . . ."

ဟု ရှက်ရှက်ဖြင့် ချော်လဲရောထိုင် ဆိုသည်။

"ကိုတေဇက . . ဟာသတွေ အရမ်းပြောတတ်တယ်နော်"

သင်းသင်းက ရယ်ရ းနှင့်ဆိုသည်။

"ဟာ . . ဒီကောင်က ဟာသတွေမှာ ကျွမ်းရုံတင်မဟုတ်ဘူး . . . မိန်းမကျွမ်းလည်း ကျွတယ် . . . တစ်ခါတလေများ ဒီကောင် ပြောပြတာနဲ့ မိန်းမတွေဆို အထင်ကို မကြီးတော့ဘူး . . .

ဘာတဲ့ မိန်းမတို့ထဲ့အားက ဘာ . . . မိန်းမတို့ရဲ့ မကောင်းတဲ့အကျင့်လေးမျိုး ဆိုတာက ဘယ်လို . . . မိန်းမတွေရဲ့ ပရိယာယ် ရှစ်မျိုးက ဘယ်လိုနဲ့ . . . သူ အကုန်သိတယ် . . . မိန်းမတွေရဲ့ ကောင်းကြောင်းနည်းနည်း၊ မကောင်းကြောင်းက များများပေါ့ဟာ"

ထွဋ်မောင်၏အချွန်ဖြင့်မသောစကားကြောင့် မိန်းကလေးသုံးယောက်၏အကြည့်က စူးခနဲ သူ့ဆီရောက်လာသည်မို့ မျက်နှာပူပူဖြင့် သူ ခေါင်းကိုကုတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု မှတော့ ခေါင်းကုတ်နေလဲ .. အလကားပဲ . . . ကဲ .. မိန်းမတို့ရဲ့လက်နက် ပရိယာယ်က ဘာတွေတုံး . . ."

သင်းသင်းက သူ့ကိုကြုပ်သည့်အနေဖြင့် ယွန်းကိုတစ်လှည့်၊ သူ့ကိုတစ်လှည့်ကြည့်ရင်းက ဆိုသည်။

"ဒီကောင် နောက်နေတာပါ . . ."

"ဘာ . . . နောက်နေတာပါလဲ .. မင်းပဲ ငါတို့ကို ရှင်း ရှင်းပြနေတာလေ .. ပြောပြလိုက်ပါကွာ .. သူတို့လည်း ဗဟုသုတရတာပေါ့ . . ."

ရှောင်ထွက်သော သူ့စကားကို ..

မိန်းမတွေက
ဘုရားရှိခိုးသက်သက်
ကတည်းက
ပါခဲ့ပြီးသက်
အလေ့ခဲ့
ရာဇဝင်မှာ
မိန်းမပြောက်တော့
အများကြီးပေါ်သော



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမောင်က . . .

"ဘာနောက်နေတာပါတုံး . . ."

ဟုဆိုကာ အရောက်ပို့သည်။

"ရပါတယ် . . . သူ မပြောချင်ရင်လည်း နေပါစေ . . . သူက ဝါဝါတို့ကို ခင်တာမှမဟုတ်တာ . . . သိပါတယ် . . မပြောပြချင်ဘူး မဟုတ်လား . . ."

ဝါဝါကလည်း စတင်၍ ဂျီကျသည်။

"ဟာ . . . မဟုတ်ပါဘူး . . ."

"အဲဒါဆိုပြော . . ."

သူ့အငြင်းစကားအဆုံးမှာ သင်းသင်းက 'ပြော' ဟုဆိုလေသည်။ မပြောမဖြစ်တော့သော အနေအထားသို့ရောက်လာသည်မို့ သူ ခေါင်းကို ကုတ်ဖြစ်ပြန်သည်။

ထွန်းမောင်နှင့်လှဦးက 'မှတ်ဟ' ဟူသောသဘောဖြင့် သူ့ကို ပြောင်ချော်ချော်လုပ်ပြသည်။

"ပြောပြလိုက်ပါကွာ . . . မင်းပဲ မိန်းမတွေက မကောင်းဘူးဆို . . ."

လှဦးကပါ အချွန်ဖြင့် မဟော အရောက်ပို့ပြန်သည်။

"ဟကောင် . . . မင်း မဟုတ်တာ မပြောနဲ့ . . . မိန်းမတွေ မကောင်းဘူးလို့ . . . ငါ ဘယ်တုန်းက ပြောဖူးလို့တုံး . . . မယုံနဲ့နော် . . ဒီကောင်တွေ နောက်နေတာ"

မိန်းမတွေ
မကောင်းဘူးလို့
မပြောခဲ့ဘူး
ဆိုတာ
သက်သေပြချင်ရင်
တောတောကပြောတဲ့
လက်ခုက်
ပရိယာယ်တို့
ဘာတို့
ပြောပြလေ
. . .



www.burmeseclassic.com

www.burmeseclassic.com



"မနောက်ပါဘူး . . အတည်ပြောတာ . . . အတည်"

ထွင့်မောင်က အဆင်းမှာဘီးတပ်ရင်းက ပြုံးဖြီးဖြီးဖြင့်ဆိုသည်။

"မိန်းမတွေမကောင်းဘူးလို့ မပြောခဲ့ဘူးဆိုတာ သက်သေပြချင်ရင် စောစောကပြောတဲ့ လက်နက်ပရိယာယ်တို့ ဘာတို့ပြောပြလေ . . . ဝါဝါတို့တောင်မသိတဲ့ကိစ္စကို ကိုတေဇသိတယ်ဆိုတော့ လေးစားလွန်းလို့ မေးတာပါ . . ."

ထွင့်မောင်၏ပစ်ချက်က ထိသည်။ ဝါဝါက ခနိုးခနဲ့ဆိုသည်မို့ သူ ယွန်းကို ဘာရယ်မဟုတ်ကြည့်ဖြစ်သည်။

သူမက သူ ဘာပြောမလဲဆိုတာကို စောင့်ကြည့်ကာနေသည်။

"ငါ ပြောပြပါ့မယ် . . ဒါပေမယ့် ဒါက ကျမ်းဂန်တွေကလာတာနော် . . . သက်သေပြဆိုလည်း ယူလာပြမယ် . . . မိန်းမတွေကို အပြစ်ပြောတာ မဟုတ်ဘူး . . ."

"ရပါတယ် . . . ပြောပါ . . ."

သင်းသင်းက 'ရပါတယ်' ဟု ဆိုသည်။

"ကောင်းတာတွေ အရင်ဆုံးရွေးပြောမှ . . ."

ဟု သူ ကမန်းကတန်းတွေးဖြစ်သည်။

ပြီး . . . .

"မိန်းမတွေက ဘုရားရှင်လက်ထက်ကတည်းက ပါရမီဖြည့်ဖက်အနေနဲ့ ရာဇဝင်မှာ မိန်းမမြတ်တွေ အများကြီးပေါ်ခဲ့တာ မဟုတ်လား . . မိန်းမကောင်း မိန်းမမြတ် ရှစ်မျိုးကို ရှေးပညာရှိတွေက ဒီလို ခွဲထားတယ် . . ."

"နေပါဦး . . . ဖုန်းနဲ့ Record လုပ်ထားမလို့ . . ."

သင်းသင်းက သူမ၏ဖုန်းကိုထုတ်ရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနောက်နဲ့နော် . . ."

လှဦးက သင်းသင်းကို 'မနောက်နဲ့' ဟု ဆိုသည်။

သင်းသင်းက . . .

"မနောက်ပါဘူး . . ဖုန်းနဲ့ Record လုပ်ထားပြီးတော့ ပြန်ဖွင့်ပြီး နားထောင်မယ်လေ . . . နောက်တော့မှ ဝမ်းကွဲညီမတွေဆီမှာ ဆရာလုပ်လို့ရအောင် . . . ဟီ ဟီ . . ."

သင်းသင်း၏ ရွှတ်နောက်နောက်စကားကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။

"ရှစ်မျိုးပြည့်အောင် ပြောလို့ရတယ် . . ရှေ့နောက်တော့ လွဲချင်လွဲမှာနော် . . . ကဲ . . . အသံဖမ်းအင်ဂျင်နီယာရေ . . . ပြောလို့ရပြီလား . . ."

"ရပြီ . . ."

သင်းသင်းက လက်မထောင်ရင်း 'ရပြီ' ဟုဆိုသည်။

"အင်း . . . မိန်းမကောင်း မိန်းမမြတ်ရှစ်မျိုးက . . . .

၁။ ထမင်းစားသောအခါ မိခင်ကဲ့သို့ လုပ်ကျွေးသောမိန်းမ။

၂။ လင်ကို အဝတ်အစားပြုပြင်ပေးတတ်သောမိန်းမ။

၃။ လင်ကို မောင်ကဲ့သို့ ရှက်ကြောက်ရိုသေလေးစားသောမိန်းမ။

၄။ ဘေးအန္တရာယ်ရှိသောအခါ တိုင်ပင်၍ရသောမိန်းမ။

၅။ ကျွန်မကဲ့သို့ လုပ်ကျွေးတတ်သောမိန်းမ။

၆။ လင်၏အလိုကိုလိုက်၍ သည်းခံနိုင်သောမိန်းမ။

၇။ မွေ့လျော်ပျော်ဖွယ်များကို ပြုတတ်သောမိန်းမ။

၈။ အရောင်အဆင်းရှိရှိ လှလှပပပြုပြင်နေတတ်သောမိန်းမ

ဒီခေတ်မှာတော့ ဒါမျိုးတွေက မရှိသလောက်ကို ရှားနေလောက်ပြီ . . ."

"အဟမ်း . . ."



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ ထွန်းမောင်က ချောင်းဟန့်ချင်ယောင် ဆောင်ရင်း ဆိုသည်။

ပြီး တစ်လက်စတည်းဆိုသလိုပင် . . .

"မင်းက . . . ဝါဝါတို့ကို ကြောက်တာနဲ့ ကောင်းတာတွေ ချည်းပဲ ရွေးပြောနေတယ် . . . မကောင်းတဲ့အကျင့်ရှိတဲ့မိန်းမအ ကြောင်းလည်း ပြောဦးမှပေါ့ . . ."

ဟု အချွန်ဖြင့်မ,သည်။

လှဦးက . . .

"အေးလေ . . . မင်း ပြောပြောနေကြ သားတစ်ရာရရင် တောင် မပေါင်းအပ်ဘူးဆိုတဲ့မိန်းမ အမျိုးပေါင်းခြောက်ဆယ်တို့ . . ဘာတို့ . . ."

"အာ . . . ခြောက်မျိုးပါကွာ . . မင်းကတော့ လုပ်တော့ မယ် . . ."

"အေးလေ . . . ကိုတေဇက ပြောမယ့်ပြော . . . အကုန် ပြောမှပေါ့ . . ."

ဝါဝါကပါ တိုက်တွန်းသည်မို့ ဘာရယ်မဟုတ်။ သူမကို ဖျတ် ခနဲ ကြည့်ဖြစ်သည်။ သူမက . . .

"ပြောပါ အားမနာပါနဲ့ . . ."

ဟု ဆိုသည်။ စကားသိပ်မဆိုသော သူမသည်ပင်လျှင် ပွဲ တောင်းလာသည်မို့ သူ နည်းနည်းတော့ အားတက်သွားမိသည်။

"အဲဒါဆိုရင် မိန်းမတွေမှာ မရှိသင့်တဲ့ မကောင်းတဲ့အကျင့် လေးမျိုးကို အရင်ပြောပြမယ် . . . နံပါတ်တစ်က အမျက်ကြီးခြင်းတဲ့"

သူမကို တည့်တည့်ကြည့်ရင်း မချိမချင်ဖြင့်ဆိုသော စကား ကြောင့် သူမက ရှက်အမ်းအမ်းဖြစ်ကာသွားသည်။ သို့သော် ချက် ချင်းပင်မျက်နှာကိုပြန်တည်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"လူမှန်ရင် လောဘ၊ ဒေါသ၊ မောဟ တော့ ရှိတာပဲ . . . ဒေါသနဲ့ကင်းတဲ့လူမှ မရှိတာ . . ."

ဟု ခပ်ရွှတ်ရွှတ်ဆိုသည်။ ပြီး ပြုံးစိစိ ဖြင့် သင်းသင်းတို့ဘက် လှည့်ကာ . . .

"နေဉ့ ဟာ . ."

ဟု ဆိုသည်။

"မှန်ပါတယ် . . ဒါပေမယ့် ကျမ်းဂန် ထဲမှာက အမျက်ကြီးခြင်းလို့ပဲ ပြောတာပါ . . အမျက်သေးသေးကိုတော့ Pass ပေးထား တဲ့သဘော . . ."

သူ၏ ချက်ချင်းတုံ့ပြန်သောစကား ကြောင့် သူမက 'ပြီးရော ပြီးရော' ဟု အောင့် သက်သက်ဖြင့်ဆိုသည်။

"ကဲ ကဲ . . . နံပါတ်နှစ်ကို ဆက်ပါ ဦး . . ."

ထွန့်မောင်က မိန်းမများ၏ မကောင်း သော အကျင့်ကို မိန့်မိန့်ကြီးနားထောင်ရန် အလို့ငှာ 'ဆက်ပါဦး' ဟု ဆိုသည်။

"နံပါတ်နှစ်က . . . ပြုဖူးသော သူ၏ ကျေးဇူးကို မသိတတ်ခြင်းတဲ့ . . ."

"အမလေး . . ဒါမျိုးက မိန်းမတွေ မှာမှ မဟုတ်ပါဘူးနော် . . ယောကျ်ားတွေမှာ လည်း ရှိတာပါပဲ . . ."

သင်းသင်းက မျက်နှာကိုရှုံ့မဲ့ကာ

အဲဒီ အပြစ်
ခြောက်မျိုးက
အလှနဲ့
ပတ်သက်တာကို
ပြောတာကွ
မပုလွန်း၊
မရှည်လွန်း၊
မဖြူလွန်း၊
မညိုလွန်း၊
မပိန်လွန်း၊
မဝလွန်း ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထားရင်းက ဆိုသည်။

ပြီး . . .

"ကဲ ကဲ . . . နံပါတ်သုံး"

ဟု ဆိုသည်။

"နံပါတ်သုံးက သူတစ်ပါးကြားမှာ ကုန်းချော ကုန်းတိုက် စကားဆိုခြင်းတဲ့ . . ."

သူ့စကားအဆုံးမှာ ဝါဝါက နှာခေါင်းကိုရှုံ့သည်။ ပြီး . .

"နံပါတ်လေး လုပ်ပါဦး . . ."

ဟု ဆိုသည်။

"နံပါတ်လေးက . . . အဆွေခင်ပွန်းကို မပျက်စီးဘဲ ပျက်စီးအောင် ဖျက်ဆီးတတ်ခြင်းတဲ့ . . . သားတစ်ရာရရင်တောင် စွန့်အပ်တဲ့ မယားခြောက်မျိုးကိုရော . . . ပြောရဦးမလား . . ."

ပြုံးစိစိဖြင့်ဆိုသော သူ့စကားအဆုံးမှာ သင်းသင်းက . . .

"ပြော . . . ပြော . . ."

ဟု ခပ်ဆောင့်ဆောင့်ပင် ဆိုသည်။

"သူတို့က သားတစ်ရာရရင်တောင် စွန့်အပ်တဲ့ မယားခြောက်မျိုးဆိုပြီးတော့ စာရင်းပြုစုခဲ့ရင် ငါတို့က သားတစ်ထောင်ပဲ ရရ . . စွန့်ပစ်ရမယ့် ခင်ပွန်းအယောက်ခြောက်ထောင်ဆိုပြီးတော့ကို စာရင်းလုပ်ထားဦးမယ် . . ."

ဝါဝါက ထိုသို့ဆိုရင်း ခွီးခနဲရယ်သည်။ ပြီး . . .

"ကဲ . . ကဲ . . စတော့ . . ."

ဟု ဆိုသည်။

"အင်း . . . သားတစ်ရာရရင်တောင် စွန့်အပ်သော မယားခြောက်မျိုးက . . .

၁။ မြူစူစောင်းမြောင်းတတ်သူ



www.burmeseclassic.com

www.burmeseclassic.com



၂။ ဖြင်းခုံတတ်သူ
၃။ သူတစ်ပါးအိမ်သို့ သွားလာလည်ပတ်လွန်းသူ
၄။ မြင်တိုင်းကို လိုချင်မက်မောရှိသူ
၅။ အအိပ်ကြူးသူ
၆။ အစားကြူးသူ

တဲ့ . . . အဲဒါ အပြစ်ခြောက်ပြစ်ပဲ . . .”

သူ့စကားအဆုံးမှာ ထွဋ်မောင်က . . .

“ဒါဖြင့် ခြောက်ပြစ်ကင်း သဲလဲစင်ဆိုတာ . . အဲဒီ အပြစ်ခြောက်မျိုးကိုပဲ ရည်ရွယ်တာလား . . .”

ထွဋ်မောင်၏အမေးကို သူ မဖြေလိုက်ရ။

လှဦးက . . .

“မင်း တော်တော်တုံးသေးတဲ့ကောင်ပဲ . . . အဲဒီ အပြစ်ခြောက်မျိုးက အလှနဲ့ပတ်သက်တာကို ပြောတာကွ . . မပုလွန်း၊ မရှည်လွန်း၊ မဖြူလွန်း၊ မညိုလွန်း၊ မပိန်လွန်း၊ မဝလွန်း ဆိုတဲ့ အပြစ်ခြောက်မျိုးကို ပြောတာ . . .”

“ဪ . . . အဲဒီလိုလား . . .”

လှဦး၏ ရှင်းပြမှုအဆုံးမှာ ထွဋ်မောင်က ‘ဪ’ ဟု ရေရွတ်ရင်း ခေါင်းကိုညိတ်သည်။

“ဟောတော် . . . မေ့နေလိုက်တာ . . သင်တန်းချိန်တောင် ကပ်နေပြီ . . သွားမှပဲ . . .”

ဝါဝါ၏အလန့်တကြားဆိုသံကြောင့် သူတို့ပါ နာရီကိုယ်စီ ကြည့်ဖြစ်ကြသည်။

သူတို့သည်လည်း သင်တန်းချိန်နီးပြီမို့ လူစုခွဲဖြစ်ကြသည်။

www.burmeseclassic.com

"ဟို တစ်နေ့က စကားစပြတ်သွားလို့ မိန်းမတွေရဲ့ လက်နက်ပရိယာယ်ရှစ်မျိုးကို မမေးလိုက်ရဘူး . . ."

ကဲန်တင်းမှာ အတူတူထိုင်ကြရင်း ယွန်းက ဆိုသည်။ သူ့ကို ကြည့်ကာဆိုခြင်းဖြစ်သည်မို့ နည်းနည်းတော့ သူ အံ့အားတသင့်ဖြစ်သွားရသည်။

ဝါဝါနှင့်သင်းသင်းက တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကြသည်။

လှဦးက . . .

"အဟမ်း . . . အဟမ်း . . ."

ဟု ချောင်းကိုလုပ်ကာ ဆိုးသည်။

Request
လုပ်တဲ့လူက
လုပ်နေပြီ
. . မိန်းမကျပ်
ကြေတဲ့
ဆြာကြီးက
ရှောင်
မနေနဲ့လေ

www.burmeseclassic.com



ထွန့်မောင်က သူ့ကို . . .

"တယ်ဟုတ်ပါလား . . ."

ဟူသော သဘောဖြင့် ကြည့်သည်။

"ကဲ ကဲ . . . Request လုပ်တဲ့လူဟလုပ်နေပြီ . . မိန်းမ ကျမ်းကြေတဲ့ ဆြာကြီးက ဈေးတင်းမနေနဲ့လေ . . အဟမ်း ဟမ်း . . ချောင်းကလည်း အရေးထဲ ဆိုးနေပြန်ပါပြီ . . အဟမ်း . . ."

ဝါဝါ မချိမချဉ်ဖြင့်ဆိုသည်။

"ရှေ့နောက်လွချင် လွဲမှာနော် . . ."

"ရှစ်မျိုးပြည့်ရင် ပြီးတာပဲ . . ."

သူ့စကားအဆုံးမှာ သူမက ဝင်ကာဆိုလိုက်သည်မို့ ချောင်းဆိုးသံတွေက ဒုတိယမ္ပိဉ်ကာ သွားသည်။

"တိတ်ကြစမ်း . . အရေးထဲ ဒီအဆုပ်ကင်ဆာဖြစ်နေတဲ့လူတွေက တစ်မျိုး . . ."

ချောင်းကို တမင်လုပ်ဆိုးနေသော ဝါဝါနှင့်လှဦးတို့ကို သင်းသင်းက ဟန့်သည်။

"အမလေး . . ဖွဟဲ့ . . လွဲပါစေ ဖယ်ပါစေဗျာ . . ဘယ်က အဆုပ်ကင်ဆာဖြစ်ရမှာတုံး . . ."

လှဦးက မျက်နှာကို ရှုံ့မဲ့ရင်းဆိုသည်။

"ကဲ ကဲ . . အတန်းချိန်က ကပ်နေပြီ . . . အမြန်ပြောပြမယ် . . နားထောင် . . ."

နောက်ဆုံးတော့ သူကပဲ စကားစကို ဝင်ဖြတ်ပေးဖြစ်သည်။ သင်းသင်းက 'OK' ဟု ဆိုသည်။

"မိန်းမတွေရဲ့ ပရိယာယ်ရှစ်မျိုးထဲက လက်နက်နံပါတ် (၁) က ပြုံးစစလုပ်ခြင်းတဲ့ . . ."

"အမလေး . . . ဒီလိုဆို ပြုံးလို့မဖြစ်ဘူးပေါ့ . . ဒီနေ့ကစ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခပ်တည်တည်ပဲ နေတော့မယ် ..."

ဝါဝါက ရုပ်ကိုခပ်တည်တည်လုပ်ရင်း ဆိုသည်မို့ သူ ဟက် ခနဲရယ်ဖြစ်သည်။

"နံပါတ်နှစ်က အသံထွက်အောင် ရယ်ပြခြင်းတဲ့ ..."

"အမလေးလေး ... ဒီအတိုင်းဆို ကိုယ်ကျိုးနည်းပါပြီ .. သင်းသင်းက ရယ်ရင် တဟီးဟီးနဲ့ရယ်ရမှ ကျေနပ်တာ .. ဒီနေ့က စပြီး ငှက်ဖျားတက်သလို တဟင်းဟင်းနဲ့ အသံမထွက်ဘဲ ရယ်တတ်အောင် ကျင့်ဦးမှပဲ ..."

ပြောရင်း သင်းသင်းက "ဟင်း ဟင်း ဟင်း' ဟု တမင်လုပ်ကာ ရယ်ပြသည်မို့ သူတို့အားလုံး ဝါးခနဲ ရယ်ဖြစ်ကြသည်။

"နံပါတ်သုံးက ... ကြောက်ဟန်ဆောင်ခြင်းတဲ့ ..."

သူ့စကားအဆုံးမှာ ယွန်းက ...

"မကြောက်ဘူးဟေ့ ... ရဲရင့်ပြီးသား ..."

ဟု ရွတ်နောက်နောက်ဆိုသည်။

"နံပါတ်လေးက ရှက်စနိုးဟန်ဆောင်ခြင်းတဲ့ ..."

"ဒါ .. ခေတ်ရှင်မင်းသမီးတွေကို ပြောတာနေမှာပါ .."

သူ့စကားအဆုံးကို လှဦးက ဝင်၍ဆိုသည်။

လောကကြီးမှာ
လူမိုက်နဲ့လူလိမ္မာ
ဆိုရင်
လူမိုက်ကများတယ်
မဟုတ်လား
.. အဲဒီလိုပဲ
လောကကြီးမှာ
ပိန်းမများပြီး
မယားရှားလို
...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှဦး . . . ခတ်ရှင်မင်းသမီး . . ခတ်ရှင်မင်းသမီးနဲ့ ဝါဝါ့ကို စောင်းမပြောပါနဲ့ . . ."

အရေးထဲ ဝါဝါကဝင်ကာ အရွှန်းဖောက်ရင်း သူမကိုယ်သူမ 'ခတ်ရှင်မင်းသမီး' ဟု ဆိုသည်။

"ကဲ . . . ကဲ . . . နံပါတ်ငါးကိုပြောမယ် . . နံပါတ်ငါးက မပွင့်တပွင့်ပြောဆိုခြင်းတဲ့ . . ."

"ကိစ္စမရှိဘူး . . . တို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ . ."

သင်းသင်းက ခေါင်းကိုမော့ရင်းဆိုသည်။

"နံပါတ်ခြောက်က မျက်စောင်းထိုးခြင်းတဲ့ . . ."

သူမကို ဖျတ်ခနဲ လှမ်းကြည့်ရင်းဆိုသောစကားကြောင့် သူမရှက်ဝဲဝဲဖြစ်ကာ သွားသည်။ သူမတို့အုပ်စုမှာ မျက်စောင်းထိုးခြင်းအလုပ်ကို ကန်ထရိုက်ဌါဆွဲထားသည်ကိုး။

"အမလေး . . အမလေး . . . ဒီအတိုင်းဆို မျက်စောင်းတောင် မထိုးရဲအောင်ပါပဲလား . . မျက်စောင်းနဲ့ထိုးလို့ မရရင် လက်ညှိုးနဲ့ ထိုးမှာပဲ . . ."

ဝါဝါက ရွှတ်နောက်နောက်ပင်ဆိုသည်။

"နံပါတ်ခုနစ်ဟာ ငိုပြခြင်းတဲ့ . . ."

"ဟောတော် . . . လူပဲ ငိုစရာရှိရင်တော့ ငိုမှာပေါ့ . . မငိုရတော့ဘူးလား . . ."

သင်းသင်းက ထိုသို့ခပ်ရိရိပင်ဆိုသည်။

"မဟုတ်သေးဘူးလေ . . အခုပြောနေတာတွေအားလုံးက ပရိယာယ်မာယာတွေကို ပြောနေတာလေ . . မာယာမပါတဲ့ ရယ်ခြင်း၊ ငိုခြင်းတွေကို မဆိုလိုပါဘူး . . . တမင်သက်သက် ပရိယာယ်သုံးပြီး တမင်လုပ်ပြတာတွေကို ပြောတာပါ . . ."

သူ၏ဖြေရှင်းစကားကြောင့် သူမတို့သုံးယောက်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ."

ဟု ပြိုင်တူရေရွတ်ကြသည်။

"ကဲ . . . နောက်ဆုံး နံပါတ်ရှစ်ကတော့ ခနိုးခနဲ့ပြောခြင်းတဲ့ . . ."

"ဒါတော့ ယောကျ်ားရင့်မကြီးတွေတောင် ပြောသေးတာပဲ . . မိန်းမတွေကိုပဲ မကောင်းပြောတယ် . . လုံးဝမတရားဘူး"

သင်းသင်းက နှုတ်ခမ်းကြီးစူရင်းက ဆိုသည်။

ထွဋ်မောင်က . . .

"လောကကြီးမှ လူမိုက်နဲ့လူလိမ္မာဆိုရင် လူမိုက်ကများတယ် မဟုတ်လား . . အဲဒီလိုပဲ လောကကြီးမှာ မိန်းမများပြီး မယားရှားလို့ ဒါတွေကို ပြုစုခဲ့တာနေမှာပေါ့ . . ."

"ဟုတ်ပါတယ် . . ဟုတ်ပါတယ် . . သူတို့ယောကျ်ားတွေကတော့ အကုန်တော်ကြပါတယ် . . အရက်မူးပြီး ရန်ဖြစ်တော့လည်း သူတို့မပါဘူး . . အကုန်လုံး လူကောင်းတွေချည်းပဲ . . လူဆိုးကိုမရှိတာ . . ."

ဝါဝါက ထွဋ်မောင်၏စကားကို ခပ်ရိရိပင်တုံ့ပြန်သည်။

"ကဲပါ . . အဲဒါနဲ့ အတန်းချိန်က နီးနေပြီ . . ပြေးနေရဦးမယ် . . . သွားကြစို့ . . ."

စကားစက ဖြတ်မှရတော့မည်မို့ သူ ဝင်ကာဖြတ်ပေးလိုက်သည်။

"တွေ့မယ် . . နောက်ရက်တွေမှ ယောကျ်ားတွေရဲ့မကောင်းကြောင်းတွေကို သေသေချာချာရှာခဲ့ဦးမယ် . . ."

သင်းသင်းကတော့ အံကြိတ်ကာ ကြုံးဝါးသည်။

"နောက်ရက်ကစပြီး ငါတို့သင်တန်းကနေ ခွင့်ယူမယ်"

လှဦး၏ 'ခွင့်ယူမယ်' ဟုဆိုသောစကားကြောင့် ဘာရယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် သူ ဟက်ခနဲရယ်ဖြစ်သည်။ သင်းသင်းက လှဦးကို ဒိုင်းခနဲ နေအောင် မျက်စောင်းထိုးသည်။

"ဟေ့ . . . မျက်စောင်းမထိုးနဲ့နော် . . ပရိယာယ်ရှစ်မျိုးထဲ ပါသွားဦးမယ် . . ."

လှဦးက တမင်နောက်သည်။

"ပါပါ မပါပါ ထိုးချင်ရင်တော့ ထိုးရမှာပဲ . . ."

သင်းသင်းက ဆတ်ဆတ်ထိမခံပင် ပြန်ပက်သည်မို့ ယွန်းက 'ဟုတ်ပ' ဟု ဘေးမှနေ ထောက်ခံသည်။ ဘာရယ်မဟုတ် ဖျတ်ခနဲ သူ့ကို လှမ်းကြည့်လာသော ယွန်း၏ အကြည့်ကြောင့် သူ အသက်ရှူ ရပ်ချင်သလိုလိုကြီး ဖြစ်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com





“မင်း မနက်တစ်ကြိမ် ညနေတစ်ကြိမ် Message ပို့တော့ သူ့ ဘက်က ဘာမှမတုံ့ပြန်ဘူးလား . . .”

“အေးကွာ. . Message တွေပို့နေတာ . . ကြာပဲကြာလှပြီ”

ထွင့်မောင်၏အမေးကို သူ ဖြေဖြစ်သည်။

“မင်းဘက်က ကြိုးစားမှုကို နောက်တစ်ဆင့်တက်ပြီး မြှင့်လိုက်ပေါ့ကွာ . . .”

လှဦးက ပြောပြီး ‘ဖုန်းဆက်’ ဟူသော အမူအရာကို ယုပ်ပြသည်။

“မင်း Message ပို့တော့ ဘာတွေ






www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပို့လဲ . . "

"ဘာမှတော့ ထူးထူးထွေထွေ မဟုတ်ပါဘူး . . အိပ်ပြီလား တို့ . . Good Night တို့ . . . Good Morning တို့ . . . Have a nice day တို့ ဘာတို့ပေါ့ . . . "

သူ့စကားအဆုံးမှာ လှဦးက နှာခေါင်းရှုံ့ရင်း ခေါင်းကို ဘယ်ညာခါသည်။

"မင်းကလေ ကြည့်တော့သာ ဆရာကြီးလိုလို ဘာလိုလိုနဲ့ တကယ်ဆို ဒီအချိန်က Message ပို့ရမယ့်အချိန်မဟုတ်ဘူး . . ဖုန်းဆက်ရမယ့်အချိန် . . . မင်း အဲဒီ့လိုလုပ်နေတာနဲ့ပဲ သူ့ရဲ့ကိုကြီးဆိုကဲ့လူက ဖြတ်အုပ်သွားလိမ့်မယ် . . . "

"ဖုန်းဆက်တာက ကိစ္စမရှိဘူး . . ဘာပြောလို့ပြောရမှန်းကို မသိဘူးကွ . . . "

သူ့စကားကြောင့် ထွန်းမောင်က . . .

"ဟိုတစ်ခါက ဝါဝါတို့ပြောဖူးတယ်လေ . . ယွန်းက သီချင်းအေးအေးလေးတွေ ကြိုက်တယ်လို့ . . . အဲဒါ မင်းဖုန်းဆက်တဲ့အချိန်ကျတော့ . . သီချင်းအကြောင်းတွေနဲ့ စဖောပေါ့ကွ . . မင်းလည်း သီချင်းတွေ အများကြီးနားထောင်ထားတာပဲ ဥစ္စာ . . . "

ထွန်းမောင်ပေးသော အကြံက မဆိုးဟု သူတွေးဖြစ်သည်။

"ဒီည ငါ စဆက်လိုက်မယ်ကွာ . . . "

"အေး . . . ဆက်သာဆက် . . . "

သူ့စကားအဆုံးမှာ လှဦးက အားပေးသည်။ သူမနှင့်သူနှစ်ယောက်တည်း စကားပြောရမည်ဟု တွေးမိသောခဏ ရင်ထဲမှာ ကတုန်ကရင်ကြီးဖြစ်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညရှစ်နာရီခွဲခန့်မှာ သူမဆီ ဖုန်းခေါ်ဖြစ်သည်။ ဖုန်းက ဝင်သွားသော်လည်း တော်တော်နှင့်ဖုန်းကို မကိုင်။

အတော်ကြာမှ . . .

"ဟဲလို . . ."

မပျော့လွန်း မမာလွန်းသော ချိုမြနေသော သူမ၏အသံကို ကြားရသောခဏ . . ဘာရယ်မဟုတ် . . ရင်ထဲမှာပွေ့ထားခဲ့သော ဖက်လုံးကို ပို၍ခပ်တင်းတင်းဖက်ထားဖြစ်သည်။ ဘယ်ကစ၍ ဘာပြောရမှန်းလည်း မသိ။

"ဟဲလို . . ."

သူမ၏ ဒုတိယမ္ပိ 'ဟဲလို' က နည်း

> မပျော့လွန်း
> မမာလွန်းသော
> ချိုမြနေသော
> သူမ၏အသံကို
> ကြားရသောခဏ
> . . ဘာရယ်မဟုတ်
> . . ရင်ထဲမှာ
> ပွေ့ထားခဲ့သော
> ဖက်လုံးကို
> . . . .



www.burmeseclassic.com

www.burmeseclassic.com



နည်းတော့ စိတ်မရှည်သံ ပေါက်လာသည်။

"ယွန်း ...ဟို ...ဟို ... ဖြိုးတေဖေါ ..."

"သိသားပဲ ..."

သူ့ဘက်က ရင်ခုန်မှုတွေနဲ့ ကတုန်ကရင်ကြီးဖြစ်နေသော်လည်း သူမဘက်က အေးအေးဆေးဆေးပင် 'သိသားပဲ' ဟု ဆိုလိုက်သောအခါ သူ နည်းနည်းတော့ နင်တင်တင်ကြီး ဖြစ်သွားရသည်။

"တည်ငြိမ်စမ်း ဟကောင် .. မင်း တည်ငြိမ်စမ်း"

ဟု ကိုယ့်ကိုယ်ကိုယ် အားပေးလိုက်ရင်း ..

"ဖုန်းဆက်လို့ အနှောင့်အယှက်များ ဖြစ်သွားပြီလား မသိဘူး ..."

ဟု ဆိုဖြစ်သည်။

"ဖြစ်တာပေါ့ ... ဒီက သီချင်းနား ထောင်မလို့ လုပ်နေတာ"

ဘယ်ကာလာ .. အကြိုက်ချင်း တူရမှာတုန်း .. .ယွန်းက နားထောင်စရာ မရှိလို့ နားထောင်နေတာ ...

သီချင်းဟု သူမ ဆိုလိုက်ကာမှ နေ့ခင်းက ထွန်းမောင်ပြောသောစကားအချို့ကို ပြန်အမှတ်ရသည်။ ထို့ကြောင့် သီချင်းနဲ့ပတ်သက်ပြီး ဖောရမည်ဟု တွေးဖြစ်သည်။

"အနှောင့်အယှက်က ဖြစ်သွားပြီ ဆိုတော့ ...မထူးတော့ပါဘူး ... ဆက်နှောင့်ယှက်လိုက်ဦးမယ် ... ဘာသီချင်း



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ဖြစ်လဲ . . .”

“အခုတလော . . . Lady Goga သီချင်းတွေ နားထောင်ဖြစ်နေတယ် . . .”

“Lady Goga ရဲ့ The Fame လား . . .”

“ဟောတော် . . . ယွန်း . . အဲဒါ နားထောင်နေမှန်း ဘယ်လိုလုပ်သိလဲ . . .”

သူမက အံ့အားတသင့်ဖြင့် မေးခွန်းပြန်ထုတ်သည်။

“ဒီကကောင်ကလည်း The Fame ကို နားထောင်နေတယ်ဆိုတော့ အကြိုက်တူနေမလားဆိုပြီး မေးကြည့်လိုက်တာပါ . . . တိုက်တိုက်ဆိုင်ဆိုင်ပဲ အကြိုက်ချင်း လာတူနေတယ်နော် . . .”

“ဘယ်ကလာ . . အကြိုက်ချင်းတူရမှာတုံး . . ယွန်းက နားထောင်စရာမရှိလို့ နားထောင်နေတာ . . ကိုကြီးကကောင်းတယ် . . နားထောင်ကြည့်ဆိုပြီးတော့ ပေးထားလို့ . . .”

သူမ၏စကားသံက ချစ်စရာကောင်းလွန်းသည်။ သို့သော် ‘ကိုကြီး’ ဆိုသော ဝေါဟာရပါလာသည်နှင့် စောစောက ချိုအီနေသော စကားသံတို့က ရုတ်ချည်းခါးသက်ကာသွားသည်။

“ယွန်းစကားပြောရင် အဲဒီကိုကြီးဆိုတဲ့လူက ပါပါလာတယ်နော် . . .”

အနည်းငယ် ကျွတ်ဆတ်ဆတ်ဖြစ်သွားမည်ဖြစ်သော သူ့စကားကြောင့် သူမဘက်က စကားသံတိတ်သွားသည်။ အတန်ကြာမှ . . .

“ဟုတ်တယ် . . . ဘာရယ်မဟုတ်ဘူး . . အမှတ်တမဲ့ပဲ ပြောပြောဖြစ်သွားတာ . . . ဒါနဲ့ ဘာဖြစ်လို့ မေးတာလဲ . . .”

သူမ၏ တန်ပြန်မေးခွန်းကို သူ ဘာပြန်ဖြေလိုက်ရမှန်းမသိ။

“အမှန်အတိုင်း ပြောရမလား . . .”



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ပြော . . ."

သူ့စကားကို သူမက 'အင်းပြော' ဟု လမ်းဖွင့်ကာပေးသည်။

"ယွန်း . . . အဲဒီ့ကိုကြီးဆိုတဲ့လူအကြောင်းပြောတာ ကြားရရင် အလိုလိုနေရင်း အဲဒီ့လူကို တင်းနေတယ် . . . အဲဒါ ဘာဖြစ်လို့လဲ မသိဘူးနော် . . ."

"ဒါကတော့ မပြောတတ်ဘူးလေ . . ကာယကံရှင်ကိုယ်တိုင်ပဲ သိမှာပေါ့ . . ယွန်းက ဘယ်သိပါ့မလဲ . . ."

သူမက သူ့စကားမှ ရှောင်ထွက်ကာဖြေသည်။

"အဲဒါဆို ယွန်းသိအောင် ပြောပြမယ်လေ . . ."

"ဟောတော် . . မေမေ့ကို ဆေးတိုက်ဖို့မေ့နေတယ် . . . သွားတိုက်လိုက်ဦးမယ် . . . ဒါပဲနော် . . . Good Night"

စကားကို ဖြတ်ဖြတ်ပြီး ဖုန်းချသွားခဲ့သည်မို့ သူ မချင့်မရဲဖြစ်ကာ ကျန်ခဲ့ရသည်။ 'နောက်ညပေါ့' ဟု သူ တေးထားဖြစ်သည်။ ဘာပဲပြောပြော ဖုန်းပြောရာ၌ ပြောရဲဆိုရဲရှိသော ကိုယ့်ကိုယ်ကိုယ် နည်းနည်းတော့ ကျေနပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ညဟု သူ တေးထားဖြင့်သော်လည်း တကယ်တမ်း နောက်ည . . . သူ ဖုန်းဆက်သောအခါ သူမ ဖုန်းမကိုင် . . စိတ်ဆိုးသွားသည်ပဲလား . . ရှက်နေသည်လား . . . သူ မတွေးတတ်။

လှဦးတို့နှစ်ကောင်ကို အကျိုး အကြောင်းပြောပြသောအခါ 'နောက်တွေ ဆက်ကြည့်ပါဦး' ဟု ဆိုသည်။

သင်တန်းမှာကျပြန်တော့လည်း သူမက သင်တန်းချိန် နီးကပ်မှ ချိန်ကိုက်ရောက်လာပြီး သင်တန်းပြီးသည်နှင့် ချိန်

> သူမက
> သင်တန်းချိန်
> နီးကပ်မှ ချိန်ကိုက်
> ရောက်လာပြီး
> သင်တန်း
> ပြီးသည်နှင့်
> ချိန်ကိုက်ပင်
> ပြန်ပြန်သွားသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ပင် ပြန်ပြန်သွားသည်မို့ သူ ဘာဆက် လုပ်ရမှန်း မသိတော့။

နောက်ဆုံးတော့ ထွင့်မောင်တို့နှစ်ကောင်နှင့်တိုင်ပင်ပြီး အရပ်ကူပါ လူဝိုင်းပါ ဆိုသလို ဝါဝါနှင့်သင်းသင်းကို အပူကပ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ . . . ဝါဝါနှင့် သင်းသင်းက တစ်ယောက်မျက်နှာကို ဘစ်ယောက်ကြည့်သည်။

ပြီး ဝါဝါက . . .

"တကယ်တော့ ယွန်းကို . . ကိုဇောဇ ဖုန်းဆက်တဲ့နေ့က တိုက်တိုက်ဆိုင်ဆိုင် ကိုကြီးက သူ့ကို Propose လုပ်တယ်တဲ့ . . . အဲဒီ ညမှာပဲ ကိုဇောဇကလည်း ဖုန်းဆက်တယ် ဆိုပြီးတော့ ယွန်းက ပြောပြပါတယ် . . ."

"သူ . . . ဟိုလူ့ကို အဖြေပေးလိုက်ပြီလား . . ."

သူ၏ အလောတကြီးမေးသော အမေးကို သင်းသင်းက ခေါင်းခါပြသည်။

အမှန်အတိုင်း ပြောရရင်တော့ အရင်တုန်းက ယွန်းရဲ့ ခေါင်းထဲမှာ ကိုဇော်နိုင် တစ်ယောက် ပဲရှိတာ



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောရရင်တော့ အရင်တုန်းက ယွန်းရဲ့ ခေါင်းထဲမှာ ကိုကြီးကိုဇော်နိုင်တစ်ယောက်ပဲရှိတာ . . အခုတော့ သူ့ခေါင်းထဲမှာ နှစ်ယောက်ဖြစ်လာပြီ . . ဒါပေမယ့် သူ့ရင်ထဲမှာ ဘယ်သူရှိလဲဆိုတာတော့ သူကိုယ်သူလည်း စဉ်းစားလို့မရဘူးတဲ့ . . အခြေအနေကတော့ ငါးဆယ် ငါးဆယ်ပဲ . . ."

သင်းသင်း၏စကားအဆုံးမှာ သူ ကတုန်ကရင်ကြီးဖြစ်သွားရသည်။ ငါးဆယ် ငါးဆယ်ဟု သင်းသင်းက ဆိုသော်လည်း နှစ်ပေါင်းများစွာ ခင်မင်လာသော သံယောဇဉ်အရတော့ ကိုဇော်နိုင်ဘက်က သာနေနိုင်သည်ကိုး။

"သင်းသင်းတို့ကတော့ အဲဒီ ကိုဇော်နိုင်ဆိုတဲ့ လူကိုကြည့်မရလို့ . . ကိုတေဇဘက်ကနေ အမြဲထောက်ခံပေးနေတာ . . ဒါပေမယ့် ဟိုလူနဲ့ ငယ်ငယ်လေးကတည်းက ခင်မင်သံယောဇဉ်ရှိလာတာဆိုတော့လည်း ယွန်းဘက်က တွေးရခက်နေမှာပေါ့ . . ."

သင်းသင်းက သက်ပြင်းကို ချရင်းကဆိုသည်။

"ဒါပေမယ့် စိတ်ဓာတ်တော့ မကျနဲ့နော် . . . ယွန်းက ကိုဇော်နိုင် သူ့ကို Propose မလုပ်ခင်ကတည်းက သူ့ကို ဘယ်သူလာစစ အပြတ်ငြင်းလွှတ်တာ . . ကိုတေဇကိုတော့ သူ မငြင်းသေးဘူးဆိုတော့ ဒါ စောစောကပြောသလို အမှတ် ငါးဆယ်ပေးထားတဲ့ သဘောပဲ . . ဒီအတောအတွင်းမှာ ကိုတေဇဘက်က ကြိုးစားဖို့ပဲလိုတယ် . . . ဝါဝါတို့ကတော့ အတတ်နိုင်ဆုံး ကူညီပေးမယ် . . . ဟုတ်ပြီလား . . ."

ဝါဝါက သူ့ကို အားပေးစကား ဆိုသည်။

"ဒီလိုလုပ် . . . သန်ဘက်ခါ သင်းသင်းတို့ ICT ပြပွဲကို သွားဖို့ရှိတယ် . . . ပွဲရောက်ရင် အခြေအနေကြည့်ပြီး သင်းသင်းတို့ ရှောင်ပေးမယ် . . . အဲဒီအချိန်မှာ ကိုတေဇကကြည့်ပြီး လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . တကယ်လို့ အဲဒီ့မှာ အခြေအနေမပေးရင်လည်း စိတ်ခုတ်မကျန့်နဲ့ . . . သင်းသင်းတို့ နောက်ထပ်ကြည့်စီစဉ်ပေးမယ် . . .”

“အေး . . . ကျေးဇူးပါပဲဟာ . . .”

သူ တကယ်ပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားဆိုဖြစ်သည်။ ဘာပဲပြောပြော ဟိုလူ့ဘက်က တစ်ပန်းသာနေသည်ကတော့ အမှန် . . .။

ကိုဇော်နိုင်က ယွန်းဆီကိုလည်း ဖုန်းဆက်၍ရသည်။ အိမ်ကိုလည်း အဝင်အထွက်လုပ်၍ရသည်။ သူ့မှာ ထိုကဲ့သို့သော အခွင့်အရေးမျိုး မရှိ။

ကံအားလျော်စွာ သင်းသင်းနှင့်ဝါဝါတို့နှစ်ယောက် သူ့ဘက်မှာ ရပ်တည်ပေးနေသည်ကိုပဲ သူ ကျေးဇူးတင်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com






ပြိုင်ပွဲမှာ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဝါဝါတို့နှစ်ယောက်နှင့် လှဦးတို့နှစ်ယောက်က ခြေရာဖျောက်သွားကြသည်။

ပစ္စည်းတစ်ခုကိုကြည့်နေသော သူမ၏ ဘေးမှာ သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ဟောတော် . . . ဝါဝါတို့ ဘယ်ရောက်သွားလဲ မသိဘူး"

သူမက ဘေးဘီကိုသတိထားမိသွားကာ ဟိုကြည့်ဒီကြည့်ဖြင့် ရှာရင်းဆိုသည်။

"ဟာ . . . ဟုတ်သားပဲ . . . လှဦးတို့ နှစ်ကောင်ပါ . . . ဘယ်ပျောက်သွားလဲ မသိဘူး . . ."

သူ့ကို
မသိယော
ဖျက်လုံးရွှေ့ပြီး
ကြည့်တော့
သူမက
သူ့ကို
စိုက်ကြည့်ကာ
နေသည်ပဲ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ပိုရှိမည်မဟုတ်သော်လည်း ခပ်တည်တည်ပင်ဆိုရင်း သူလည်း လှည်းတို့နှစ်ကောင်ကို ရှာနေသလို ဟိုဟိုဒီဒီကြည့်ဖြစ်သည်။

သူမကို မသိမသာ မျက်လုံးစွေပြီးကြည့်တော့ သူမက သူ့ကိုစိုက်ကြည့်ကာနေသည်မို့ သူ နောက်ကျောမလုံသလို ဖြစ်သွားမိသည်။ သူတို့ အကြံအစည်ကို သူမများ သိကာနေသည်လား ဟု၍။

အမူအရာပျက်သွားမည်စိုး၍ သူ ရုပ်ကိုတည်ရင်းက . . .

"ယွန်း ကြည့်ချင်တာ ကြည့်လေ . . ဒီကောင်တွေကို လိုက်ရှာကြည့်ပေးမယ် . . . တကယ်လို့ မတွေ့တော့လည်း ဖုန်းဆက်ခေါ်တာပေါ့ . . ."

"တွေ့မှာ မဟုတ်ဘူး . . ."

သူ့စကားအဆုံးမှာ သူမ၏စကားကြောင့် သူမျက်လုံးပြူးသွားရသည်။ သူတို့အကြံကို သူမများ ရိပ်မိနေသလားဟု . . .

"လူကွေ့ဒီလောက်များနေတဲ့ဥစ္စာ . . . ရှာလည်း တွေ့မှာမဟုတ်ဘူး . . နေပါစေတော့ . . . ကားပါကင်ရောက်မှပဲ ဖုန်းဆက်ပြီး ဆုံတော့မယ် . . ."

နောက်ဆက်တွဲဆိုသော သူမ၏စကားကိုကြားတော့မှ သူ သက်ပြင်းကို မရဲတရဲခိုးချဖြစ်သည်။

ပြီး . . .

စကားလုံးတွေကို ကမန်းကတန်း ခေါင်းထဲမှာ ကောက်စီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကား ပါကင်သို့ ရောက်သောအခါ သူမက ဝါဝါတို့ဆီ ဖုန်းလှမ်းဆက်သည်။

"နင်တို့ ဘယ်မှာလဲ . . ."

". . . . . . . . ."

"ဘာ . . ."

". . . . . . . ."

"ဪ . . အေး . . ငါ ကားပါကင်မှာ ရောက်နေပြီ . . . ထွက်လာကြတော့ . . ကြာရင် မစောင့်ဘဲ ပြန်မှာနော် . . . ဒါပဲ"

သူမ ဖုန်းအချမှာ သူလည်း ဟန်ကိုယ့်ဖို့ဆိုသလို ထွင့်မောင်တို့ဆီ ဖုန်းလှမ်းခေါ်ဖြစ်သည်။

ကိုယ်
ယွန်းကို
အရမ်းချစ်တယ်
. .
ယွန်းကို
ဆုံးရှုံးရမှာ
အရမ်းကြောက်တယ်
ယွန်းရာ
. .



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . မင်းတို့ဘယ်မှာလဲ . . ."

". . . . . . . ."

"ဘာ . . . သင်းသင်းတို့နဲ့ . . ."

". . . . . . . . . ."

"အေး . . . ဝယ်စရာရှိတာဝယ် . . . ပြီးရင် ထွက်ခဲ့ကြလေကွာ . . . ငါက ကားပါကင်မှာ ရောက်နေပြီ . . ."

". . . . . . . ."

"အေး . . . . အေး . . . . ဒါပဲ . . ."

ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်ရင်း သူမကိုလှမ်းကြည့်သောအခါ သူမက ဝယ်လာသောပစ္စည်းတို့ကို တစ်ခုချင်းပြန်ထုတ်ကြည့်နေသည်။

မသိသလိုလုပ်ကာနေသော သူမထိုင်နေသည့် သူမ၏ကားထဲ သူဝင်ထိုင်ဖြစ်သည်။

"ယွန်း . . ."

". . . . . ."

သူမက မထူး . .။ ပစ္စည်းတို့ကိုသာ ကြည့်ကာနေသည်။ ကြည့်ချင်ယောင်ဆောင်နေသည်ဟု ဆိုက ပို၍မှန်လိမ့်မည်။

"ယွန်း ကိုယ့်ကို စိတ်ဆိုးနေတာလား . . ."

"စိတ်ဆိုးရင် . . . ဒီကို အတူတူလာပါ့မလား . . ."

သူမက ခပ်အေးအေးပင် ပက်ခနဲ ပြန်၍ဆိုသည်။

"ဒါဖြင့် ဘာဖြစ်လို့ ကိုယ်ဖုန်းဆက်ရင် ကိုယ့်ဖုန်းကို မကိုင်တာလဲ . . ."

". . . . . . . . . ."

သူမက ဘာစကားမှမဆိုဘဲ ရှက်အမ်းအမ်းဖြင့် လက်နှစ်ဖက်ကို ပွတ်ကာနေသည်။

ဖော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းတမင်မကိုင်မှန်းသိရင်လည်း မဆက်နဲ့ပေါ့ . . ."

"မဆက်ဘဲမှ မနေနိုင်တာ ယွန်းရာ . . ကိုယ်က ယွန်းအသံ ကြားချင်တဲ့ကောင်ကိုး . . . ကိုယ့်မှာ မျှော်လင့်ချက်တွေနဲ့ ညတိုင်း ဖုန်းခေါ်ရက်နဲ့ ယွန်းက ဖုန်းမကိုင်တော့ ရင်ထဲမှာ ဘယ်လိုမွန်းကျပ်မှန်းကို မသိဘူး . . ."

စီစဉ်မထားပါဘဲ ထွက်ကျလာသော သူ့စကားတို့ကို သူမက ခေါင်းငုံ့ကာ နားထောင်လို့နေသည်။

"ယွန်း စိတ်ဆိုးချင်လည်း စိတ်ဆိုးတော့ ယွန်းရာ . . ကိုယ် မပြောဘဲ ဘယ်လိုမှ အောင့်ထားနိုင်မှာ မဟုတ်ဘူး . . ကိုယ် ယွန်းကို အရမ်းချစ်တယ် . . ယွန်းကို ဆုံးရှုံးရမှာ အရမ်းကြောက်တယ် ယွန်းရာ . . ကိုဇော်နိုင်ဆိုတဲ့လူနောက်ပါသွားရင် ကိုယ်တော့ ရူးသွားမယ်ထင်တယ် . . ."

"မယုံပါဘူး . . ."

သူ့စကားကို သူမက 'မယုံဘူး' ဟု ရှက်ဝဲဝဲဖြင့်ဆိုရင်း ကားတံခါးကိုဖွင့်ကာ ကားပေါ်မှ ကမန်းကတန်းဆင်းသည်မို့ သူပါ ကားပေါ်မှ လိုက်ဆင်းဖြစ်သည်။

"ကိုယ်အတည်ပြောနေတာပါ ယွန်း . . . ယွန်းကို ကိုယ် ပြောမပြတတ်လောက်

ကိုယ်က ယွန်းအသံ . . . ကြားချင်တဲ့ ကောင်ကိုး . . . ကိုယ့်မှာ မျှော်လင့်ချက်တွေနဲ့ ညတိုင်း ဖုန်းခေါ်ရက်နဲ့ ယွန်းက ဖုန်းမကိုင်တော့ ရင်ထဲမှာ ဘယ်လို မွန်းကြပ်မှန်းကို မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



အောင်ကို ချစ်တာပါ . . "

" . . . . . . . . . "

ယွန်းက ဘာတုံ့ပြန်စကားမှ မဆို။ ကိုဇော်နိုင်ကို အဖြေများ ပေးလိုက်ပြီလားဟု တွေးရင်း သူရင်ပူနေမိသည်။ ယွန်းက ခေါင်းကိုသာ ငုံ့လို့ထားသည်။

"ကိုယ့်ကို ဘာစကားမှ မပြောတော့ဘူးလား ယွန်း . . . ယွန်းမှာ ကိုယ့်အတွက် ပြောစရာစကားမရှိတော့ဘူးလား . . . ယွန်း . . . ယွန်း . . ကိုဇော်နိုင်ကို အဖြေပေးလိုက်ပြီလား . . . "

သူ့စကားအဆုံးမှာ ယွန်းက သက်ပြင်းကိုချသည်။ ပြီး ခေါင်းခါသည်။

"ယွန်း . . . ကိုကြီးကို အဖြေမပေးရသေးပါဘူး . . ကိုတေဇကိုလည်း ယွန်း သေသေချာချာ အချိန်ယူပြီး စဉ်းစားပါရစေ . . အဲဒီ့လိုကြီး တဂျီဂျီလုပ်နေရင် ယွန်း နေရခက်တယ် . . . "

"ဩော် . . . "

ဟုတ်သည်ပဲလေ . . . ဟု သူ အားနာနာဖြင့် တွေးမိသည်။

"ဝါဝါတို့ လာနေပြီ . . . "

သူမက တစ်ဖက်ကိုလှမ်းကြည့်ရင်း ဆိုသည်။ ဝါဝါတို့နှစ်ယောက်နှင့်ထွဋ်မောင်တို့က မချိုမချဉ်မျက်နှာများနှင့် ရောက်လာကြသည်။

"အချိန်ကုန်တာလည်း မြန်လိုက်တာနော် . . . "

ပြုံးစိစိဖြင့်ဆိုသော သင်းသင်း၏စကားအသွားအလာကို သိသည်မို့ သူမက သင်းသင်းကို မျက်စောင်းလှမ်းထိုးသည်။

"ကဲ . . ကဲ . . . ငါတို့က ဆံပင်သွားညှပ်စရာရှိသေးလို့ . . . သွားတော့မယ် . . . "

ဝါဝါက ကားတံခါးကိုဖွင့်ရင်း ဆိုသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ညှပ်မနေပါနဲ့ဟာ . . . နောက်ဆို အလုပ်ရှုပ်သက်သာအောင် ငါ့လို ကတုံးပေါက်စပုံ ထိုးထားလိုက် . . အေးရော . . ."

ထွန်းမောင်က နောက်သည်မို့ ဝါဝါက ပွစိ ပွစိရွတ်သည်။ သူမက ကားပေါ်တက်သည်မို့ သင်းသင်းကပါ သွားပြီဟု မသိမသာဖြင့် လက်ပြပြီး ကားပေါ်တက်ကာသွားသည်။

"သွားပြီ . . . တာ့တာ . . ."

ဝါဝါနှင့်သင်းသင်းက ထွက်ခွာစကားပေါ်မှနေ လက်ပြရင်းပါသွားသည်။

"ကဲ . . . ငါ့ကောင်ကြီး ဘယ်လိုလဲ . . ."

သူမ၏ကားမျက်စိအောက်မှ ပျောက်သွားချိန်မှာ လှဦးက သူ့ကို မေးသည်။

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးကွာ . . ."

သက်ပြင်းနှင့်အတူ ရောချကာဆိုသော သူ့စကားကြောင့် လှဦးနှင့်ထွန်းမောင်က တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြသည်။

သူကတော့ ခေါင်းကိုသာ ခပ်ကြမ်းကြမ်းကုတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်နိုင်ကြီးကိုတော့ သဘော မကျပါဘူး ယွန်းရာ . . . နင့်ထက် အသက်ကလည်း ကြီးသေး . . ပြီးတော့ သူများတွေ အသက်ကြီးတဲ့ယောကျ်ားကို ယူထားရင် အလိုလိုက်ခံရတယ် . . ကိုဇော်နိုင်ကိုကြည့်ရတာ မိန်းမကို ဗိုလ်ကျမယ့်ရုပ် . . မိန်းမကို ညှာမယ့် ပုံစံမထွက်ဘူး . . . ."

နင့်ထက်
အသက်ကလည်း
ကြီးသေး
ပြီးတော့
သူများတွေ
အသက်ကြီးတဲ့
ယောကျ်ားကို
ယူထားရင်
အလိုလိုက်
ခံရတယ်

"အားမနာတမ်းပြောရရင် အသားကုန်လည်း ပွေမယ့်ပုံစံကြီး . . ."

သင်းသင်း၏စကားအဆုံးမှာ ဝါဝါကပါ အဆစ်လိုက်၍ဆိုသည်။

"နေပါဦး . . နင်တို့ဟာက မသိသာလွန်းဘူးလား . ."



www.burmeseclassic.com

www.burmeseclassic.com



သူမက သူငယ်ချင်းနှစ်ယောက်ကို ကြည့်ရင်း ဆိုဖြစ်သည်။

"ဘာကို သိသာတာတုံး . . ."

သင်းသင်းက မေးဆတ်ရင်း ပြန်၍ မေးသည်။

"နင်တို့က ငါ့ကိုကြီးကိုကျတော့ ရစရာမရှိအောင် ပြောပြီး တော့ . . ကိုတေဇကို ကျတော့ အကောင်းတွေချည်း . . . . ရုပ်ဖြောင့်တာရော . . . သဘောကောင်းတာရော . . . ခုံနေတာပဲ . . နင်တို့ ဘက်လိုက်တာက သိသာလွန်းတယ် . . ."

"အဲဒါဘက်လိုက်တာ မဟုတ်ဘူး . . အမှန်ကိုအမှန်အတိုင်း ပြောတာ ယွန်းရဲ့ . . . ကဲ . . . ထားပါ . . . ငါတို့က ဘက်လိုက်တယ်ပဲထား . . တကယ်တမ်း ဆုံးဖြတ်ရမှာက နင်ပါ . . ငါတို့က ဘာမှလိုက် ဆုံးဖြတ်လို့ရတာမှ မဟုတ်တာ . . . ကိုဇော်နိုင်ရဲ့ပုံစံကို မကြိုက်လို့ မကြိုက်ဘူးလို့ပဲ ပြောတာ . . . ငွေ၊ပစ်လိုက်လို့ မပြောဘူး . . . အဲဒီ့လိုပဲ ကိုတေဇကိုပဲ ရွေးပါ လို့လည်း မတိုက်တွန်းဘူး . . အားလုံး နင့်သဘောပဲ . . ."

သင်းသင်း၏စကားကြောင့် သူမ ခေါင်းကိုကုတ်ဖြစ်သည်။

"အေးပါဟာ . . . ငါက နင်တို့ကို နောက်တာပါ . . . ငါ လည်း တစ်ဘဝစာလုံးအတွက် သေသေချာချာ စဉ်းစားလေ့လာပြီး မှ ရွေးမှာပါ . . ."

ပြောပြီး သူမ ခေါင်းရှုပ်ရှုပ်နှင့်ပင် သက်ပြင်းကို ဟင်းခနဲ ချဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





"ညီမလေး ရှက်လိုက်တာ ကိုလေးရယ် . ."

ပြောပြီး ညီမလေးက ရှိုက်ကာ ရှိုက်ကာ ငိုသည်။ အပြင်မှာ ဆုံချင်သည့်ဆိုင်၍ ညီမလေးရှိရာ သူလာခဲ့ဖြစ်သည်။ သူရောက်လျှင်ရောက်ချင်းပင် ပြောပြီး ညီမလေးက ငိုခြင်းဖြစ်သည်။ ညီမလေး ငိုသည်ကို မကြုံဖူးသည်မို့ သူရင်ပူခနဲ ဖြစ်ကာသွားသည်။

"ညီမလေး . . . ဘာဖြစ်တာလဲ . . ကိုလေးကို ပြောစမ်း"

"ကိုလေး . . ညီမလေးရဲ့ ရည်းစားမှာ မိန်းမရှိတယ်တဲ့"

"ဘာ . . ."

ရင်ဝကို မီးစဖြင့်အထိုးခံလိုက်ရသလို

ကိုလေး
. . ညီမလေးရဲ့
ရည်းစားမှာ
မိန်းမရှိတယ်တဲ့"
"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မျိုး ပူခနဲ ဖြစ်ကာသွားသည်။ ညီမလေး၏ ရည်းစားမှာ မိန်းမရှိသည်တဲ့။ ညီမလေးသည် သူမ၏ချစ်သူနှင့် ဘယ်အခြေအနေအထိများ . . . သူ ဆက်မတွေးရဲတော့ . . .

"ကံသီပေလို့ပေါ့ . . ရုပ်ရှင်တစ်ခါပဲ အတူကြည့်ဖြစ်လို့ . . . ရုပ်ရှင်အတူတူ စကြည့်တဲ့နေ့မှာပဲ ကိုလေးက တွေ့ပြီးဆူ . . . အိမ်က ဖေဖေတို့ကလည်း ဆူတော့ . . . နောက်ပိုင်း ဖုန်းနဲ့ပဲ အဆက်အသွယ်လုပ်ခဲ့တာ . . .

အစောပိုင်းတုန်းကတော့ ရည်းစားကို ဖုန်းနဲ့ပဲ ထားခဲ့ရလို့ ကိုလေးတို့ကိုတောင် စိတ်ဆိုးမိသေးတယ် . . ."

"အခုတော့ . . . ကျေးဇူးတင်နေရပြီ မဟုတ်လား . . ."

အောင့်သက်သက်ဖြင့်ဆိုသော သူ့စကားကြောင့် ညီမလေးက မျက်ရည်စတို့ကို သုတ်ရင်း ခေါင်းကိုညိတ်သည်။

အဲဒီလူက သူ့မိန်းမကို လူသိရှင်ကြား လက်ထပ်ပြီးတော့မှ ပေါင်းနေတာ မဟုတ်ဘူးတဲ့ မယားငယ် ပေါင်းသလို ခိုးပေါင်းနေတာတဲ့ . . .

"မနေ့ကမှ သိရတာ . . . အဲဒီ့လူက သူ့မိန်းမကို လူသိရှင်ကြား လက်ထပ်ပြီးတော့မှ ပေါင်းနေတာ မဟုတ်ဘူးတဲ့ . . မယားငယ် ပေါင်းသလို ခိုးပေါင်းနေတာတဲ့ . . ရည်းစားတွေကလည်း အများကြီးတဲ့ . . သူ့အကြောင်းကို သူနဲ့တော်တော်ရင်းနှီးတဲ့လူတွေတောင် မသိဘူးတဲ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . တော်တော်မိုက်ရိုင်း တဲ့လူပဲ . . ."

"ညီမလေးလည်း ရှက်လည်းရှက် . . ဒေါသလည်း ထွက်နဲ့ ကိုဇော်နိုင့်ကို ဖုန်းဆက်ပြီး ပက်ပက်စက်စက်ကို ပြောပစ်လိုက်တယ်"

ဘာရယ်မဟုတ် 'ဇော်နိုင်' ဆိုသော နာမည်ကြောင့် သူ တွေခနဲဖြစ်သွားရသည်။ ယွန်း၏ ကိုကြီးဆိုသူကလည်း ကိုဇော်နိုင် ပဲ ဖြစ်သည်ကိုး။

"ဘာ . . . ဘယ်သူ . . ."

ရုတ်တရက်ကြီး အံ့အားတသင့်ဖြင့်မေးသော သူ့အမေးကို ညီမလေးက . . .

"ကိုဇော်နိုင်တဲ့ . . . ဘာဖြစ်လို့လဲ . . ဒီလူနာမည်ပြောရ တာ . . . ရွံလွန်းလို့ ပြောကို မပြောချင်ဘူး . . ."

"ညီမလေးဆီမှာ . . . အဲဒီလူရဲ့ဓာတ်ပုံရှိလား . ."

"ဟင့်အင်း . . ."

'မရှိဘူး' ဆို၍ သူ စိတ်လေသွားရသည်။ ညီမလေးပြော သော ကိုဇော်နိုင်နှင့်ယွန်း၏ ကိုကြီးဆိုသူ ကိုဇော်နိုင်သာ တယောက် တည်းဖြစ်နေခဲ့လျှင် . . . သူ တွေးရင်း တွေးရင်းဖြင့် ရင်ပူလာသည်။

"နေဦး . . . အခုမှ သတိရတယ် . . ညီမလေး သူနဲ့ရုပ်ရှင် အတူတူကြည့်တုန်းက ဖုန်းနဲ့ရိုက်ထားတဲ့ပုံရှိတယ် . . . Cancel လုပ်မလို့ ဥစ္စာ . . . မေ့နေတယ် . . ."

ပြောရင်း ညီမလေးက ဖုန်းကိုထုတ်ကာ ၎င်းပုံကိုရှာပြီး 'ဒီမှာ' ဟု ပြသည်။ ညီမလေး၏ဖုန်းက Resolution အတော်လေး ကောင်းသည်မို့ ထိုလူ၏ပုံကို ကြည်ကြည်လင်လင်ကြီး မြင်နေရသည်။

"ပေး . . . ကိုလေး . . ဖုန်း . . ကျက်သရေတုံးတယ် . . တစ်ခါတည်း Cancel လုပ်ပစ်မယ် . . ."

"နေဦး . . . ခဏလေး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုံး . . ."

သူ့စကားကြောင့် ညီမလေးက သူ့ကိုနားမလည်သလိုကြည့်သည်။ သူ 'ကိုဇော်နိုင်' ၏ ပုံကို သူ့ဖုန်းထဲကူးထည့်ပြီး ယွန်းဆီ ကမန်းကတန်း လှမ်းဆက်ဖြစ်သည်။ သို့သော် ယွန်း၏ဖုန်းကမအား။ ထို့ကြောင့် ဝါဝါနှင့်ရှိနေမလားဟု ဝါဝါ့ဆီ လှမ်းဆက်ဖြစ်သည်။ ဖုန်းက ဝင်ကာသွားသည်။

"ဟဲလို ဝါဝါလား . . . အေး . . ယွန်းနဲ့အတူတူရှိနေတာလား . . . အေး . . . ယုဇနပလာဇာမှာ . . ဟုတ်ပြီ . . . ငါအခုလာခဲ့မယ် . . ."

ညီမလေးက အနည်းငယ် ပျာယာခတ်နေသော သူ့ကို အံ့အားတသင့်ဖြင့် ကြည့်ကာနေသည်။

"ညီမလေး ကိုလေး သွားစရာရှိလို့ နောက်မှဆုံမယ်နော်"

ညီမလေးကို ကမန်းကတန်း နှုတ်ဆက်ပြီး ယုဇနပလာဇာဆီ သူ ဦးတည်ဖြစ်သည်။ ပလာဇာမှာ ယွန်းတို့နှင့်အတူ ကိုဇော်နိုင်ပါ ရှိနေသည်တဲ့။ သူ့ဖုန်းထဲမှာပါလာသော ကိုဇော်နိုင်နှင့်ယွန်း၏ ကိုကြီးသည် တစ်ယောက်တည်း ဖြစ်နေမည်လား မသိ။ ဖြစ်နေခဲ့လျှင်ကော . . သူ မတွေးတတ်အောင် ဖြစ်နေမိသည်။ ဘာရယ်မဟုတ် . . . 'မဟုတ်ပါစေနဲ့' ဟုသာ ကြိတ်ကာဆုတောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝါဝါ နင်တို့ အခု ဘယ်အထပ်မှာလဲ"

"တတိယထပ်မှာ ကိုတေဇ . . . ( . . . . . ) ဆိုင်ကို သိတယ် မဟုတ်လား . . . အဲဒီ့ဘက်မှာ . . ."

"အေး အေး . . ငါ အခု ကားပါကင် ထိုးနေတယ် . . . လာခဲ့မယ် . . ."

ကားကို အမြန်ပါကင်ထိုးပြီး သူ ကမန်းကတန်းပင် ကားပေါ်မှ ဆင်းဖြစ် သည်။

ပြီး တတိယထပ်မှ ဝါဝါပြောသော ဆိုင်ဘက်သို့ ခပ်သွက်သွက် လျှောက်ခဲ့ဖြစ်

သူ
ယွန်းကို
အဖြစ်မှန်တွေ
ပြောပြရမည်
ပြီး သက်သေ
တစ်ပုံကိုပါ
တစ်ခါတည်း
ရှင်းအောင်
ပြရမည်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရင်ခုန်သံတို့က ဝုန်းဒိုင်းကြဲ ဆူညံကာ နေသည်။

မျက်နှာချင်းဆိုင်မှ လျှောက်လာနေသော သင်းသင်းတို့ကို တွေ့နေရသည်။ ယွန်း၏ဘေးမှာပါလာသော ကိုဇော်နိုင်ဆိုသူက ဦးထုပ်ဆောင်းထားသည်မို့ ၎င်း၏မျက်နှာကို သဲ့ကွဲစွာမမြင်ရ။

အနီးကပ်ရောက်သောအခါ ဝါဝါက သူ့ကိုလက်ပြရင်း . .

"ဒီမှာ . . . ဒီမှာ . . ."

ဟု ဆိုသည်။ ဝါဝါ၏ နှုတ်ဆက်သံကြောင့် အားလုံးက သူ့ကို လှမ်းကြည့်သည်။ ဆတ်ခနဲ ထိုလူ၏မျက်နှာသည်လည်း မော့ကာလာသည်။

သူ လက်သီးကို ကျစ်နေအောင်ဆုပ်ကာ ထားဖြစ်သည်။ ဒီလူမှ ဒီလူ . . . လွဲစရာ၊ မမှတ်မိစရာ အကြောင်းကိုမရှိ။

ပြုံးပြနေသော ယွန်းအနီးကို သူ ဘယ်လိုရောက်သွားမှန်း ပင်မသိ။

"ယွန်း . . . ပြောစရာရှိတယ် . . ."

ယွန်း၏လက်ကို မသိစိတ်ဖြင့် ဆတ်ခနဲ လှမ်းဆွဲရင်း ဆိုဖြစ်သည်။ ယွန်းကလည်း ရုတ်တရက်မို့ လန့်ဖျပ်ပြီး နောက်ကိုဆုတ်သည်။

"ဟကောင် . . မင်း ဘာလုပ်တာလဲ"

မင်း
ဘယ်က
အဆင့်မရှိတဲ့
ကောင်တွေနဲ့
ပေါင်းနေတာလဲ
. . လူကို
အလိုင်းကြီး
လာပြီးဖြဲနေတယ်
တော်တော်
ရိုင်းတာပဲ



www.burmeseclassic.com

www.burmeseclassic.com



ယွန်း၏ပျက်ယွင်းသွားသော အမူအရာတို့ကြောင့် သကောင့်သားက သူ့ကို ခပ်ငေါက်ငေါက်ဆိုသည်။

"ခင်ဗျားနဲ့မဆိုင်ဘူး . . ခင်ဗျား အသာနေ . . ယွန်း . . အရေးတကြီးပြောစရာရှိတယ် . . ခဏလေး လိုက်ခဲ့ . . ."

ပြောပြောဆိုဆို သူ ယွန်းကို လှမ်းခေါ်ဖြစ်သည်။ သူ ယွန်းကို အဖြစ်မှန်တွေ ပြောပြရမည်။ ပြီး သက်သေဓာတ်ပုံကိုပါ တစ်ခါတည်း ရှင်းအောင် ပြရမည်။

ထိုစဉ်မှာပင် ကိုဇော်နိုင်က ယွန်းရှေ့မှနေ လက်တစ်ဖက်ဖြင့်ကာကာ . . .

"မင်း ဘာပြောစရာရှိလို့လဲ . . . ပြောစရာရှိရင် ဒီမှာပြော"

"ဟော့လူ . . ခင်ဗျား ဝင်မပါနဲ့လို့ ပြောနေတယ်နော်"

သည်းမခံနိုင်တော့သည်မို့ သူ ထိုလူ၏ရင်ဘတ်ကို ဆောင့်တွန်းဖြစ်သည်။

"ကိုတေဇ . . . ဒါ ဘာလုပ်တာလဲ . . ."

ယွန်းက သူ့ကို ပြူးကျယ်သော မျက်လုံးဖြင့် အံ့အားသင့်စွာကြည့်ရင်းက မေးသည်။ ဝါဝါတို့နှင့် ဈေးဝယ်များကတော့ ကြောင်ကာဝိုင်းကြည့်နေကြသည်။

"ဘာဖြစ်နေတာလဲ . . အော်ကြီးဟစ်ကျယ်နဲ့ . . . ရှက်စရာကြီး . . ."

ယွန်းက မျက်မှန်ကုတ်ရင်း သူ့ကိုဆိုသည်။

"ယွန်း . . . မင်း ဘယ်က အဆင့်မရှိတဲ့ကောင်တွေနဲ့ ပေါင်းနေတာလဲ . . လူကို ဘလိုင်းကြီး လာပြီးဖြုနေတယ် . . တော်တော်ရိုင်းတာပဲ . . ."

ရင်ဘတ်ကို ဆောင့်အတွန်းခံလိုက်ရသည်မို့ သကောင့်သားက ဒေါသတကြီးဖြင့်ဆိုသည်။ ရိုင်းသည်ဟု အပြောခံလိုက်ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ တော်တော်ကြီးတင်းသွားရသည်။

"ဘာပြောတယ်ဗျ . . ရိုင်းတယ် . . အဆင့်မရှိဘူး . . ဟုတ်လား . . ရိုင်းတော့ ဘာဖြစ်လဲ . . ကျုပ် ရိုင်းတာက ခင်ဗျား လို အောက်တန်းမကျဘူး . . . မှတ်ထား . . ."

လက်ညှိုးထိုးရင်းဆိုသော သူ့စကားကြောင့် ယွန်းက သူ့ကို ပါးစပ်ကြီးဟကာ ကြည့်သည်။

"ကိုတေဇ . . . လူတွေ ဒီလောက် ဝိုင်းအုံပြီးကြည့်နေတာတောင် မရှက်ဘူးနော်"

ငိုသံစွက်နေသော ယွန်း၏ ပြစ်တင်စကားကြောင့် သူ ဖြန်း ခနဲ မျက်နှာပူသွားရသည်။ ယွန်းက ဘာကိစ္စ သူ့ဘက်မှာရှိမနေဘဲ ဟိုလူ့ဘက် ပါနေရသနည်းဟု တွေးရင်း တင်းသွားမိသည်။

"ဘာလဲ ယွန်း . . . ဒီလူ့အကြောင်း နင်ဘာသိလို့လဲ"

"သိသင့်သလောက်တော့ သိတယ် ကိုတေဇ . . ယွန်း သိသလောက် ကိုဇော်နိုင် က ကိုတေဇလောက် မရိုင်းဘူး . . ."

"ဘာလဲ ယွန်း ဒီလူ့အကြောင်း နင်ဘာသိလို့လဲ"
"သိသင့် သလောက်တော့ သိတယ် . . ကိုတေဇ . . ယွန်း သိသလောက် ကိုဇော်နိုင်က ကိုတေဇလောက် မရိုင်းဘူး . . ."

"ဘာ . . . ပြော် . . . ."

သူ ယွန်း၏စကားကြောင့် ဆို့နင့်စွာ ခံစားလိုက်ရသည်။

"လက်စသတ်တော့ နင်က ကျေကျေ နပ်နပ် ကြီး သူ့မယားငယ်ဖြစ်ချင်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာတစ်ခုလုံး နီမြန်းသွားသည်ကို မြင်လိုက်ရသည်။ ပြီး . . . သူမ၏လက်တစ်ဖက် မြောက်တက်လာသည်ကို မြင်လိုက်ရသည်။ ထို့နောက် . . . .

"ဘာ . . . ဘာပြောတယ် . . . ကဲ ဟာ . . ."

"ဖြန်း . . ."

'ဖြန်း' ခနဲ အသံနှင့်အတူ သူ့ပါးပြင်တစ်ခုလုံး ထူပူကာသွားသည်။ 'ယွန်း' ဟု ဆိုရင်း ဝိုင်းဆွဲသော ဝါဝါတို့ကို ရိပ်ခနဲ သူမြင်ရသည်။

ပလာဇာတစ်ခုလုံးသည် ရုတ်တရက် တိတ်ဆိတ်သွားသည်ဟု ထင်လိုက်ရသည်။ ဘေးပတ်ပတ်လည်မှာ ဝိုင်းအုံကြည့်နေသော မျက်လုံးများ၊ တီးတိုးပြောဆိုသံများ . . . ထို့ထက်ဆိုးသည်က မီးဝင်းဝင်းတောက်နေဆဲ မျက်လုံးအစုံဖြင့် သူ့ကို ဒေါသတကြီးကြည့်နေဆဲဖြစ်သော ယွန်း . . .

သူ့ ရင်ဘတ်တွေက အဆုံးမရှိ နာကျင်ကာနေသည်။

သူ ရှက်ရှက်နှင့်ပင် ထူပူစွာ လှည့်ထွက်ခဲ့ဖြစ်သည်။ သင်းသင်းက 'ကိုတေဇ' ဟု လိုက်ခေါ်သံကို သူ ကြားနေရသည်။

ဘဝမှာ ပထမဆုံးသော ချစ်မိသူ၏ လက်ဝါးနှင့်မှ အရိုက်ခံရသော နာကျင်မှုက ပြောမပြတတ်အောင် ဆိုးရွားလွန်းသည်။

ရင်ထဲမှာတော့ တစစ်စစ်ဖြင့် နာကျင်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com






ကန်ပေါင် . . .

"မင်းရဲ့ညီမလေးကိုပါ ခေါ်သွားပြီး အားလုံးရှင်းပြလိုက်တယ် . . ယွန်းလည်း ကိုဇော်နိုင်နဲ့ ပြဿနာအကြီးအကျယ် တက်ကြတယ်လို့ပြောတယ် . . သူက မင်းကို တောင်းပန်ချင်တယ်တဲ့"

လှဦး၏စကားတို့က ကြားတစ်ချက်မကြားတစ်ချက်။

"ငါ ရှက်တယ်ကွာ . . ."

"ဟာ . . ဘာရှက်စရာလိုလဲ . . လူဆိုတာအမှားမှ မကင်းတာ . . . .

ကိုယ့်ချစ်သူကို
ကိုယ်စကားတော
ဘာဖြစ်လဲ
. . ပြီးတော့
ဒီ အင်းလျား
ကန်ပေါင်လေး
. . ချစ်သူနယ်မြေ
. . .

ဇော် ဝင်း မြို့ မ စာ အုပ် တိုက်

www.burmeseclassic.com

www.burmeseclassic.com



မင်း သူ့အတွက် ချစ်လွန်းလို့ထူပူပြီး ဖြစ်သွားတဲ့ကိစ္စပဲ ဥစ္စာ . . . တမင်လုပ်တာမှ မဟုတ်တာ . . ."

ထွန်းမောင်က သူ့ကို နှစ်သိမ့်စကားဆိုသည်။

"ဟော . . . ပြောရင်းဆိုရင်း လာပါပြီ . . ."

လှဦး မေးငေါ့ပြရာဆီသို့ သူ ဖျတ်ခနဲ ကြည့်ဖြစ်သည်။

ယွန်းက ခေါင်းငုံ့ကာ တစ်လှမ်းချင်းလာနေသည်။

သူမဘေးမှ ဝါဝါနှင့်သင်းသင်းက 'OK' တယ်ဆိုသောသဘောဖြင့် ပြုံးစိစိနှင့် လက်မထောင်ပြသည်။

"ကဲ . . ကဲ ရင်ဖွင့်စရာရှိတာတွေ ရင်ဖွင့်ပြီး တောင်းပန်စရာရှိတာတွေ တောင်းပန် . . ကျေအေးစရာရှိတာလည်း ကျေအေးကြ . . . ငါတို့တေ . . . လျှောက်လိုက်ဦးမယ် . . ."

နေရာမှ သူတို့နှင့် . . . ည် ကျန်ရစ်ခဲ့သည်။

"ဘာစကားမှ မဆိုဖြစ်ကြ။

"ကိုယ် အားနာတယ် ယွန်း . . . ပြီးတော့ ယွန်းကို ပြောခဲ့မိတဲ့အတွက် . . . ကိုယ်တောင်းပန်ပါတယ် . . ."

"ဟာ . . . တောင်းပန်စရာမလိုပါဘူး . . . စိတ်ပူပြီး စိုးရိမ်လို့ပြောတဲ့စကားတွေအတွက် ယွန်းကတောင် ကျေးဇူးတင်ရဦးမယ် . . တောင်းပန်ချင်း တောင်းပန်ရင် ယွန်းကပဲ တောင်းပန်ရမှာ . ."

"ရပါတယ် . . . ကိုယ်က ယွန်းပြောသလို အရိုင်းအစိုင်းကောင်ပဲ ဥစ္စာ . . . ပါးအရိုက်ခံရတာတောင် နည်းသေးတယ် . ."

"ဘာလဲ . . ကိုတေဇက ယွန်းကို စိတ်ဆိုးလို့ရွဲ့နေတာလား"

"စိတ်မဆိုးပါဘူး . . တကယ်ကို အားနာတာပါ . . ပြီးတော့ ယွန်းကို ကိုယ်တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်နော် . . ."

"ဟင် . . . ဘယ်သွားမလို့လဲ . . ."

သူမက မော့ကြည့်ရင်း ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြေဦးတည့်ရာပေါ့ ယွန်းရယ် . . "

"ဒါဖြင့် ယွန်းလည်းလိုက်မယ် . . . "

ယွန်း၏စကားကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။

"ဘာလဲ ယွန်းက ကိုယ့်ကို ခနဲ့တာလား . . . . "

"မခနဲ့ပါဘူး . . ကိုယ့်ချစ်သူ သွားတဲ့နေရာ . . ကိုယ်လိုက်မယ်ပြောတာ . . . ခနဲ့တာမှ မဟုတ်တာ . . . "

ဘာရယ်မဟုတ် ကြားလိုက်ရသော စကားကြောင့် လှပ်ခနဲ သူ ရင်ခုန်သွားမိသည်။

"ယွန်း . . ယွန်း ဘယ်လိုပြောလိုက်တယ် . . . "

"သိဘူး . . . "

ရှက်ဝဲဝဲဖြစ်နေသော ယွန်းက 'သိဘူး' ဟု ဆိုရင်း ဆတ်ခနဲ လှည့်ကာသွားသည်။ သူ ဖျတ်ခနဲ ယွန်း၏လက်ကို ဖမ်းဆွဲထားဖြစ်သည်။

"ယွန်း ကိုယ့်ကို ချစ်သူလို့ပြောလိုက်တာလား . . . "

"ပြောမိလို့လား . . . "

သူမက ညစ်ကျယ်ကျယ်အမူအရာဖြင့် ခပ်ညစ်ညစ်ဆိုသည်။

"ကိုယ့်ကို အပျော်မကြံနဲ့နော် . . . "

မခနဲ့ပါဘူး . . . ကိုယ့်ချစ်သူ သွားတဲ့နေရာ . . . ကိုယ် လိုက်မယ်ပြောတာ . . . ခနဲ့တာမှ မဟုတ်တာ . . .



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ . . . ဘာ အပျော်မကြဲနဲ့လဲ . . ."

"ဟုတ်တယ်လေ . . စောစောကပဲ ကိုယ့်ချစ်သူလို့ပြောတာ ကိုယ့်နားနဲ့ဆတ်ဆတ်ကြားလိုက်ရရဲ့သားနဲ့ . . . ဝမ်းသာလိုက်တာ ယွန်းရယ် . . ."

ပြောပြောဆိုဆိုပင် သူ ယွန်းကို ဆတ်ခနဲ ဆွဲပွေ့ဖြစ်သည်။ သို့သော် ယွန်းက သူ့ကိုတွန်းကာထားသည်။

"လူတွေကြည့်နေတယ် . . ."

"ကြည့်ကြည့်ကွာ . . . ကိုယ့်ချစ်သူကို ကိုယ်ဖက်တာ ဘာဖြစ်လဲ . . .

ပြီးတော့ . . . ဒါ . . . အင်းလျားကန်ပေါင်လေ . . . ချစ်သူ့နယ်မြေ"

"ဘာ ချစ်သူ့နယ်မြေလဲ . . ."

ရုတ်တရက်ကြီး နောက်မှထွက်ပေါ်လာသော လူဦး၏အသံကြောင့် သူ လန့်ဖျပ်ကာ ယွန်းကို ဖက်ထားရာက လွှတ်မိသွားသည်။

ရှက်ဝဲဝဲဖြစ်နေသော သူနှင့်ယွန်းကိုကြည့်ကာ သင်းသင်းကပါ . . .

"ဘာ ချစ်သူ့နယ်မြေလဲ"

ဟု ဆိုသည်။

"မင်းတို့ကတော့လေ . . . တော်တော်လည်းရှုပ်တဲ့ ဆေးရိုးသည်စုတ်တွေပဲ . . ."

"အောင်မာမာ . . . ကြည့်စမ်း . . ကြည့်စမ်း . . . အခုမှ ကျေးဇူးတွေ ကမ်းနေတာ . . ."

ရှက်အမ်းအမ်းဖြင့်ဆိုသော သူ့စကားကြောင့် ထွဋ်မောင်တို့က သူ့ကို နားရင်းဝိုင်းအုပ်ကြသည်။

"အား . . . ဟကောင်တွေ တကယ်မလုပ်နဲ့လေကွာ . . .



www.burmeseclassic.com

www.burmeseclassic.com



ယွန်းရေ . . လုပ်ပါဦး . . ဒီမှာကိုယ့်ကို လူဆိုးတွေ ဝိုင်းရိုက်နေကြတယ် . . . "

ညှောင်နာနာအသံဖြင့် ဟာသဖောက်သော သူ့စကားကြောင့် ယွန်းက နှုတ်ခမ်းကို ကိုက်ကာ ရယ်သည်။

အင်းလျားကန်မှ လေညင်းတို့က ချစ်သူ၏ဆံနွယ်တို့ကို တိုးဝှေ့ကာ တိုက်ခတ်နေသည်။

လမ်းလျှောက်နေသူများကတော့ တဝါးဝါးဖြင့် ရယ်မောပျော်ရွှင်နေကြသော သူတို့အုပ်စုကို ကြည်နူးစွာကြည့်ကြည့်သွားကြသည်။

အခုတော့လည်း အင်းလျားကန်မှ လေညင်းတို့က ခါတိုင်းနှင့်မတူ လန်းဆန်းလတ်ဆတ်ကာနေသည်။

အခုတော့လည်း အင်းလျားကန်မှ လေညင်းတို့က ခါတိုင်းနှင့်မတူ လန်းဆန်း လတ်ဆတ်ကာ နေသည်။

သူ့ပခုံးထက်မှာ မှီနွဲ့ထားသော ချစ်သူက သူ့ဘေးမှာရှိနေခဲ့သည်မို့ အင်းလျားကန်မှ လေညင်းတို့က ခါတိုင်းထက် ပို၍ လန်းဆန်းနေခြင်းပဲ ဖြစ်မည်ထင်ပါသည်။

မှုန့်ညှိပိုင်မျှူးဒါယ်

www.burmeseclassic.com